၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်မှ စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်

TRANSCOM NEWS JOURNAL

အတွဲ (၉)၊ အမှတ် (၂၀)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်

ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား
စာ - ၁၆

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ
စာ - ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း
စာ - ၁၅

MyanmarSat-2 ဂြိုဟ်တုချန်နယ်များကို အရည်အသွေးကောင်းမွန်စွာ အသုံးပြုနိုင်ပြီ
စာ - ၁၇

၁၂ လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေ
စာ - ၁၇

Wilmar Myanmar မှ ဂျုံစက်ရုံ၊ စားသုံးဆီ ထုပ်ပိုးပြုလုပ်သည့် စက်ရုံနှင့်ဆန်စက်ရုံအား ပန္နက်ရိုက်ဖွင့်လှစ်
စာ - ၃

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် (၁၉) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး တက်ရောက်
စာ - ၁၈

သန်လျင်အမှတ် (၃) တံတား (ပဲခူးမြစ်ကူးတံတား) နှင့် ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကာလအတွင်း ရေလမ်းကြောင်းသတိပေးချက် ထုတ်ပြန်ထားရှိမှုဆိုင်ရာ အစည်းအဝေးကျင်းပ
စာ - ၁၈

မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်ခြင်းကိစ္စ
စာ - ၉

ဒလသင်္ဘောကျင်းကို ခေတ်မီသင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိ
စာ - ၅

(၂၃) ကြိမ်မြောက် အမျိုးသားအဆင့်မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ
စာ - ၅

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ကုန်မြစ်တွင်း ကုန်သေတ္တာပို့လုပ်ငန်းမှ တန်ချိန် (၁၈၀၀၀)ကျော် ပို့နိုင်သော်လည်း ယခင်နှစ်များထက်လျော့ကျ
စာ - ၆

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။



အယ်ဒီတာ့ အာဘော်

ပြည်သူ့အတွက် . . .

ပို့ ဆက် . . .

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်သူတစ်နည်းဆိုရသော် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လေကြောင်း၊ ရေကြောင်း၊ ယာဉ်ရထားတို့ဖြင့် သွားလာပို့ဆောင်နိုင်ရေးဖြည့်ဆည်းပေးလျက်ရှိသည်။ လေဆိပ်၊ ဘူတာရုံ၊ ဆိပ်ကမ်းဆိပ်ခံ၊ ရထားလမ်း(မြို့ပတ်/ရန်ကုန်မန္တလေး) များ အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ ပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျရှိရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ သက်ဝင်မှုနှုန်းရှင်းလင်းမှုများ ရှိစေရန် ဦးစီးဌာနများက ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စံနှုန်းသတ်မှတ်ချက်များနှင့် အညီ စိစစ်ဖြည့်ဆည်း၊ လေ့ကျင့်သင်ကြားဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်သွယ်ရေးကဏ္ဍတစ်ခေတ်ဆန်းစေခြင်းငှာ အဦးအစခြေလှမ်းအဖြစ် MyanmarSat-2 လွှတ်တင်ခဲ့ရာ လုပ်ငန်းများစတင်လည်ပတ်နေပြီဖြစ်သည်။ ဌာနဆိုင်ရာများသာမက ပြင်ပလုပ်ငန်းအဖွဲ့အစည်းများအတွက် ဖြည့်ဆည်းစွမ်းဆောင်နိုင်မှု မြှင့်တင်ပေးနေပြီဖြစ်သည်။ ဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းအသီးသီးမှ ဆိုင်ရာလုပ်ငန်းများတွင် အားငင်ဆောင်ယူအကောင်အထည်ဖော်မည့်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဥာဏ်အား မြှင့်တင်ဆောက်တည်ကြမည့် နိုင်ငံတော်၏အနာဂတ်ကို ထုဆစ်ပုံဖော်ကြမည့်သူများ လေ့ကျင့်သင်ကြား မျိုးဆက်သစ်များ မွေးဖွားပေးလျက်ရှိသည်။

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် e-Government လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာနှင့် ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများ မူဝါဒလုပ်ငန်းစဉ်တစ်ခုတည်းတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး စံနှုန်းနှင့် လုံခြုံမှုအဆင့်အတန်းကို ခိုင်မာစွာတည်ဆောက်ကာကွယ်နိုင်မည့် လုပ်ငန်းစဉ်ဖြစ်သည်။ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဟန်ချက်ညီတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဧန်နဝါရီလ (၂၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၈) ဖြင့် "e-Government ဦးဆောင်ကော်မတီ"ကို လုပ်ငန်းတာဝန် (၅)ရပ်ခွဲမှတ်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ် ဦးဆောင်၍လည်းကောင်း၊ "e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ"ကို လုပ်ငန်းတာဝန် (၅)ရပ်ခွဲမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ လည်းကောင်း ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့သည်။

ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်ကော်မတီက "e-ID စနစ် လုပ်ငန်းကော်မတီ" ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂) ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး "eID စနစ် လုပ်ငန်းကော်မတီ" အောက်တွင် ဆပ်ကော်မတီ (၆) ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးဆောင်ကြီးကြပ်မှုအဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့တွင်လည်း လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကိုဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ "အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" အောက်တွင်လည်း လိုအပ်သည့်ဆပ်ကော်မတီ (၈)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။ e-Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသောအချက် (၃)ချက်ဖြစ်သည့် "ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု" တို့ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်သည်။

e-ID လုပ်ငန်းနှင့် ဆက်စပ်ပြီး လိုအပ်မည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ Cyber Security Law ထုတ်ပြန်နိုင်ရေး၊ e-GIDC (e-Government Integrated Data Center) တည်ဆောက်ရေးစသည့်ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။ e-ID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး ပါက e-Government လုပ်ငန်းစဉ်များ၌ အကျိုးရှိရှိ ချိတ်ဆက်အသုံးချနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားသည့် ရှေ့ပြေးလုပ်ငန်းများဖြစ်သည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံရှိအစိုးရအဖွဲ့အစည်းများအသီးသီးမှ လွှင့်တင်ထားသော Website များ၊ e-Service များအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူလူထုသို့ ကောင်းမွန်သော Single Window ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံတော်အား ကိုယ်စားပြုသည့် Myanmar e-Government National Portal ကို လွှင့်တင်နိုင်ခဲ့သည်။ ထို့ပြင် ISO (International Standard Organization) အရ ကိုက်ညီသည့် မြန်မာ Unicode စံစနစ်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်ကစပြီး အစိုးရအဖွဲ့အစည်းအားလုံးက လည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်ကစပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လည်းကောင်း အသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ မြန်မာ Unicode စံစနစ်ကို အရှိန်အဟုန်မပြတ် ပြောင်းလဲအသုံးပြုနိုင်ရေးကို ဆက်လက်တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး အစိုးရ၏ ဝန်ဆောင်မှုများရရှိနိုင်ရန် အခွင့်အလမ်းအဖြစ် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် MyanmarSat-2 ကိုလည်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၇) ရက်က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်မှစပြီး အသုံးပြုနေကြပြီဖြစ်သည်။ ဆက်လက်၍ ကိုယ်ပိုင်ဂြိုဟ်တည်ဆောက်လွှတ်တင်ထိန်းချုပ်မောင်းနှင် လုပ်ငန်းစဉ်များအတွက် မျိုးဆက်သစ်များ၊ ပညာရှင်များ စုဖွဲ့လေ့ကျင့်တည်ဆောက်လျက်ရှိသည်။

အနှစ်ချုပ်ဆိုရသော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများစည်းလုံးနွေးထွေးစွာ ပူးပေါင်းတည်ဆောက်နိုင်ရေးအတွက် ဆက်သွယ်သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် နည်းပညာအသိပညာများ၊ ဥပဒေ၊ နည်းဥပဒေ အကာအကွယ်များအား တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဓလေဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

မိုးအခြေအနေနှင့်မိုးရွာရက်

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ညအပူချိန်

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် (၁.၅) ဒီဂရီစင်တီဂရိတ်ပိုနိုင်ပြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် (၁.၅) ဒီဂရီစင်တီဂရိတ် လျော့နည်းကာ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၇)ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၁)ရက်မှ (၄)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

မြစ်ရေအခြေအနေ

ရေဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁-ပေမှ ၂-ပေခန့် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပြီး၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဓလွန်မြို့တို့တွင် ၂-ပေမှ ၄-ပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္ဓီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုရွာမြို့တို့တွင် ၁-ပေမှ ၂-ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ငွေစက္ကူများကို အမြင်အာရုံမသန်စွမ်းသူများ လက်လှမ်းမီ အသုံးပြုနိုင်သည့် ပုံသဏ္ဌာန်ဖြင့် ထုတ်ဝေပေးနိုင်ရန် ဆွေးနွေး


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံမျက်မမြင်များအသင်းမှ တာဝန်ရှိသူများက နိုဝင်ဘာလ (၄) ရက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပါသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံမျက်မမြင်များအသင်းမှ တာဝန်ရှိသူများက နိုင်ငံတော်ကရိက်နှိပ်ထုတ်ဝေသောငွေစက္ကူများကို အမြင်အာရုံမသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သည့်ပုံသဏ္ဌာန်ဖြင့် ထုတ်ဝေပေးနိုင်ရန် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသောအနာဂတ်ကို မျှော်မှန်း၍ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများကို ဖော်ဆောင်ပေးရန် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းပြီး မဟာဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကဖွဲ့စည်းထားသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့် အဆင့်နှင့် မသန်စွမ်းအဖွဲ့အစည်းများပူးပေါင်း၍ မသန်စွမ်းသူများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုဆောင်ရွက်ပေးရန် စီမံချက်များ ရေးဆွဲဖော်ဆောင်ရန် မသန်စွမ်းအဖွဲ့အစည်းများက စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမျက်မမြင်များအသင်းဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် မသန်စွမ်းသူများအသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က နိုင်ငံတော်က စီမံဆောင်ရွက်ပေးစေလိုသည့်အချက်များ တင်ပြဆွေးနွေးရာတွင် လက်ရှိထုထောင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော မျက်မမြင်ကျောင်းများ၊ အဖွဲ့အစည်းများအား အသိအမှတ်ပြုသည့်လုပ်ထုံးလုပ်နည်းများတွင် ပိုမိုချောမွေ့စေရန် စီမံဆောင်ရွက်ပေးရေး၊ အမြင်အာရုံမသန်စွမ်းသူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး အထောက်အကူပြုစနစ်များ ထားရှိဆောင်ရွက်ရန်၊ နိုင်ငံတော်ကရိက်နှိပ်ထုတ်ဝေသောငွေစက္ကူများကို အမြင်အာရုံမသန်စွမ်းသူများ လက်လှမ်းမီအသုံးပြုနိုင်သည့်ပုံသဏ္ဌာန်ဖြင့် ထုတ်ဝေပေးနိုင်ရန် ကျောင်းသားကျောင်းသူများ ပညာဆည်းပူးရာတွင်လည်းကောင်း၊ စာမေးပွဲဖြေဆိုရာတွင်လည်းကောင်း ပိုမိုထိရောက်လွယ်ကူစေသည့်အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန်၊ အမြင်အာရုံမသန်စွမ်းသူများအတွက် Copy Right သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန်နှင့် အမြင်အာရုံမသန်စွမ်းသူများအတွက် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့အစည်းများ ရုံးပိုင်မြေနေရာရရှိစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန်တို့ကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး၊ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ES





Wilmar Myanmar မှ ဂျုံစက်ရုံ၊ စားသုံးဆီ ထုပ်ပိုးပြုလုပ်သည့် စက်ရုံနှင့်ဆန်စက်ရုံအား ပန္နက်ရိုက်ဖွင့်လှစ်

မြန်မာနိုင်ငံတွင်ပထမဦးဆုံးတစ်နေ့လျှင် ၄၆၀ မတ်ထရစ်တန် ထွက်သည့် စားသုံးဆီထုပ်ပိုးပြုလုပ်သည့်စက်ရုံနှင့် ၅၃၀ မတ်ထရစ်တန်ထွက် ဂျုံထုတ်လုပ်သည့်စက်ရုံအား သီလဝါတွင် Wilmar Myanmar မှ တရားဝင်ဖွင့်လှစ်ပြီဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ အကြီးဆုံးဖြစ်လာမည့် ခေတ်မီအဆင့်မြင့် ဆန်စက်ရုံဆောက်လုပ်ရန် မြေပန္နက်ရိုက်ဖွင့်ပွဲအခမ်းအနားကိုလည်း အောက်တိုဘာလ (၂၇)ရက်တွင် တစ်ပြိုင်နက်တည်းဆောင်ရွက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာနမှဝန်ကြီး ဦးဟံထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာနမှ ဝန်ကြီးဒေါ်မိုးမိုးစုကြည်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ ကိုယ်စားလှယ် Mr.David Liang တို့နှင့် အစိုးရဌာနဆိုင်ရာများ အပါအဝင် အခြားသော ပြည်တွင်းပြည်ပဧည့်သည် ၄၀၀ ကျော် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ တိုးပွားလာသော စားသုံးသူကိုအခြေခံ၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် စုပေါင်းလုပ်ဆောင်မှု၊ ကျွမ်းကျင်မှု၊ မျှတသောယှဉ်ပြိုင်မှုတို့ဖြင့် ဘက်ပေါင်းစုံပေါင်းစည်းထားသော ပုံပိုးမှုအင်္ဂါရုပ်တစ်ခုကိုဖော်ဆောင်ရန် Wilmar ၏ စီမံကိန်းများမှ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်လည်း သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုဇုန်၌ ဆိပ်ခံတံတားတစ်ခုအား လည်ပတ်လျက်ရှိပြီး Meizan သည် လက်ရှိမြန်မာနိုင်ငံတွင် အသိအမှတ်ပြုဆုတံဆိပ်ရရှိထားသော Wilmar Myanmar ၏ လူသိများသောစားသုံးကုန်တံဆိပ်တစ်ခုလည်းဖြစ်သည်။

Meizan ၏ စားသုံးဆီ၊ ဂျုံနှင့် သကြား စသည့်စားသုံးကုန်များသည် မြန်မာနိုင်ငံရှိ အိမ်တိုင်းအိမ်တိုင်းတွင် မရှိမဖြစ်အခြေခံစားသောက်ကုန်ပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။ ခေတ်မီတိုးတက်သောများပြားလာသော စျေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းရန် Wilmar Myanmar မှလည်း အရည်အသွေးပိုမိုကောင်းမွန်သော ထုတ်ကုန်များဖြစ်သည့် ကြက်သားရသာမှန့်၊ ဆန်နှင့် ဆော့စ်အချဉ်အမျိုးမျိုးတို့ကိုလည်း ဆက်လက်ထုတ်လုပ် မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ် အာရှတွင်ဦးဆောင်နေသော စိုက်ပျိုးရေးလုပ်ငန်းအုပ်စုကြီးတစ်ခုဖြစ်သော Wilmar International Limited ကို ၁၉၉၁ ခုနှစ်တွင် စင်ကာပူ၌စတင်ကာ ရုံးချုပ်အဖြစ် အခြေချတည်ထောင်ခဲ့ပါသည်။ Wilmar သည် စင်ကာပူအိတ်ချိန်းတွင် စျေးကွက်အရင်းအနှီးအရ အကြီးမားဆုံးကုမ္ပဏီကြီးများထဲတွင် အဆင့်သတ်မှတ်ခြင်းခံရသော ကုမ္ပဏီတစ်ခုဖြစ်သည်။

Wilmar Group ၏ စီးပွားရေးလုပ်ငန်းများတွင် ဆီအုန်းစိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်း၊ သကြားကြိတ်ခွဲခြင်းနှင့်သန့်စင်ခြင်း၊ အထူးဆီ၊ Oleo Chemical နှင့် ဇီဝလောင်စာဆီ၊ ဓါတ်မြေဩဇာ ကုန်ထုတ်လုပ်မှုတို့နှင့် အတူ ဂျုံနှင့်ဆန်စပါးစက်ရုံတို့လည်း ပါဝင်သည်။ Wilmar ၏ နည်းဗျူဟာသည် စိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချခြင်းမှစ၍ အမျိုးမျိုးသော နာမည်ရှိ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းအထိ စိုက်ပျိုးရေးအခြေပြု အခြေခံစားသုံးကုန်လုပ်ငန်း ဆက်စပ်တန်ဖိုးတစ်ခုလုံးကို အလုံးစုံခြုံငုံပေါင်းစပ်ထားသည့် စိုက်ပျိုးမွေးမြူရေးစံပြ ပုံစံတစ်ခုလည်းဖြစ်သည်။ ကမ္ဘာတစ်ဝှမ်း စက်ရုံ ၄၅၀ ကျော်ရှိပြီး တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားအပါအဝင် အခြားသော နိုင်ငံ (၅၀)ကျော်တွင် ခိုင်မာသည့် ကွန်ရက်ရှိသည်။ ထို့အပြင် နိုင်ငံအရပ်ရပ်တွင်အလုပ်သမားအင်အား (၉၀၀၀၀) ခန့် ခန့်အပ်ထားကြောင်း သိရသည်။

Transcom



ပို့ဆောင်ရေးသတင်းဂျာနယ်
TRANSCOM NEWS JOURNAL


စီမံခန့်ခွဲရေးအရာရှိ	ဦးနီအောင်
စာတည်းမှူးချုပ်	မောင်ကြင်နာ
အုပ်ချုပ်ရေးအရာရှိ	နေလင်း
ဒွေစာရင်းအရာရှိ	ကျော်သူရ
မျက်နှာဖုံးဒီဇိုင်း	ဝင်းထိုက်
စာမျက်နှာဒီဇိုင်း	နေလင်း၊ မြတ်ထူးဇော်၊ ဇင်ဘိုထွန်း
ကွန်ပျူတာ	ခိုင်ယုသွယ်၊ မေသဉ္ဇာဌေး၊ ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း
စာတည်း	တင်မောင်၊ အိမ်စည်
သတင်းထောက်	ဘုန်းပိုင်ဦး၊ စိုးသူ၊ ဇွဲထက်အောင်
သတင်း(ဆက်သွယ်ရေး)	လှမျိုး
သတင်း (ရထား)	အောင်ဆန်းဦး
စာပြင်	ဆုဆုစန္ဒီဇော်
ကာတွန်းသရုပ်ဖော်	တင်ယု
ထုတ်ဝေသူ	နီအောင် (၀၀၄၉၆)
ပုံနှိပ်	မင်းပြည့်စုံ (၀၀၁၀၃)
ဖြန့်ချိရေး	ကိုကိုမြတ်၊ ဘိုဘို
ရုံးအဖွဲ့	သဇင်ဖူး
ဓာတ်ပုံသတင်း	ညွှန့်လွင်

တိုက်တည်နေရာ

၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။

ဖုန်း ၀၁-၈၆၁၀၁၉၂
စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃

Email – thetransportnews@gmail.com
tcnj.transcomnews@gmail.com



ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ် တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာများအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက
ဖုန်း ၀၁-၈၆၁၀၁၉၂၊ ၀၉-၄၂၀၁၃၆၆၇

(၂၃) ကြိမ်မြောက် အမျိုးသားအဆင့်မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက်ဒေသတွင်းဘက်စုံသဘာဝဘေးကြိုတင် ကာကွယ်ရေးဗဟိုဌာန (Regional Integrated Multi-Hazards Early Warning System – RIMES) တို့ ပူးပေါင်း၍ (၂၃) ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ (၅) ရက်တွင် နေပြည်တော်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရှိ ဘက်စုံသဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးဗဟိုဌာန (Multihazards Early Warning Center) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုချိုရှိန်မှ အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် Regional Integrated Multi-Hazard Early Warning System (RIMES) မှ Cli- mate Risk Management Specialist, Ms. Carlyne Zanoria Yu မှ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်နေသော ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ အခြားဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံအခြေစိုက်ဒေသတွင်းဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်မှ ပြည်တွင်း/ပြည်ပပညာရှင်များ စုစုပေါင်း (၃၅)ဦးခန့်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၂၂)ကြိမ်မြောက် မုတ်သုံဖိုရမ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ၊ ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ မိုးရာသီကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များအား ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဆောင်းရာသီကာလအတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာခန့်မှန်းချက်များအား တင်ပြဆွေးနွေးခြင်း၊ ယခင်မှတ်တမ်းများ၊ လက်ရှိအခြေအနေများနှင့် ခန့်မှန်းချက်များအပေါ် အခြေခံသည့် ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဆောင်းရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုအခြေအနေများအား တင်ပြဆွေးနွေးခြင်း၊ အဖွဲ့အစည်းဆိုင်ရာနှင့် End User များအနေဖြင့် ထိခိုက်မှုအလားအလာအခြေအနေအပေါ် အခြေခံသည့် ရာသီအလိုက်ကြိုတင်ပြင်ဆင်မှုအစီအစဉ်များအား တင်ပြခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များကို အသုံးပြုသည့် Stakeholders များ၏ အကြံပြုချက်များအတိုင်း ပို့မိုကောင်းမွန်သည့် ခန့်မှန်းချက်များအား ထုတ်ပြန်ရာတွင် နည်းပညာအသုံးချမှုနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရန် မဟာဗျူဟာချမှတ်ခြင်း၊ အခြားသောသဘာဝဘေးများနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်များအား သက်ဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့များဖွဲ့၍ အသေးစိတ်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် အစည်းအဝေးပိတ်ပွဲအခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါမုတ်သုံဖိုရမ်ကို ၂၀၀၇ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် (၂)ကြိမ် ပုံမှန်ကျင်းပလာခဲ့ရာ ယခုအစည်းအဝေးသည် (၂၃)ကြိမ်မြောက်ဖြစ်သည်။

Transcom

စီမံကွပ်ကဲရေး၊ အခြေခံစာရေး၊ စက်ခေါင်းမောင်း၊ စာတိုက်မှူးနှင့်ဒွေစာရင်း သင်တန်းများ၏ သင်တန်းဖွင့်ပွဲကျင်းပ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမဆောင် နိုဝင်ဘာလ (၄) ရက်က စီမံကွပ်ကဲရေး (အခြားအဆင့်) သင်တန်းအမှတ်စဉ် (၆၈/၂၀၁၉)၊ အခြေခံစာရေး (ရုံးလုပ်ငန်း) သင်တန်းအမှတ်စဉ် (၆/၂၀၁၉)၊ စက်ခေါင်းမောင်း (ဥဇၨာသစ်လောင်း) သင်တန်းအမှတ်စဉ် (၂၃/၂၀၁၉) နှင့် စာတိုက်မှူးနှင့် စာတိုက်ဒွေစာရင်း သင်တန်းအမှတ်စဉ် (၁၁/၂၀၁၉) တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကို ဒုတိယကျောင်းအုပ်ကြီးက ရင်းနှီးပွင့်လင်းစွာ လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ၊ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြောင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

ခရီးသည်ဝန်ဆောင်မှုတိုးမြှင့်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် အောက်တိုဘာလ (၂၅)ရက်က ရထားသင်တန်းဌာနခွဲမှ ဖွင့်လှစ်သည့် ခရီးသည်ဝန်ဆောင်မှုတိုးမြှင့်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သင်တန်းဆင်းကျောင်းသား/သူများကို ပထမ၊ ဒုတိယ၊ တတိယ ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းသား/သူများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး သင်တန်းဆင်းပွဲအခမ်းအနားအား အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲကျင်းပ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ နိုဝင်ဘာလ ၈ ရက်က သင်ကြားလေ့ကျင့်ရေး (စာပေ) သင်တန်းဌာနခွဲမှ ဖွင့်လှစ်သည့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု (ကြီးကြပ်ရေးမှူး) သင်တန်းအမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။


အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများကို ဒုတိယညွှန်ကြားရေးမှူး ၁ (သလရ) က အောင်လက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စာအောင်မြင်ခဲ့ကြသူများကို ဒုတိယကျောင်းအုပ်ကြီးက ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဒုတိယကျောင်းအုပ်ကြီးက လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်းသိရှိရသည်။

လှမျိုး-ဆ.သ.ရ

ဒလသင်္ဘောကျင်းကို ခေတ်မီသင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိ



ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းခြောက်ခုအနက် ရှေးအကျဆုံးနှင့် လွန်းတင်ပြင်ဆင်မှုအများဆုံးဖြစ်သည့် ဒလသင်္ဘောကျင်းကို ခေတ်စနစ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသော ခေတ်မီသင်္ဘောကျင်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းအင်ဂျင်နီယာမှူးကြီး အက်စ်ကေ ဦးမြတ်သူကပြောသည်။

ဒလသင်္ဘောကျင်းသည် ဒုတိယကမ္ဘာစစ်အပြီး ၁၈၅၂ ခုနှစ်ခန့်က စတင်ခဲ့ကြောင်း၊ ထိုစဉ်က စကော့တလန်မှ သင်္ဘောအစိတ်အပိုင်းများသယ်ယူ၍ တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဂျပန်ခေတ်တွင် ရေငုတ်သင်္ဘောကိုပါ ပြုပြင်ပေးနိုင်သော သင်္ဘောကျင်းလည်းဖြစ်ခဲ့ကြောင်း၊ ပြည်သူပိုင်သိမ်းပြီးနောက် မဆလခေတ်တွင် ပြည်တွင်းကမ်းရိုးတန်းသွား သင်္ဘောများပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဌာနပိုင်သင်္ဘောစင်းရေ (၅၀၀)ခန့်ကို ဒလသင်္ဘောကျင်းတွင် လေအိတ်နည်းပညာ၊ လွန်းတင်လွန်းချခြင်းများနှင့် ရေလုံကျင်းများဖြင့် ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်က ပြည်တွင်းရေကြောင်းပိုင် ရေယာဉ်စင်းရေ (၁၂၀၀)ခန့်ရှိခဲ့ကြောင်း၊ သို့သော်လည်း ပုဂ္ဂလိကပိုင်သင်္ဘောများပါဆိုလျှင် စင်းရေ (၂၀,၀၀၀) ခန့်ရှိကြောင်း၊ တစ်နှိုင်ငံလုံးရှိ သင်္ဘောများကိုအချိန်တိုတိုဖြင့် ပြုပြင်ပေးနိုင်သည့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဒလသင်္ဘောကျင်းကို စွမ်းဆောင်ရည်မြင့်သော သင်္ဘောကျင်းအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒလသင်္ဘောကျင်းမှာ လေအိတ်နည်းပညာဖြင့် သင်္ဘောတွေပြုပြင်တည်ဆောက်လျက်ရှိတယ်။ ဒီနည်းစပေါ်တာကတော့ အမေရိက ကနေစပြီးပေါ်တယ်။ လေအိတ်နည်းပညာကိုတော့ နာဂစ်ဖြစ်ပြီးတော့ ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန အလုံသင်္ဘောကျင်းမှာ စပြီးစမ်းသပ်အသုံးပြုတယ်။ လေအိတ်နည်းလမ်းကတော့ ပိုင်တွေရိုက်စရာတော့မလိုဘူး။ သဲလေးလောက်ဖို့လိုက်ရင်ရတယ်။ နေရာမရွေးလုပ်ကိုင်ရပြီး လွယ်တော့လွယ်ကူတယ်။ စျေးကတော့ ပုံမှန်ဆွဲတင်ရတဲ့ စရိတ် (၃)သိန်းလောက်ပဲကုန်တဲ့အခါမှာ သူကတော့ ဆယ်ဆလောက် စရိတ်ကုန်ကျတယ်။ ယခုအချိန်မှာတော့ မြန်မာပြည်အနှံ့ သင်္ဘောကျင်းတွေ၊ ပုဂ္ဂလိကသင်္ဘောကျင်းတွေရောလေအိတ်နည်းပညာအသုံးပြုပြီး တည်ဆောက်လျက်ရှိတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်းအင်ဂျင်နီယာမှူးကြီး အက်စ်ကေ ဦးမြတ်သူကပြောသည်။

အဆိုပါလေအိတ်၏ အလျားမှာ ပေ ၃၀ မှ ပေ ၄၀ အထိရှည်လျားပြီး လေအိတ်ထဲသို့ လိုအပ်သော အနေအထား၊ သင်္ဘော၏အလေးချိန်အလိုက် လေထိုးထည့်၍အသုံးပြုနိုင်သော နည်းပညာဖြစ်ပြီး လေအိတ်၏ အမြင့်မှာ (၅)ပေခန့်စီရှိကြောင်း၊ ယင်းလေအိတ်နည်းပညာဖြင့် ပြုပြင်တည်ဆောက်နေသော သင်္ဘောများအားဆိုင်းကြိုးများ၊ ပိုင်တိုင်များနှင့် သစ်ပင်များ၌ ချည်နှောင်ကာ လွန်းတင်လွန်းချခြင်းများဖြင့် တည်ဆောက်လျက်ရှိကြောင်း ဒလသင်္ဘောကျင်းအဆင့်မြှင့်တင်ရာတွင် ပိုမိုလွယ်ကူပြီး စရိတ်စကနည်းပါးသော စွမ်းဆောင်ရည်မြင့်မားသည့် နည်းလမ်းများကိုပါထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒလသင်္ဘောကျင်းကို ရန်ကုန်-ဒလတံတားစီမံကိန်း ဒလမြို့သစ်စီမံကိန်းများနှင့်အတူ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာအောင် အဆင့်မြှင့်တင်သွားရန် စီစဉ်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ယခုအခါ နှစ်စဉ် သင်္ဘော (၆၀)ကျော်ကို ပြုပြင်ပေးနေသည့်အပြင် ကုန်စည်ပို့ဆောင်ရေးအတွက် အရေးပါသောတွဲနှင့် တွန်းသင်္ဘောသစ်များကိုပါ တာဝန်ယူတည်ဆောက်ပေးလျက်ရှိကြောင်းသိရသည်။ ဘုန်းပိုင်ဦး



MS Office Power Point 2010 Training သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းတွင် ဒေတာ၊ အချက်အလက်များကို ရုပ်ပုံကားချပ်များ Animation တို့ဖြင့် ရှင်းလင်းတင်ပြခြင်းနှင့် Presentation Slide များ လက်တွေ့လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော Microsoft Office Power Point 2010 Training အမှတ်စဉ် (၀၁၁၆/ ၀၁/၁၉-၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာလ (၈)ရက်၊ ညနေပိုင်းက နေပြည်တော်၊ ရုံးအမှတ် (၂) သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါသည်။

အဆိုပါ Microsoft Office Power Point 2010 Training အမှတ်စဉ် (၀၁၁၆/၀၁/၁၉-၂၀) သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၁၆) ခုမှ သင်တန်းသား (၃၇) ဦးတို့ တက်ရောက်ကြောင်းသိရသည်။

အဆိုပါသင်တန်းကို (၄-၁၁-၂၀၁၉)ရက်မှ (၈-၁၁-၂၀၁၉) ရက်အထိ (၅)ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းဆင်းပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ဒေါ်ခင်ဆွေဌေးနှင့် ဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်မှ သင်တန်းဆင်းအမှာစကားများနှင့် ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ
ITCS သင်တန်းကျောင်း

MMU နှင့် ဂျပန်နိုင်ငံ Solize Engineering Corporation တို့ ပညာရေးပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်ချုပ်ဆို




ဂျပန်နိုင်ငံ SOLIZE Corporation အနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသား/ကျောင်းသူများအား 3D CAD (CATIA – V5) ကိုအခြေခံ၍ ဒီဇိုင်းပုံစံများရေးဆွဲသည့် သင်တန်းအား ၂၀၁၉ ခုနှစ်အတွင်း ထပ်မံသင်ကြား ပို့ချပေးသွားနိုင်ရန်အတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် သက်တမ်းတိုးမြှင့်ချုပ်ဆိုပွဲ အခမ်းအနားကို နိုဝင်ဘာလ (၈)ရက်၊ နေ့လည်ပိုင်းတွင် ပါမောက္ခချုပ်ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

SOLIZE Corporation သည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် (၁-၁၁-၂၀၁၈) တွင်ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးထားခဲ့ပြီး ဂျပန်နိုင်ငံရှိ SOLIZE Corperation ရုံးချုပ်တွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းသား/ကျောင်းသူ (၉)ဦး ပထမအကြိမ်အဖြစ် အလုပ်ခန့်ထားခဲ့ပါသည်။

ထို့နောက် ၂၀၂၉ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၄)လတာကာလအတွင်း တက္ကသိုလ်မှ ဘွဲ့ရကျောင်းသား/ကျောင်းသူ (၃၈) ဦးအား 3D CAD (CATIA–V5) ကိုအခြေခံ၍ ဒီဇိုင်းပုံစံများရေးဆွဲသည့် အဆင့်မြင့်ပညာရပ်များကို ရန်ကုန်မြို့၌ သင်ကြားပေးခဲ့ပြီး ကျောင်းသား/ကျောင်းသူ(၁၀) ဦးအား ဂျပန်နိုင်ငံတွင် အလုပ်ခွင်ဝင်ရောက်ရန်အတွက် (၂၂-၉-၂၀၁၉) ရက်တွင် ဆက်လက်စေလွှတ်ပေးနိုင်ခဲ့ပြီး ကျန်သင်တန်းတက်ရောက်ပြီးသူများအား စေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရသည်။

Transcom



၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ကုန်မြစ်တွင်း ကုန်သေတ္တာပို့လုပ်ငန်းမှ တန်ချိန် (၁၈၀၀၀)ကျော် ပို့နိုင်သော်လည်း ယခင်နှစ်များထက်လျော့ကျ

ရန်ကုန်မြစ်တွင်း ကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို တိုးချဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၁၉) ခေါက်အထိပြေးဆွဲနိုင်ကာ ကုန်တန်ချိန် (၁၈၄၈၀) တန်ကို သီလဝါ MITT ဆိပ်ကမ်းမှ ရွှေပြည်သာဆိပ်ကမ်းအထိ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှသိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို တိုးချဲ့ပြေးဆွဲနိုင်ရန်အတွက် ဒလသင်္ဘောကျင်းတွင် ဘ-၈၀၉ တွဲယာဉ်ကို ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် ပုံစံပြုပြင်ပြောင်းလဲတည်ဆောက်ခဲ့ရာ ပြီးစီးသွားသဖြင့် ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစ၍ တွန်းရေယာဉ် ဆင်ဟိုင်း-၁ နှင့်အတူ ကုန်သေတ္တာတင်တွဲယာဉ် တ-၁၅၀၂ ဖြင့် (၁)စုံ၊ တွန်းရေယာဉ်ဆင်ဟိုင်း-၆ နှင့်အတူ ကုန်သေတ္တာတင်တွဲယာဉ် ဘ-၈၀၉ ဖြင့် (၁)စုံ၊ စုစုပေါင်း ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးယာဉ် (၂)စုံဖြင့် ထပ်မံအားဖြည့်၍ သီလဝါ MITT ဆိပ်ကမ်းမှ ရွှေပြည်သာဆိပ်ကမ်းခရီးစဉ်တွင် ပြေးဆွဲလျက်ရှိသည်။

ယခင်က ရန်ကုန်မြစ်တွင်း သီလဝါ MITT ဆိပ်ကမ်းမှ ရွှေပြည်သာဆိပ်ကမ်းတံတားများသို့ မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်မှ စတင်၍ တွန်းရေယာဉ် ဆင်ဟိုင်း-၆၊ တွန်းရေယာဉ်စောနန္ဒာနှင့် ကုန်သေတ္တာတင်တွဲယာဉ် တ-၁၅၀၂ တို့ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် (၈)ခေါက် ပြေးဆွဲခဲ့ပြီး ကုန်သေတ္တာ (၆၄၀)လုံး၊ တန်ချိန်အားဖြင့် (၆၄၀၀)တန်၊ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်တွင် (၂၁) ခေါက်၊ ကုန်သေတ္တာ (၆၄၀)လုံး၊ တန်ချိန်အားဖြင့် (၁၇၄၂၀)တန်၊ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် (ကာလတို) ၆ လတွင် (၅၄)ခေါက်၊ ကုန်သေတ္တာ (၅၂၂၄) လုံး၊ တန်ချိန်အားဖြင့် (၅၂၂၄၀) တန် ပို့ဆောင်ပေးနိုင်ခဲ့ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ပေးရသည့် ကုန်တန်ချိန်များ ယခင်နှစ်များထက်လျော့ကျခဲ့ကြောင်း သိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ကုန်စည်ပို့ဆောင်ရေးစံစနစ်အား သမားရိုးကျပို့ဆောင်မှုစနစ်မှ ကုန်သေတ္တာဖြင့်ပို့ဆောင်သည့် Containerization အဖြစ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု အထိုက်အလျောက်ပြေလည်ပြီး ကုန်သေတ္တာပိုင်ရှင်များ အကုန်ကျသက်သာစေရန်ရည်ရွယ်ကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရန်ကုန်မြစ်တွင်း ကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သိရသည်။

Transcom

အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်းဆင်းပွဲ နေပြည်တော်၌ ကျင်းပ



အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း အမှတ်စဉ် (၄၄/၂၀၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာလ (၂၆) ရက်က နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးအင်ဂျင်နီယာ သင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေး ဒုတိယအထွေထွေမန်နေဂျာဦးမောင်မောင်အောင်မှ "ခ"လိုင်စင်သက်တမ်းသုံးနှစ်ပြည့်ပြီး အသက် (၂၀)နှစ်အထက်ရှိသူ နိုင်ငံသားများအား အဆင့်မြင့်ယာဉ်ကြီးမောင်းနှင်ရာတွင် ဘေးကင်းလုံခြုံစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် အညီစနစ်တကျမောင်းနှင်နိုင်သော ယာဉ်မောင်းကောင်းများမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေးယာဉ်မောင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်ကြွယ်က အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာခြင်းဖြင့် ယာဉ်တိုက်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်းပြောပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆင့်မြင့် ယာဉ်ကြီးမောင်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေး ယာဉ်မောင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်ကြွယ်၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား (၃၂) ဦးတက်ရောက်ခဲ့ကြောင်းသိရသည်။

ဖွဲ့

ရေယာဉ်များဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ရေလမ်းသတိပေးချက် ထုတ်ပြန်

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁	ရောဝတီမြစ်	ဟသံတ	ပြည်	၅	၆
၂	″	ပြည်	မန္တလေး	၅	၀
၃	″	မန္တလေး	ကသာ	၄	၀
၄	″	ကသာ	ဗန်းမော်	၃	၉
၅	″	ဆင်ဘို	မြစ်ကြီးနား	၂	၆
၆	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇	″	မုံရွာ	ကလေး၀	၃	၃
၈	″	ကလေး၀	ဟုမ္မလင်း	၃	၀
၉	″	ဟုမ္မလင်း	ခန္ဓီး	၂	၆

ပြည်တွင်းမြစ်ကြောင်းရေလမ်းများတွင် ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်တွဲဆွဲရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နှစ်စဉ် နိဝင်ဘာလ (၁၅)ရက်မှ မေလ (၁၅)ရက်အတွင်း ရေနည်းကာလသတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးများကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်းကန့်သတ်ထားသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါဝန်တင်ရေစူးကန့်သတ်ချက်များကို ရေယာဉ်များလိုက်နာရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖို့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ရေလမ်းသတိပေးချက်ရိုးဆော်ထားကြောင်း သိရသည်။

Transcom

၂၀၁၉-၂၀၂၀ ပညာသင်နှစ်
Post Graduate Diploma in Transport and Logistics Management သင်တန်းအတွက် လူတွေ့စစ်ဆေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် Post Graduate Diploma in Transport and Logistics Management သင်တန်းသို့ တက်ရောက်မည့်သူများအား လူတွေ့စစ်ဆေးခြင်းကို (၅.၁၁.၂၀၁၉)ရက်မှ (၇.၁၁.၂၀၁၉)ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ Post Graduate Diploma in Transport and Logistics Management ၏ နံနက်ပိုင်းသင်တန်းသို့ တက်ရောက်ရန်လျှောက်ထားသူ (၄၁၁)ဦးဖြစ်ပြီး စုစုပေါင်းသင်တန်းသား (၄၁၁)ဦးတို့ လျှောက်ထားခဲ့ကြသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများအား ၂၀၀၇ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ (၁၁)ကြိမ်တိုင်တိုင် ဘွဲ့အပ်နှင်းပေးနိုင်ခဲ့ပြီး စုစုပေါင်း (၉၀၄)ဦးမွေးထုတ်ပေးနိုင်ခဲ့သည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဒီပလိုမာ (၁) နှစ်သင်တန်း (၃)ခုဖြစ်သည့် Shipping Management တွင် (၅၀)ဦး၊ Port Management တွင် (၅၀)ဦးနှင့် Transport and Logistics Management (TLM) နံနက်ပိုင်းသင်တန်းတွင် (၇၀)ဦးနှင့် ညနေပိုင်းသင်တန်းတွင် (၁၂၀)ဦး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

Transcom



MyanmarSat-2 ဂြိုဟ်တုချန်နယ်များကို အရည်အသွေးကောင်းမွန်စွာ အသုံးပြုနိုင်ပြီ



MyanmarSat-2 ၏ C-Band ဂြိုဟ်တုချန်နယ်များကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်မှ စတင်၍ အသုံးပြုနိုင်ခဲ့ပြီး Ku-Band ဂြိုဟ်တုချန်နယ်များကိုလည်း နိုဝင်ဘာလ (၇)ရက်မှစ၍ MyanmarSat-2 ပေါ်သို့ပြောင်းရွှေ့ရန် ဆောင်ရွက်လျက်ရှိသည်။

တိုးကြောင်ကလေးဂြိုဟ်တုစခန်းနှင့် သန်လျင်ဂြိုဟ်တုစခန်းတို့ကို Fiber ဆက်ကြောင်းဖြင့် ဆက်သွယ်ပြီး MPT ၏ Ku-Band မိုက်ခရိုးလ်ဆက်ကြောင်းများကို MyanmarSat-1b မှ MyanmarSat-2 ပေါ်သို့ ပြောင်းရွှေ့ရန် ဆောင်ရွက်လျက်ရှိသည်။

MyanmarSat-1a ဂြိုဟ်တု၏ တည်နေရာနှင့် MyanmarSat-2 ဂြိုဟ်တု၏တည်နေရာ တစ်ထပ်တည်းကျသဖြင့် C-Band ဂြိုဟ်တုချန်နယ်များကို ဦးစွာပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် MyanmarSat-1b ဂြိုဟ်တု၏ တည်နေရာနှင့် MyanmarSat-2 ဂြိုဟ်တု၏တည်နေရာမှာ ၂ ဒီဂရီကွာခြားသဖြင့် နယ်စခန်းရှိ ဂြိုဟ်တုတာမီနယ် (Terminal) များကို သွားရောက်ချိန်ညှိရမည်ဖြစ်ပြီး MPT ဂြိုဟ်တုစခန်း၏ Hub System များကိုလည်း ချိန်ညှိ (Configure) ရမည်ဖြစ်သည်။

သန်လျင်ဂြိုဟ်တုစခန်းမှလည်း ဂြိုဟ်တုချန်နယ် (Transponder) များကိုလည်း စောင့်ကြည့်ထိန်းညှိ (Monitoring and Control) စက်များဖြင့် စောင့်ကြည့် နေပြီဖြစ်သည်။

MyanmarSat-2 C-Band ဂြိုဟ်တုချန်နယ်များကို အရည်အသွေးစစ်ဆေးရာ ဂြိုဟ်တုမှ မြန်မာနိုင်ငံပေါ်သို့ကျရောက်သည့် လွှင့်အား EIRP (Effective Isotropic Radiated Power) မှာ MyanmarSat-1 တွင် (40.3 ~ 38.1) dbw ရရှိခဲ့ပြီး MyanmarSat-2 C-Band တွင် (50.8 ~ 48.6) dbw ရရှိသဖြင့် 10 db ပိုမို ရရှိသည်။

ထို့အတူ မြေပြင်စခန်း ဖမ်းယူရရှိမှု G/T မှာလည်း MyanmarSat-1 တွင် (-2.2 ~ -3.2) db/K ရရှိခဲ့ပြီး MyanmarSat-2 C-Band တွင် (10.2 ~ 8.6) db/K ရရှိသဖြင့် 12 db ပိုမို ရရှိပါသဖြင့် Terminal များ၏ ထုတ်လွှင့်စက် BUC (Block Up Converter) များကို ၁၅ ဆ လျှော့ချနိုင်သဖြင့် ကုန်ကျစရိတ်များ သက်သာနိုင်မည်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ဝင်းအောင် (အင်/ချုပ်) ITCS

မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ



မိုးလေဝသပညာရှင် ဦးထွန်းလွင်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် ညနေ(ဖ)နာရီ (၅၇)မိနစ်တွင် ဂရန်းဟန်သာဆေးရုံ အထူးကုဆောင်တွင် ဆေးကုသမှုခံယူစဉ် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် တိုင်းတာရေးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်တာဝန်ထမ်း ဆောင်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်တွင် ညွှန်ကြားရေးမှူးချုပ် (အကြံပေးအရာရှိ) ရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။


အငြိမ်းစားယူသည်မှ ကွယ်လွန်ချိန်အထိ ပြည်သူများအတွက် မိုးလေဝသဘာသာရပ်ဆိုင်ရာများ၊ ဟောပြောချက်များ၊ ထုတ်ပြန်ချက်များ၊ ဖြစ်ပေါ်ကြုံတွေ့ရသည့် ရာသီဥတုဆိုင်ရာသတိပေးချက်များ ထုတ်ပြန်ပေးခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မူမူသန်းနှင့် သမီးဒေါက်တာမြတ်စုထွန်းလွင်၊ သား မောင်ဇွဲမာန်ထွန်းလွင်နှင့် သမီး မစွမ်းရည်ထွန်းလွင်တို့ (သုဝဏ္ဏ၊ သံသုမာလမ်း (၂၄) ရပ်ကွက်တွင်)ကျန်ရစ်သည်။

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်



အမျိုးသားနေ့



အိမ်စည်

၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇-၁၈ တွင် ရန်ကုန်မြို့ ဂျူဗလီဟောဒ်၌ ကျင်းပသော ဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့့်၊ ရန်ကုန်တက္ကသိုလ် ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ကြောင်း ဆုံးဖြတ်၍ အတည်ပြုပေးခဲ့သည်။

တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်ဟုဆိုလျှင် အမျိုးသားနေ့ဟု အားလုံးသိထားကြပြီးဖြစ်သည်။ နယ်ချဲ့အစိုးရ၏ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်၍ သခင်ပညာ၊ အမျိုးသားပညာရေးကို တောင်းဆိုဖော်ပြသောတိုက်ပွဲဖြစ်၍ မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းတွင်အရေးပါသော လှုပ်ရှားမှုကြီးလည်း ဖြစ်သည်။

၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇-၁၈ တွင် ရန်ကုန်မြို့ ဂျူဗလီဟောဒ်၌ ကျင်းပသောဂျီစီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်၊ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ကြောင်းဆုံးဖြတ်၍ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ထိုနေ့သည် အုပ်ချုပ်သူ နယ်ချဲ့အင်္ဂလိပ်အစိုးရကို ထိထိရောက်ရောက် တော်လှန်သောနေ့၊ ရန်ကုန်တက္ကသိုလ် ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသားများ သပိတ်မှောက်သည့်နေ့၊ အမျိုးသားတော်လှန်ရေး စတင်သည့်နေ့ ဖြစ်ခြင်းတို့ကြောင့် အမျိုးသားနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ကြခြင်း ဖြစ်သည်။ ထိုနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရအပေါ် အောင်ပွဲခံသောနေ့ ဖြစ်၍ အမျိုးသားအောင်ပွဲနေ့ဟုလည်းခေါ်ကြသည်။ ရက်သတ်မှတ်ရာတွင်ပင် အမျိုးသားနေ့၏ အဓိပ္ပာယ်ပြည့်စုံပေါ်လွင်ပီပြင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သော အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာလ ၅ ရက်ဟု မသတ်မှတ်ဘဲ မြန်မာရက် ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ဟု တမင်သတ်မှတ်ပေးခဲ့ခြင်းလည်းဖြစ်ကြောင်းလေ့လာမှတ်သားခဲ့ရပါသည်။

အမျိုးသားနေ့၏အစမှာ နယ်ချဲ့လက်အောက်ခံကိုလိုနီဘဝသို့ ကျရောက်ခဲ့ရာမှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်)တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ဆန့်ကျင်ခဲ့သည်။

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီပညာရေးသည် ဗမာနိုင်ငံ၌ ၁၉၂၀ ပြည့်နှစ်အထိ ယင်းတို့အတွက် အခိုင်းအစေကျိုးရှိသော မြန်မာလူငယ်များကို ကျွန်ပညာသင်ပေးရန်သာ အဓိကဖြစ်သည်။ ထိုစဉ်က အမြင့်ဆုံးပညာသင်ကြားရာ ယူနီဗာစီတီခေါ် တက္ကသိုလ်ကျောင်းမရှိသေးပေ။ ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယခင်ယုဒသန် ကောလိပ်) ကောလိပ်သာရှိ၍ ယင်းတို့မှာ ကလကတ္တားယူနီဗာစီတီ၏ လက်အောက်ခံကောလိပ် ကျောင်းခွဲမျှသာဖြစ်သည်။ သင်ရိုးညွှန်းတမ်းများမှာလည်း ကလကတ္တား ယူနီဗာစီတီမှ ချမှတ်ပေးသည့်အတိုင်း သင်ကြားပေးခြင်းဖြစ်သည်။ စာမေးပွဲများကိုလည်း ကလကတ္တားယူနီဗာစီတီမှ ဦးစီးစီမံကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း ကလကတ္တားတွင်မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေဆိုကြရသည်။

ဝိုင်အမ်ဘီအေက ဗမာပြည်တွင်ယူနီဗာစီတီ (တက္ကသိုလ်) သီးခြားရှိရမည်ဟု လှုံ့ဆော်ကြွေးကြော် တိုက်တွန်းပေါင်းများသော် ဗမာပြည်အစိုးရသည် ပညာမင်းကြီး မစ္စတာမက်သယူးဟန်တား (Mr. Mathew Hunter) ဦးစီးသည့် ယူနီဗာစီတီအက် ဥပဒေရေးဆွဲရေး ကျွမ်းကျင်သည့် ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းလိုက်သည်။ ကော်မတီဝင် ဦးရေ ၃၀ နီးပါးမျှရှိ၍ ဝိုင်အမ်ဘီအေမှ ဝတ်လုံတော်ရ ဦးမေအောင်၊ ဦးမောင်ကြီး (အမ်အေ)၊ ဦးဘဖေ (ဘီအေ)၊ ဦးကွမ်း (ဘီအေ)ပုသိမ်၊ ဦးဘလှိုင် (ဘီအေ)နှင့် ဦးအမ် အမ်အုံးခိုင်တို့ ခြောက်ဦးသာပါသည်။ ဝိုင်အမ်ဘီအေ ကိုယ်စားလှယ်များက ဝိဇ္ဇာသိပ္ပံပညာရပ်များအားပေးသည့် ကောလိပ်ပေါင်းများစွာ ဆက်သွယ်နိုင်သည့် ယူနီဗာစီတီ(တက္ကသိုလ်) ကို ထောက်ခံသော်လည်း မစ္စတာမက်သယူးဟန်တား ဦးဆောင်သောကော်မတီအများစုက လက်တွေ့မပါစာပေပညာဆန်သည့် ဘာသာရပ်များကို အဓိကထားသည့် တစ်ခုတည်းသော ကောလိပ်ပါဝင်သည့် သိပ္ပံယူနီဗာစီတီ တည်ဆောက်ရန် တက္ကသိုလ်ဥပဒေတစ်ရပ်ကိုသာ ရေးဆွဲပြီး၊ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တင်သွင်းဥပဒေပြုစေခဲ့သည်။

ယူနီဗာစီတီဟူ၍ ဗမာနိုင်ငံတွင် ဤတစ်ကျောင်းသာရှိရမည်၊ ယင်းယူနီဗာစီတီ၏ အောက်တွင်လည်း ကောလိပ်တစ်ကျောင်းသာရှိရမည်၊ ယင်းကောလိပ်နှင့် တက္ကသိုလ်တည်ရာသည်လည်း ရန်ကုန်တွင်သာဖြစ်ရမည် စသည့်ကန့်သတ်ချက်များကို လည်းကောင်း ယူနီဗာစီတီနှင့် ကောလိပ်သို့ဝင်ရောက်သင်ကြားရမည့် သူများ၏ အရည်အချင်းများတွင် ကျောင်းအိပ်ကျောင်းစားများသာ ဖြစ်စေရမည်ကိုလည်းကောင်း စသည်ဖြင့် မလိုလားအပ်သည့် ကန့်သတ်ချုပ်ချယ်ချက်ပေါင်းများစွာပါဝင်နေသော အက်ဥပဒေဖြစ်သည်။ ထို့ကြောင့်လည်း ဥပဒေကြမ်းထွက်လာသည်နှင့် တစ်ပြိုင်နက် သတင်းစာတို့က ပြင်းထန်စွာပြစ်တင်ဝေဖန်ကြသည်။ ဆောင်းပါးရှင်များစွာတို့ကလည်း ကန့်ကွက်ရေးသားကြသည်။ ကျောင်းသားမိဘများကလည်း မကျေမနပ်ဖြစ်လာကြသည်။

ထိုသို့ပြင်းထန်စွာကန့်ကွက်ကြသော်လည်း ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်တွင် ဗမာနိုင်ငံ ဒုတိယဘုရင်ခံ [ဆာရယ်ဂျိနယ် ကရက်ဒေါက်] (Sir Reginald Craddock) သည် ထိုယူနီဗာစီတီ အက်ဥပဒေကို အတည်ပြုလိုက်သည်။ ဤသို့ ဗမာကျောင်းသားကြီးများနှင့်ဗမာပြည်သူတို့၏ ဆန္ဒကို ဆန့်ကျင်ပြဋ္ဌာန်းအတည်ပြုလိုက်သော အင်္ဂလိပ်နယ်ချဲ့အစိုးရ၏လုပ်ပုံကို ရန်ကုန်တွင် သာမက မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေစသော မြို့ကြီးများ၌ လူထုအစည်းအဝေးများခေါ်ကာ ကန့်ကွက်ကြလေသည်။ သို့သော်ဘုရင်ခံ ကရက်ဒေါက်သည် ဗမာလူထု၏ လှုပ်ရှားကန့်ကွက်မှုကို ဂရုမစိုက်ပဲ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ထိုယူနီဗာစီတီ အက်ဥပဒေနှင့်အညီ ရန်ကုန်ကောလိပ်အား ယူနီဗာစီတီအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်တော့မည်ဟု ကြေညာလိုက်သည်။

ကောလိပ် ကျောင်းသားများကလည်း ၎င်းတို့ကျောင်းသားများထဲမှ သံတွဲကိုဘဦးကို ခေါင်းဆောင်အဖြစ် တင်မြှောက်ကာ စည်းဝေးကန့်ကွက်လာကြသည်။ ထိုအခါ မူလကြေညာထားသော ယူနီဗာစီတီဖွင့်ပွဲကို ဘုရင်ခံသည် ရက်ပြောင်း၍ ဒီဇင်ဘာလ ၇ ရက်သို့ ရွှေ့လိုက်လေသည်။

၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၃ ရက် (တန်ဆောင်မုန်းလဆုတ် ၈ ရက် သီပေါဘုရင် ပါတော်မူနေ့) နံနက် ၁၁ နာရီအချိန် ကောလိပ်ကျောင်းသားကြီး (၁၁) ဦးသည် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့် (စနေထောင့်) ဗောဓိပင်အရှေ့တွင် လျှို့ဝှက်စုဝေးဆွေးနွေးပွဲတစ်ရပ်ကို ရှစ်နာရီမျှ ကြာအောင်ပြုလုပ်၍ ကောလိပ်ကျောင်းသားများ သပိတ်မှောက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ အဖွဲ့ဝင်(၁၁)ဦးပါ အမြုတေသပိတ်ကော်မတီကို ဖွဲ့စည်းကြသည်။ အဆိုပါ ကျောင်းသားများမှာဘီအေ အထက်တန်းမှ ကိုဘဦး၊ ကိုအေး၊ ကိုလှတင်၊ ဘီအက်စီ အထက်တန်းမှကိုဘရှင်၊ ကိုညီပိတ်၊ အထက်တန်းမှ ကိုဖိုးကွန်း၊ အိုင်အေအထက်တန်းမှ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်၊ ကိုဘခင်နှင့် ကိုအောင်ဒင်တို့ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်မှ ကျောင်းသား ၄၀၀ ကျော်သည် ဒီဇင်ဘာလ ၄ရက်ညနေ ၅နာရီတွင် ဗဟန်းဦးအရိယကျောင်းတိုက်၌ တက္ကသိုလ်ဥပဒေတိုက်ဖျက်ရေးအတွက် အားလုံးသဘောတူ သပိတ်မှောက်ကြမည်ဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။ ဒီဇင်ဘာလ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်) တွင် ကျောင်းသား၊ ကျောင်းသူများ ထပ်မံစုဝေး၍ ယူနီဗာစီတီ အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း

စာ- ၂၀ »

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

မြန်မာရေကြောင်းညီလာခံ ကျင်းပ



မြန်မာနိုင်ငံတော်၏ ကုန်သွယ်ရေကြောင်းအခန်းကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်ရေကြောင်း အင်အားကြီးနိုင်ငံတော်ဖြစ်လာစေရန်ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရေကြောင်းအတတ်ပညာရှင်များအသင်း၏ အစီအစဉ်ဖြင့် မြန်မာရေကြောင်းကွန်ဖရင့်ကို နိုဝင်ဘာလ (၆)ရက်နှင့် (၇)ရက်များတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသွားခဲ့ပါသည်။

ကုန်သွယ်ရေကြောင်းနှင့်သက်ဆိုင်သော ဥပဒေပြုရေးအပိုင်းများ၊ စီးပွားရေးနှင့်ပတ်သက်သောအပိုင်းများ၊ သဘော်တည်ဆောက်ရေးအပိုင်းများ၊ အဏ္ဏဝါဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သောအပိုင်းများအပြင် ကုန်သွယ်ရေကြောင်းနှင့်ပတ်သက်သော လုပ်ငန်းခွင်များတွင် မြန်မာနိုင်ငံသားများ ပိုမို၍အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာရေးအပိုင်းများကို ဦးတည်ဆွေးနွေးခဲ့သည့် စုံညီတွေ့ဆုံကွန်ဖရင့်တစ်ခုဖြစ်ပါသည်။ ယင်းကွန်ဖရင့်တွင်တင်ပြခဲ့သည့် ဆိပ်ကမ်းများဖွံ့ဖြိုးတိုးတက်ရေးအပိုင်း၊ အဏ္ဏဝါဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းအခြေပြများ ကမ္ဘာ့ရေကြောင်းအဖွဲ့ချုပ်ကြီး လုပ်ငန်းရည်မှန်းချက်ဖြစ်သော အမျိုးသမီးများ ရေကြောင်းလောကတွင်ပါဝင်လာရေးအတွက် မြန်မာနိုင်ငံတွင် ကြိုးပမ်းနေမှုများ၊ ရေကြောင်းသွားလာရေးဆိုင်ရာပညာရပ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ ပြင်ဆင်ချက်များ၊ ရေကြောင်းအလုပ်အကိုင်များနှင့် သက်ဆိုင်သည့် ကျန်းမာရေးဆိုင်ရာနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သုတေသနစာတမ်းများ ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အစိုးရအဖွဲ့အစည်းများစွာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမ များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စီးပွား ရေးလုပ်ငန်းရှင်များအပြင် နိုင်ငံတကာမှပညာရှင်များစွာနှင့် လုပ်ငန်းရှင်များစွာတက်ရောက်ခဲ့သည့် ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် ကွန်ဖရင့်ကြီးဖြစ်သည့် အတွက် လက်ရှိကုန်သွယ်ရေကြောင်းနှင့် ဆက်စပ်နေသော လုပ်ငန်းရှင်ကြီးများ၊ စိတ်ပါဝင်စားသူများအတွက် မိတ်ဆွေသစ်များရရှိခဲ့သော၊ ဗဟုသုတများစွာ အသိပညာများရရှိခဲ့သော အထူးအခွင့်အရေးကောင်းရခဲ့သည့် ကွန်ဖရင့်ကြီးဖြစ်ခဲ့သည့်အပြင်၊ ပို၍ထူးခြားသည်မှာ နိုင်ငံတကာရေကြောင်းဆိုင်ရာ၊ ငါးဖမ်းလုပ်ငန်းဆိုင်ရာ၊ ရေနံထုတ်လုပ်ရေးဆိုင်ရာပြပွဲကြီး (Myanmex2019, Oil & Gas 2019) နှင့်တွဲဖက်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းကွန်ဖရင့်နှင့် တွဲဖက်ကျင်းပသည့် ရေကြောင်းပြပွဲတွင် ပြခန်းပေါင်း ၅၀ ကျော်ကို ပြသခဲ့ကြောင်း သိရသည်။

Transcom

အခြေခံလုပ်ခလစာ မြင့်တက်လာမှုကြောင့် ထိုင်းနိုင်ငံမှ လုပ်ငန်းတစ်ချို့ မြန်မာဘက်ရွှေ့ရန် စီစဉ်နေ

ထိုင်းနိုင်ငံတွင် လက်ရှိသတ်မှတ်ထားသည့် အခြေခံလုပ်ခလစာနှုန်းထား မြင့်တက်လာမှုကြောင့် ထိုင်းနိုင်ငံတွင်ရှိသော လုပ်ငန်းတစ်ချို့ မြန်မာနိုင်ငံဘက်သို့ရွှေ့ရန် စီစဉ်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ထိုင်းနိုင်ငံတွင် အခြေခံသတ်မှတ်ထားသည့်လုပ်ခလစာမှာ တစ်ရက်လျှင် ဘတ် (၄၀၀)နှုန်း (မြန်မာငွေ ကျပ် ၂ သောင်းခန့်)ရှိပြီး မြန်မာနိုင်ငံတွင် သတ်မှတ်ထားသည့် အခြေခံလုပ်ခလစာမှာ တစ်ရက်လျှင်(၄၈၀၀) ကျပ်သာရှိကြောင်း သိရသည်။

"ထိုင်းနိုင်ငံအတွင်းမှာရှိနေတဲ့ လုပ်ငန်းတွေရဲ့ လုပ်ခလစာကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံဘက်ကို ရွှေ့မယ်လို့လာပြီး ဆွေးနွေးညှိနှိုင်း တာတွေရှိပါတယ်။ ဒီလိုပဲ တဖြည်းဖြည်းဝင်လာတာတွေရှိပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် မှပြောသည်။

ထို့ပြင် ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းလာမည့်အခြေအနေအသေးစိတ်အား မပြောပြနိုင်သေးသော်လည်း LED မီးသီးထုတ်လုပ်သည့်လုပ်ငန်း၊ ကာယအပိုပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းနှင့် ကားအလှပြင်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများမှ ရွှေ့ပြောင်းရန် လာရောက်ဆွေးနွေးထားကြောင်း ဦးသန့်စင်လွင်ထံမှ သိရသည်။

ထိုင်းနိုင်ငံ AMATA ကုမ္ပဏီအနေဖြင့် ရန်ကုန်မြို့ရှိ ဒဂုံအရှေ့ပိုင်းနှင့် တောင်ပိုင်းမှ မြေကေ(၂၀၀၀) အကျယ်အဝန်းမှာ SMART and ECO CITY လာရောက်တည်ဆောက်ရန်ရှိနေပြီး အဆိုပါနေရာတွင်ထိုင်းမှလုပ်ငန်းတွေ လာရောက်ရွှေ့ပြောင်းလာရန်စီစဉ်လျက်ရှိကာ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများထဲမှ ထိုင်းနိုင်ငံသည် အဆင့် (၃)နေရာတွင်ရှိကြောင်းနှင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၁)ဘီလီယံကျော်ရှိကြောင်း သိရသည်။

စိတ်ထက် ၊ ဇွဲ



မိုးလေဝသ အဆင့် (၁) သင်တန်းဖွင့်လှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနဏ၏ မိုးလေဝသ အဆင့် (၁)သင်တန်းအား ရန်ကုန်မြို့အောက်မြန်မာပြည်ဌာနခွဲမှ ကြီးမှူး၍ (၅.၁၁.၂၀၁၉)မှ (၆.၁၂.၂၀၁၉) ရက်အထိ (၁)လအကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြန်မာတစ်ပြည်လုံးရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသူ၊ သင်တန်းသား (၅၆)ဦး တက်ရောက်လျက်ရှိပြီး မိုးလေဝသအဆင့် (၁)သင်တန်းမှာ မိုးလေဝသဆိုင်ရာ အချက်အလက်များကိုအခြေခံ၍ တိုင်းတာရေးလုပ်ငန်းများ၏ အရေးပါပုံနှင့် ခန့်မှန်းရေးလုပ်ငန်းများကို နားလည်ကာ အထောက်အကူပြုပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

မိုးလေဝသဆိုင်ရာ ကျွမ်းကျင်မှု အဆင့် (၁)ဖြစ်သည့် အားလျော်စွာ သင်တန်းသားများအနေဖြင့် မိုးလေဝသတိုင်းတာရေးလုပ်ငန်းအတွက် လိုအပ်သောအချက်အလက်များ စုဆောင်းခြင်းနှင့် လုပ်ငန်းများ၏သဘောတရားများကို သိရှိနားလည်၍ တိုင်းတာရေးတာဝန်များကို ထမ်းဆောင်လာနိုင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးလေဝသအဆင့် (၂)သင်တန်းအား အထက်မြန်မာပြည်ရုံးခွဲမန္တလေးမြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မိုးလေဝသအဆင့် (၁) သင်တန်းတွင် လေထုဖိအား တိုင်းထွာခြင်း၊ အပူချိန်တိုင်းထွာခြင်း၊ စိုထိုင်းမှုတိုင်းထွာခြင်း၊ မြေပြင်လေတိုင်းထွာခြင်း၊ မိုးရေချိန်တိုင်းထွာခြင်း၊ နေ့အပူချိန်နှင့် နေရောင်ခြည်ဖြာထွက်ခြင်းပြင်းအား တိုင်းထွာခြင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတု၊ တိမ်များ၊ တစ်ပြိုင်နက်မိုးလေဝသပညာ၊ အပူပိုင်းမိုးလေဝသပညာ၊ အယ်နီညို/လာနီညာ၊ မိုးခေါင်မှု စသည့်သင်ခန်းစာများပို့ချသင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

ဇွဲ

မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်ခြင်းကိစ္စ

၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ (စကလက) အခွန်ကို ၃% သို့ လျှော့ချပေးထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ယာဉ်ပိုင်ရှင်တိုင်း မိမိအမည်၊ နေရပ်လိပ်စာမှန်ကန်စွာ ပြောင်းလဲမှတ်တမ်းတင်နိုင်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောယာဉ်များသည် ဥပဒေနှင့်ညီသော၊ စည်းကမ်းစနစ်တကျရှိသော ယာဉ်များဖြစ်စေရေး၊ ယာဉ်ပိုင်ရှင်မှန်ကန်စေရေးနှင့် နေရပ်လိပ်စာမှန်ကန်ရေးသည် အရေးပါသောကဏ္ဍတစ်ရပ်တွင် ပါဝင်နေပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လုပ်ထုံးလုပ်နည်းများအရ လွယ်ကူရှင်းလင်းစွာဆောင်ရွက်နိုင်သော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနက ဝယ်ယူခွန်ပေးဆောင်ပြီးမှ အမည်ပြောင်းပေးစေလိုခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရက တိုင်းအတွင်းနယ်ဝင်ခွင့်မပြုရန် ညှိနှိုင်းထားခြင်းတို့ကြောင့် ယခုကဲ့သို့ ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှစတင်၍ ယာဉ်ပိုင်ရှင်အမည်၊ နေရပ်မှန်ကန်မှသာ ယာဉ်မှတ်ပုံတင် သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးပါမည်။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ဝင်ငွေခွန်ပေးဆောင်ပြီး အမည်ပြောင်းရန် ယခုလာရောက်ဆောင်ရွက်လိုပါက လည်း ရုံးအဓိန်၊ ညွှန်ကြားချက် -၁၂/၁၉ အရ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများမှ လက်ခံစိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ယာဉ်ပိုင်ရှင်အဖြစ် မှန်ကန်စွာမှတ်တမ်းတင်ထားခြင်းမရှိသူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန်ရှင်းလင်းပြီးပုံစံနှင့် အောက်ပါအထောက်အထားများတင်ပြပါက အမည်ပြောင်းခ (၅၀၀၀) ကောက်ခံ၍ ဆောင်ရွက်ပေးပါမည်-

ပိုင်ရှင်ကိုယ်တိုင်ဆောင်ရွက်လျှင် နိုင်ငံသားစိစစ်ရေးကတ် (မူရင်း၊ မိတ္တူ)၊ အရောင်းအဝယ်စာချုပ် (မူရင်း၊ မိတ္တူ)

မိသားစုဝင်မှ ကိုယ်စားဆောင်ရွက်လျှင် နိုင်ငံသားစိစစ်ရေးကတ် (မူရင်း၊ မိတ္တူ)၊ အိမ်ထောင်စုစာရင်း (ပုံစံ-၁၀) (မူရင်း၊ မိတ္တူ)၊ အရောင်းအဝယ်စာချုပ် (မူရင်း၊ မိတ္တူ)၊ လာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကတ် (မူရင်း၊ မိတ္တူ)၊

ပိုင်ရှင်အမည်၊ လိပ်စာမှန်ကန်ရေး အဓိကဆောင်ရွက်ခြင်းဖြစ်၍ ကိုယ်စားလှယ်လွှဲစာ (General Power /Special Power) တို့ဖြင့် ဆောင်ရွက်ခြင်းခွင့်မပြုပါ။

ရန်ကုန်မှတ်ပုံတင်ကားကို ဝယ်ယူထားသော ရန်ကုန်နေသူများ အမည်ပြောင်းပါက ပုံမှန်အတိုင်းရန်ကုန်တိုင်းအတွင်း နယ်ဝင်/နယ်ထွက် ဆောင်ရွက်ပေးပါမည်။

ရန်ကုန်မှတ်ပုံတင်ကားကို ဝယ်ယူထားသော အခြားတိုင်းဒေသကြီး/ပြည်နယ်တွင်နေထိုင်သူများ အမည်ပြောင်းပါက ပို့ဆောင်ရေးအမည်၊ နယ်နေရပ်လိပ်စာအတိုင်းပြောင်းလဲမှတ်တမ်းတင်ပေးပြီး နယ်ဝင်/နယ်ထွက် ဆောင်ရွက်ပေးပါမည်။ သို့သော်ပို့ဆောင်ရေးက YGN ဒေသ Code ဖြင့် ဆက်လက်ထားရှိလိုလျှင် အမည်၊ လိပ်စာကိုသာ ပြောင်းလဲမှတ်တမ်းတင်ပေးပြီး ဒေသ Code ကို မူလအတိုင်းဆက်လက်ထားရှိခွင့် ပြုမည်ဖြစ်သောကြောင့် နောင်သက်တမ်းတိုးဆောင်ရွက်ပါက ယခင်မှတ်ပုံတင် ရန်ကုန်ရုံးတွင်သာ ဆက်လက်ဆောင်ရွက်ပေးပါမည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နယ်ဝင်ခွင့်ပြုသည့်အချိန်မှာတော့ မူလနေထိုင်ရာ နယ်လိပ်စာသို့ အမှန်ပြင်ရပါမည်။

အခြားတိုင်းဒေသကြီး/ပြည်နယ် မှတ်ပုံတင်ယာဉ်ကိုဝယ်ယူထားသော ရန်ကုန်နေသူများ အမည်ပြောင်းပါက ပို့ဆောင်ရေးအမည် နေရပ်လိပ်စာအမှန်ကို ပြောင်းလဲမှတ်တမ်းတင်ပေးပါမည်။ ယခင်ဒေသ Code ဖြင့် ယခင်မှတ်ပုံတင်ရုံးခွဲသာ သက်တမ်းတိုးဆောင်ရွက်ပေးမည်။ (YGN သို့ နယ်ဝင်ခွင့် ပြန်လည်ခွင့်ပြုချိန်တွင် ရန်ကုန်ရုံးသို့ နယ်ဝင်ခွင့်ပြုမည်။)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့သော ရာသက်ပန် Taxi (AA, BB) ယာဉ်များကို လက်ဝယ်ရှိသူ ယာဉ်ပိုင်ရှင်အမည်၊ လိပ်စာပြောင်းဆောင်ရွက်ပေးပါမည်။ ယခင်ဒေသ Code ဖြင့် ယခင်မှတ်ပုံတင်ရုံးခွဲသာ သက်တမ်းတိုးဆောင်ရွက်ပေးပါမည်။

အမည်ပြောင်းလျှင် ယာဉ်မှတ်ပုံတင်သက်တမ်းရှိပါက ယာဉ်စစ်ဆေးခံရန်မလိုပါ။

စက်ပြောင်းလဲခြင်း၊ ဆေးရောင်ပြောင်းလဲခြင်းအတွက် သီးသန့်ယာဉ်စစ်ဆေးခံမည့် ယာဉ်များနှင့် ယာဉ်မှန်/မမှန် စစ်ဆေးမည့်ယာဉ်များကို အမည်ပြောင်းရမည်ဟု သတ်မှတ်မထားဘဲ ယာဉ်စစ်ဆေးပြီး မှန်ကန်၍ အရောင်းအဝယ်ပြုလုပ်သောယာဉ်များသာ အမည်ပြောင်းဆောင်ရွက်ရပါမည်။

ယာဉ်မှတ်ပုံတင်စာအုပ်တွင် အမည်ပေါက်သူက ယာဉ်ကိုရောင်းချပြီးသော်လည်း အကျိုးအမြတ် (သို့မဟုတ်) ငွေကြေးရယူ၍ အမည်ခံဆောင်ရွက်ပေးလျှင် ယာဉ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့်ပြဿနာများကို စုံစမ်းစစ်ဆေးခြင်းခံရနိုင်ပါသည်။

ယာဉ်ပိုင်ရှင်ပြောင်းလဲတိုင်း၊ ပိုင်ရှင်လိပ်စာပြောင်းလဲတိုင်း ယာဉ်၏တည်နေရာကို Up to Date မှတ်တမ်းရယူထားခြင်းဖြင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေ၏အစောင့်အရှောက်ရယူနိုင်ရေးတို့အတွက် အထောက်အပံ့ဖြစ်စေပါသောကြောင့် ပြည်သူအများ ပူးပေါင်းပါဝင်ကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ အမည်ပြောင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ဦးစီးမှူးများထံတွေ့ဆုံ၍ အကူအညီရယူနိုင်ပါကြောင်းနှင့် မမှန်မကန်ဆောင်ရွက်မှုများရှိပါက တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

Transcom

မြန်မာအမျိုးသားလေကြောင်းရုံးချုပ် (ယခင် ဘုံဘေဘားမားရုံးချုပ်)တွင် ရန်ကုန်မြို့ မြို့ပြအမွေအနှစ် အထိမ်းအမှတ် အပြာရောင်ကမ္ဘည်းပြား တပ်ဆင်







ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခင်ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းလီမိတက် (ယခု မြန်မာအမျိုးသား လေကြောင်းရုံးချုပ်) တွင် မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ဘည်းပြားတပ်ဆင်ပွဲ အခမ်းအနားကို အောက်တိုဘာလ (၃၁) ရက်က ရန်ကုန်မြို့ကျောက်တံတားမြို့နယ်၊ ကမ်းနားလမ်းရှိ အဆိုပါနေရာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း၏ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက ကျေးဇူးတင်စကားပြောကြားရာတွင် မြန်မာအမျိုးသားလေကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ (Union of Burma Airways) အဖြစ် စတင်ဖွဲ့စည်းခဲ့ကာ ယခုအဆောက်အအုံကို ၁၉၄၉ ခုနှစ်တွင် ငွေကျပ် (၇)သိန်းဖြင့် ဝယ်ယူကာ စတင်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ နှင့် ရန်ကုန် မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့၏ ရုံးချုပ်အဆောက်အအုံတွင် မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ဘည်းပြား တပ်ဆင်မြောက်မိပါကြောင်း ပြောကြားသည်။

မြန်မာအမျိုးသားလေကြောင်း ရုံးချုပ်အဆောက်အအုံကို မူလကကိုလိုနီခေတ် မြန်မာနိုင်ငံမှ ကျွန်းသစ်များ အများဆုံးတင်ပို့ခဲ့သည့် ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းလီမိတက်က ရုံးချုပ်အဖြစ် အသုံးပြုခဲ့သည်။ ဘုံဘေဘားမားကော်ပိုရေးရှင်းသည် မြန်မာ့ကို လိုနီခေတ်သမိုင်းတွင် အရေးပါသောနေရာတွင်ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံအား ဗြိတိသျှတို့ကျူးကျော်၍ ကိုလိုနီပြုခြင်းတွင် အဓိကကျခဲ့သည်။

ဘုံဘေဘားမားကော်ပိုရေးရှင်း၏ မူလအဆောက်အအုံနေရာတွင် လက်ရှိအဆောက်အအုံဖြင့် ၁၉၁၅ ခုနှစ်တွင် အစားထိုးတည်ဆောက်ခဲ့ကာ လွတ်လပ်ပြီးနောက်တွင် ဘုံဘေဘားမားကုန်သွယ်ရေးကော်ပိုရေးရှင်းကို ပြည်သူပိုင်ပြုခဲ့ပြီး အဆောက်အအုံကို ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့က ဝယ်ယူအသုံးပြုခဲ့သည်။ လေကြောင်းလိုင်းကို ၁၉၄၈ ခုနှစ် စက်တင်ဘာလ (၁၅)ရက်တွင် ဖွဲ့စည်းခဲ့ကာ ၁၉၇၂ ခုနှစ်တွင် မြန်မာ့လေကြောင်းအဖြစ် အမည်ပြောင်းခဲ့ပြီး နိုင်ငံတကာခရီးစဉ်များကို ၁၉၅၀ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ပြေးဆွဲခဲ့သည်။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် မြန်မာအမျိုးသားလေကြောင်းအဖြစ် အမည်ပြောင်းကာ ပြည်တွင်းခရီးစဉ်များကို အဆင့်မြှင့်ပြေးဆွဲခဲ့ကာ နိုင်ငံတကာခရီးစဉ်များကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြေးဆွဲခဲ့သည်။

ယခုကဲ့သို့ အပြာရောင်ကမ္ဘည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံးဖော်ပြနိုင်မည့် နည်းလမ်းများအနက်မှတစ်ခုဖြစ်ပြီး အများပြည်သူအလွယ်တကူလေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး အဆိုပါ ကမ္ဘည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏သမိုင်းကြောင်းနှင့် အမွေအနှစ်များအကြောင်းကို အသက်အရွယ်မရွေးနယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ယုံကြည်ထားကြောင်း သိရသည်။

အောက်တိုဘာလ (၃၁)ရက် တွင်ပြုလုပ်သည့် အပြာရောင်ကမ္ဘည်းပြားတပ်ဆင်ခြင်း အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာဒေါ်မိုးမိုးလွင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးဖိုးလွင်၊ မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင် ဥက္ကဋ္ဌကြားရေးမှူး ဦးနီအောင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူများ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ BPO၊ စိတ်ထက်

တန်ဆောင်တိုင် ပရိုမိုးရှင်းအဖြစ် Jaguar Land Rover ကားများ ဈေးလျှော့ရောင်းမည်

Jaguar Land Rover ကားများကို တန်ဆောင်တိုင်ပရိုမိုးရှင်းအစီအစဉ် Stock Clean out Promotion အဖြစ် နိုဝင်ဘာလ (၁)ရက်မှ (၃၀) ရက်အထိ ဈေးလျှော့ရောင်းချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှသိရသည်။

၂၀၁၇ ခုနှစ် မှ ၂၀၁၉ ခုနှစ် မော်ဒယ်လ်အထိ Jaguar Land Rover ကားများ၏ အမျိုးအစားအလိုက် မူလဈေးအောက် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ မှ ၅၀,၀၀၀ အထိ ဈေးလျှော့ရောင်းချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီကထုတ်ပြန်သည်။

လက်ရှိတွင်ပြည်တွင်းကားဈေးကွက်၌ ကျပ်သိန်း ၂၀၀ ဝန်းကျင်ခန့်ရှိ ဂျပန်နိုင်ငံထုတ်ကားများနှင့် ပြည်တွင်းထုတ် SKD ကားအမျိုးအစားအချို့သာ အရောင်းအဝယ်ဖြစ်ပေါ်နေပြီး Brand New ကား အရောင်းအဝယ်မှာ ကောင်းမွန်ခြင်းမရှိကြောင်း သိရသည်။

Jaguar XE၊ Jaguar XF၊ Jaguar XJ၊ Jaguar E-Pace ကဲ့သို့ ကားအမျိုးအစားများကို ရောင်းချမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာတစ်သိန်းမှ စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း Jaguar Land Rover ကုမ္ပဏီထံမှ သိရသည်။ စိတ်ထက်

Mobile Legends BB World Championship ပြိုင်ပွဲသို့ Burmese Ghouls အသင်း နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည်

မလေးရှားနိုင်ငံ၌ နိဝင်ဘာလတွင် ကျင်းပပြုလုပ်သွားမည့် နိုင်ငံတကာအဆင့် Mobile Legends BB World Championship (ML) ပြိုင်ပွဲကြီးသို့ Mobile Legends Professional League (MPL) တွင် ဒုတိယအကြိမ် Champion ဖြစ်ခဲ့သည့် Burmese Ghouls အသင်းက သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Moonton Technology ထံမှ သိရသည်။

အရှေ့တောင်အာရှနိုင်ငံများ၌ နာမည်ကျော်လူကြိုက်အများဆုံး ဗီဒီယိုဂိမ်းတစ်ခုဖြစ်သည့် Mobile Legends က ၎င်း၏ မြန်မာနိုင်ငံတွင် တတိယအကြိမ်မြောက် Mobile Legends Professional League (MPL) ပြိုင်ပွဲကို ရန်ကုန်မြို့အင်းလျားလိတ်ဟိုတယ်အတွင်းရှိ Yangon Convention Center (YCC)တွင် ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသည့် Burmese Ghouls အသင်းကို နိုင်ငံပေါင်း (၁၃)နိုင်ငံပါဝင်သည့် နိုင်ငံတကာပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း အဆိုပါ E-Sport ကုမ္ပဏီထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် တတိယအကြိမ် E-Sport ပြိုင်ပွဲတွင် ဂိမ်းဝါသနာရှင်အသင်းပေါင်း ၂၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ (၂၆, ၀၀၀) တန်ဖိုးရှိဆုကြေးငွေများ အဆင့်လိုက်သတ်မှတ်ပေးခဲ့သည်။



အနိုင်ရရှိသည့် Burmese Ghouls အသင်းသည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သွားမည့် နိုင်ငံတကာအဆင့် Mobile Legends BB World Championship (ML) ပြိုင်ပွဲကြီးသို့သွားရောက်၍ အခြားနိုင်ငံမှထိပ်တန်းကစားသမားများနှင့် ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း Moonton Technology ထံမှ သိရသည်။

BPO

မြန်မာ့ရွှေဆောင်ဘဏ် (MAB) မှ အသေးစားငွေကြေးလုပ်ငန်း ကုမ္ပဏီငါးခုကို ချေးငွေကျပ် ၅၇ ဘီလီယံထုတ်ချေး

မြန်မာ့ရွှေဆောင်ဘဏ် (MAB) မှ အသေးစားငွေကြေးလုပ်ငန်းငါးခုကို ချေးငွေကျပ် ၅၇ ဘီလီယံထုတ် ချေးပေးမည့် ချေးငွေစာချုပ်သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်က ရန်ကုန်မြို့ရှိ Union Financial Center B တွင်ကျင်းပခဲ့သည်။

အဆိုပါချေးငွေ အသေးစားငွေချေးလုပ်ငန်းများဖြစ်သော Fullerton Finance (Myanmar) Company Limited၊ Proximity Finance Microfinance Company Limited၊ Vision Fund Myanmar Company Limited၊ Early Dawn Microfinace Company Limited၊ Pact Global Microfinace Fund နှင့် မြန်မာ့ရွှေဆောင်ဘဏ် (MAB) တို့ပူးပေါင်းပြီး အသေးစားငွေကြေး လုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့နိုင်ရန် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

"Microfinance ကုမ္ပဏီတွေက မြန်မာနိုင်ငံမှာရှိတဲ့ အသေးစားလုပ်ငန်းများကို အရေးကြီးတဲ့အခန်းကဏ္ဍတစ်ရပ်ကနေ ကူညီနိုင်တာကို တွေ့ရပါတယ်။ အသေးစားလုပ်ငန်းများကလည်း အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်တဲ့ အရေးကြီးတဲ့ကဏ္ဍတစ်ရပ်ကပါရှိနေပါတယ်။ ဒါကြောင့် Microfinance ကုမ္ပဏီတွေကိုချေးငွေထုတ် ချေးပေးခြင်းဖြင့် အသေးစားလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်တဲ့ ဘဏ်တစ်ခုဖြစ်ရတဲ့အတွက်လည်း ဝမ်းသာကျေနပ်မိပါတယ်" ဟု မြန်မာ့ရွှေဆောင်ဘဏ်၏ Chief Business Officer ဖြစ်သူ ဦးကျော်နီခင်က ပြောသည်။

ယင်းချေးငွေကို အသေးစားငွေကြေးလုပ်ငန်း ကုမ္ပဏီငါးခုမှတစ်ဆင့် အသေးစားလုပ်ငန်းများသို့ ထုတ်ချေးပေးမည်ဖြစ်ပြီး အများဆုံး သိန်း ၁၀၀ အထိ ထုတ်ချေးနိုင်ကြောင်းသိရသည်။

ထို့နောက် မြန်မာ့ရွှေဆောင်ဘဏ် (MAB)မှ Deputy Chief Business Officer ဦးဇော်မိုးအောင်က အခြေခံလူတန်းစားများနှင့် အသေးစားလုပ်ငန်းများကို ကူညီထောက်ပံ့ပေးနိုင်ရန် ငွေကြေးဆိုင်ရာလိုအပ်ချက်များကို နားလည်အောင်ကြိုးစားပြီး ဆန်းသစ်တီထွင်သော ငွေကြေးဆိုင်ရာဖြေရှင်းချက်များနှင့် ကူညီထောက်ပံ့နေကြောင်း၊ ကုမ္ပဏီတစ်ခုချင်းစီ၏ ဖွဲ့စည်းပုံနောက်ခံသမိုင်းကြောင်းများနှင့် လိုက်ဖက်သော ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများကိုလည်း ပေးလျက်ရှိကြောင်း ပြောကြားသည်။

BPO

SEA-Game ပြိုင်ပွဲ E-Sport ကစားနည်း နှစ်မျိုးခု မြန်မာနိုင်ငံ E-Sport အဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

ဖိလစ်ပိုင်နိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်း (SEA-Game) ပြိုင်ပွဲ E-Sport ကစားနည်း ၂ မြန်မာနိုင်ငံ E-Sport အဖွဲ့ချုပ်မှ Dota-2 နှင့် Mobile Legends: Bang Bang ကစားနည်းနှစ်မျိုးခု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီးဂိမ်း (SEA-Game) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မေလမှစတင်ကာ ပြည်တွင်း၌ပတ်လည်စနစ်ဖြင့် ပြိုင်ပွဲကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းလေးရာကျော်နှင့် ကစားသမားပေါင်းလေးထောင်ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာယင်း ပြိုင်ပွဲမှ ချန်ပီယံဖြစ်ခဲ့သည့် အသင်းအား ဆီးဂိမ်းတွင်ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်း (SEA-Game) ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၏ပြိုင်ဘက်များအဖြစ် အိမ်ရှင်ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းအသင်းတို့ကို အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိရန်နှင့် ရွှေတံဆိပ်ရရှိရန် ယုံကြည်ချက်ရှိကြောင်း မြန်မာနိုင်ငံ E-Sport အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌမှ ပြောသည်။

ယခုအခါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (SEA-Game) ပြိုင်ပွဲဝင်မည့် E-Sport အားကစားသမားများကို မြန်မာနိုင်ငံ E-Sport အဖွဲ့ချုပ်မှ နိုဝင်ဘာလ ၁ ရက်မှစတင်၍ စခန်းသွင်းလေ့ကျင့်မှုပြုလုပ်နေပြီး အဖွဲ့ချုပ်စရိတ်ဖြင့် ပြိုင်ပွဲဝင်ရောက်ရမည်ဖြစ်ခြင်းကြောင့် အိမ်ရှင်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများကို ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ဇ



C B BANK

CB က အသက်အာမခံ လုပ်ငန်းကို အာမခံ လုပ်ငန်းအမျိုးအစား ၁၄ ခုဖြင့် ဖွင့်လှစ်မည်

မြန်မာ-ထိုင်း ဖက်စပ်ရင်းနှီးမြှုပ်နှံထားသည့် CB အသက်အာမခံလုပ်ငန်းကို အာမခံအမျိုးအစား ၁၄ ခုဖြင့် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း CB အသက်အာမခံလုပ်ငန်းမှ သိရသည်။

အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ၂၀ ရာခိုင်နှုန်းခန့် ဈေးကွက်ရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြေခံအသက်အာမခံအမျိုးအစား သုံးခုဖြစ်သည့် အကာအကွယ် စုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း စသည့်ကဏ္ဍများတွင် ထုတ်ကုန်ပေါင်း ၁၄ မျိုးခွဲခြားကာ အာမခံလျှောက်ထားခွင့်ပြုသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အသက်အာမခံလုပ်ငန်းတွင် ဝယ်ယူမှုအများဆုံးအမျိုးအစားမှာ အဖွဲ့လိုက်စုပေါင်းအသက်အာမခံ၊ ငွေစုဆောင်းမှုနှင့် ဆက်နွယ်သည့် အသက်အာမခံတို့ ပါဝင်ကြောင်း၊ CB အာမခံ၏ နှစ်စဉ် ဝင်ငွေသည် ကျပ် ၁ ဒသမ ၅ ဘီလီယံရှိပြီး လျော်ကြေးငွေသည် တစ်လလျှင် ကျပ်သိန်း ၇၀၀၀ ခန့်အထိ ရှိကြောင်းနှင့် အဆိုပါအသက်အာမခံလုပ်ငန်းသည် ယခင် CB အာမခံလုပ်ငန်းမှ အသစ်ပြန်လည် အာမခံလုပ်ငန်းဖြစ်ကြောင်း သိရသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကအာမခံ ၁၂ ခုကို စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ပြည်တွင်းပြည်ပ ဖက်စပ်အာမခံလုပ်ငန်းများနှင့် ၁၀၀ ရာခိုင်နှုန်းပြည့် နိုင်ငံခြားအသက်အာမခံလုပ်ငန်းများကို စတင်ဖွင့်လှစ်ခွင့်ပြုခဲ့ကာ လက်ရှိတွင် ဖက်စပ်အထွေထွေအာမခံ ၃ ခု၊ ဖက်စပ်အာမခံ ၃ ခုနှင့် ရာနှုန်းပြည့်နိုင်ငံခြားသား အာမခံလုပ်ငန်း ၅ ခုကို လုပ်ကိုင်ခွင့်ပြုထားကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။

ဇ

မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး အမှတ် (၂) လမ်းမပေါ်ရှိ မံဆောင်းတံတားသစ် သုံးနှစ်အတွင်း အပြီးတည်ဆောက်မည်


ချင်းပြည်နယ် တီးတိန်မြို့နယ် မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေး အမှတ် (၂)လမ်းမပေါ် ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည့် မဏိပူရ မြစ်ကူးမံဆောင်း ကြိုးတံတားဟောင်းအနီးတွင် မံဆောင်းတံတားသစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် (၆၀)ရှိ နှစ်လမ်းသွားဖြင့် သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တံတားအနီးအောက်ဘက် ပေ (၁၀၀)ဝန်းကျင်မှာ ဆောက်လုပ်မည်ဖြစ်ပြီး ရေရှည်ခံနိုင်ရည်ရှိမည့် ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း၊ ယခုတံတားမှာ ကားငယ်များ ဖြတ်သန်းသွားလာနိုင်ရန် ကြိုးတံတားအဖြစ်သာ တည်ဆောက်ထားသောကြောင့် ခိုင်ခံ့မှုမှာ စိတ်မချရကြောင်း၊ မံဆောင်းတံတားသစ်မှာ အရှည် (၅၅၇)ဒသမ (၇)ပေနှင့် အကျယ်ပေ (၃၀)ရှိမည်ဖြစ်ပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် (၆၀)ရှိသည့် နှစ်လမ်းသွားတံတားတည်ဆောက်မည်ဖြစ်ကြောင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မံဆောင်းတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး တမူးနယ်စပ်ကုန်သွယ်ရေးစခန်းပြီးလျှင် အကြီးမားဆုံး နယ်စပ်အရောင်းအဝယ်ဖြစ်သည့် ချင်းပြည်နယ် တီးတိန်မြို့နှင့် ရိဒ်နယ်စပ်အကြားတွင်တည်ရှိပြီး မဏိပူရမြစ်ကို ဖြတ်သန်းတည်ဆောက်ထားခြင်းဖြစ်သည်။

လက်ရှိတွင် အသုံးပြုနေသော မံဆောင်းကြိုးတံတားသည် ၂၀၁၅ ခုနှစ်ကဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးတွင် တံတားအောက်ခြေတစ်တိုင် နိမ့်ကျသွားသဖြင့် ပြန်လည်ပြုပြင်ခဲ့ရပြီးနောက် တံတားပေါ်ဖြတ်သန်းသည့် ယာဉ်များအနေဖြင့် (၁၆) တန်အထိသာ အများဆုံးတင်ဆောင်ဖြတ်သန်းသွားလာကြရန် သတ်မှတ်ခဲ့သည်။

စိတ်ထက်



နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ခေတ်မီစနစ်ကျသော သွေးဌာနများ ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်သွားမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့တွင်လည်း အမျိုးသားသွေးဌာန (ရန်ကုန်)ကဲ့သို့ ခေတ်မီစနစ်ကျသော သွေးဌာနများဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပြောသည်။

နိုဝင်ဘာလ (၁)ရက်က အမျိုးသားသွေးဌာန (ရန်ကုန်) ၌ ကျင်းပသည့် ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသော သွေးသွင်းကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးတက်ရောက်ရာတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင်လည်း အမျိုးသားသွေးဌာန (ရန်ကုန်)ကဲ့သို့ ခေတ်မီစနစ်ကျသောသွေးဌာနများ ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်လာကြသူ ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒပညာရှင်များနှင့်အတူ အဏုဇီဝပညာရှင်များအားလုံးက မိမိတို့၏ လက်ရှိအခြေအနေ၊ အားနည်းချက်နှင့်လိုအပ်ချက်များကိုလေ့လာသုံးသပ်ဆွေးနွေးတင်ပြရန် လိုအပ်ပါကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းမူဘောင်နှင့် လမ်းပြမြေပုံကိုလည်း ရေးဆွဲတင်ပြစေလိုပါကြောင်း၊ ဘေးအန္တရာယ်ကင်း၍ စိတ်ချရသော သွေးနှင့်သွေးပစ္စည်းများ ရရှိသိုလှောင် ဖြန့်ဖြူးသုံးစွဲနိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်များကိုလည်း အမျိုးသားသွေးဌာန (ရန်ကုန်)မှဦးစီး၍ ပြုစုထုတ်ဝေဖြန့်ဖြူးသွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်နှင့် အမျိုးသားသွေးဌာန (ရန်ကုန်) အကြံပေးပညာရှင် Mr. Hiro Konishi တို့က မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံ (၂၆) ရုံရှိ သွေးဌာနများကိုလေ့လာဆန်းစစ်တွေ့ရှိခဲ့မှု အခြေအနေနှင့် ပိုမိုကောင်းမွန်စေရေး အကြံပြုချက်များကို အသီးသီးတင်ပြခဲ့ပြီး တက်ရောက်လာသော ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒပညာရှင်များ၊ အဏုဇီဝပညာရှင်များ၊ သွေးဗေဒပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

ES

မြို့နယ် ၁၆ ခုရှိ SME လုပ်ငန်းရှင်များကို Oriental Leasing Co.,Ltd မှ ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၁၆ ခုရှိ အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းရှင်များကို မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၏ လုပ်ငန်းခွဲကုမ္ပဏီဖြစ်သည့် Oriental Leasing Co., Ltd က ဘဏ္ဍာရေးဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

အဆိုပါမြို့နယ်များမှာ အလုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ လသာမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စသည်တို့ဖြစ်သည်။

Oriental Leasing ကုမ္ပဏီသည် မြောက်ဒဂုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ကျောက်တံတား၊ မရမ်းကုန်း၊ အင်းစိန်နှင့် မင်္ဂလာဒုံမြို့နယ် စသည့်မြို့နယ် (၈)ခုရှိ SME Member Card ရရှိထားသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆေးရုံ ဆေးခန်းနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းများ၊ ပွဲရုံလုပ်ငန်းများနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများတွင် လုပ်ငန်းရှင်များလိုအပ်သည့် ငွေကြေးအရင်းအနှီးများကိုလည်း ပေးအပ်လျက်ရှိသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုများတွင် လုပ်ငန်းများပိုင်ဆိုင်သည့် စက်ပစ္စည်း၊ မော်တော်ယာဉ်များ ဝယ်ယူရန်ပံ့ပိုးပေးခြင်း၊ Working Capital အတွက်လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိနိုင်ရန် လုပ်ငန်းရှင်များပိုင်ဆိုင်သည့် စက်ပစ္စည်း၊ မော်တော်ယာဉ်စသည်တို့ကို ကုမ္ပဏီက ဝယ်ယူပြီးလုပ်ငန်းရှင်များကို ပြန်လည်ငှားရမ်းခြင်းစသည့် ပုံစံနှစ်မျိုးဖြင့် ပေးအပ်နေခြင်းဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးထံဌာနမှ သိရသည်။

SME လုပ်ငန်းရှင်များအနေနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုရယူရန် စိတ်ဝင်စားပါက Oriental Leasing Co., Ltd ရုံးချုပ်အမှတ် ၃၇၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၁၅၄၆၊ ၀၁-၃၈၂၁၉၀၊ ၀၁-၃၇၁၀၈၉၊ ၀၁-၃၇၁၀၈၁၊ ၀၁-၃၇၁၀၈၂၊ ၀၁-၃၇၁၀၈၃ တို့ထံ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။

BPO

MPT ကဂီတကို ချစ်မြတ်နိုးသော ပရိသတ်များအတွက် "တေးသံသာ" Music App ကို စတင်မိတ်ဆက်

MPT သည် East Boy Co.,Ltd နှင့် ပူးပေါင်း၍ သုံးစွဲသူများအတွက် လူကြိုက်များသော မြန်မာတေးသီချင်းများကို ပိုမိုလွယ်ကူစွာ ရယူခံစားနားဆင်နိုင်စေရန်နှင့် အမျိုးအစားစုံလင်စွာ ရွေးချယ်နိုင်ရန်အတွက် "တေးသံသာ" Music App ကို အောက်တိုဘာလ ၂၆ ရက်တွင် မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာလိုက်သည်။ MPT သုံးစွဲသူများအနေဖြင့် "တေးသံသာ" ဂီတအက်ပလီကေးရှင်းတွင် မည်သည့် Media တွင် မဖော်ပြရသေးသော မြန်မာတေးသီချင်း အသစ်များ၊ သီချင်းကောင်းများအား အထူးသီးသန့်အနေဖြင့် နားဆင်ခံစားနိုင်မည်ဖြစ်သည်။

"တေးသံသာ" Music App ကို Google Play Store (သို့မဟုတ်) Apple Store တို့မှ ဒေါင်းလုတ်ရယူကာတေးသီချင်းအတွေ့အကြုံသစ်များကို နားဆင်ခံစားနိုင်မည်ဖြစ်သည်။ အဆိုပါဝန်ဆောင်မှုတွင် Free User နှင့် Premium User ဟူ၍အမျိုးအစားနှစ်မျိုးခွဲခြား သတ်မှတ်ထားသည်။ Free User များအနေဖြင့် သတ်မှတ်ထားသောတေးသီချင်းများကို သာ နားဆင်နိုင်မည်ဖြစ်ပြီး Premium User များအနေဖြင့် Premium account ဖြင့် နောက်ဆုံးထွက်ရှိထားသော တေးသီချင်းများကို တစ်ရက်လျှင် ၉၉ ကျပ်နှုန်းဖြင့် နားဆင်ခံစားနိုင်မည်ဖြစ်သည်။ MPT သုံးစွဲသူများသည် ဒေါင်းလုတ်ဆွဲပြီး နားဆင်နိုင်မည်ဖြစ်သည့်အပြင် Mega Stars မှ ထွက်ရှိသော အနုပညာရှင်များ၏ အထူးသီးသန့်ဂီတဗွီဒီယိုစုစည်းမှုများ၊ ဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုများကိုလည်း နားဆင်ခံစားနိုင်မည်ဖြစ်သည်။ Apple ဖုန်းအသုံးပြုသူများအတွက် Premium ဝန်ဆောင်မှုကို မကြာမီအသုံးပြုနိုင်မည်ဖြစ်သည်။ တေးသံသာအက်ပလီကေးရှင်းတွင်ပါဝင်သော Premium တေးသီချင်းများအား အခြားသောမည်သည့်ဝန်ဆောင်မှုတွင် မရရှိနိုင်ပါ။

ယခုအစီအစဉ်သည် "ဂန္ဓင်သီချင်းတွေကို အကန့်အသတ်မရှိ နားဆင်နိုင်ခွင့်ပေးအပ်လိုက်ခြင်းဖြစ်ကာ မြန်မာနိုင်ငံရဲ့ ဂီတနဲ့ ဖျော်ဖြေရေးလုပ်ငန်းတွေကို မြှင့်တင်ပေးတဲ့ နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်" ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr.Reizo Umeda က ပြောကြားခဲ့သည်။



MPT သုံးစွဲသူများအနေဖြင့် "တေးသံသာ" Music App ၏ လုပ်ဆောင်ချက်အားလုံးကို သိရှိလိုပါက Google Play Store (သို့မဟုတ်) Apple Store တို့မှ ဝင်ရောက်၍ ဒေါင်းလုတ်ရယူအသုံးပြုနိုင်သည်။ အက်ပလီကေးရှင်းကို ဒေါင်းလုတ်ရယူပြီးပါက MPT ဆင်းမ်ကဒ်နံပါတ်ဖြင့် စာရင်းသွင်းရန်လိုအပ်ပြီး Premium ဝန်ဆောင်မှုအား အသုံးပြုလိုပါက 8734 သို့ ON ဟု SMS (စာတို) ပေးပို့နိုင်ပြီးတေးသံသာအက်ပလီကေးရှင်းမှတစ်ဆင့် ရယူနိုင်ကြောင်းသိရှိရသည်။

လှမျိုး-ဆ.သ.ရ

Mytel အသုံးပြုသူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဝန်ဆောင်မှုများ လုပ်ဆောင်



မြန်မာနိုင်ငံ၏ ဂရုအစိုက်ဆုံးအော်ပရေတာ Mytel သည် သုံးစွဲသူများကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများဖြစ်သော ဘေလ်အပိုဖြတ်တောက်မှုများနှင့် အခြားရယူထားခြင်းမရှိသည့် အပိုဝန်ဆောင်မှုများကြောင့် ဘေလ်ကုန်ဆုံးခြင်းများကို ဖြေရှင်းနိုင်ရန်အတွက် Mytel ၏ Charging Block Charge History၊ Data Barrier Adaptive Video နှင့် No Hidden VAS အစရှိသည့်ဝန်ဆောင်မှုများမှ ထိုပြဿနာများကို လျော့နည်းသွားစေရန် လုပ်ဆောင်ပေးလျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကနေ ချမှတ်ထားတဲ့အနည်းဆုံးနှုန်းထားများနဲ့အညီ ကောက်ခံလျက်ရှိတဲ့ အော်ပရေတာတစ်ခုဖြစ်တာကြောင့် Mytel သုံးစွဲသူတွေက Mytel ရဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေကို အသက်သာဆုံးနှုန်းထားများနဲ့ အသုံးပြုနိုင်မှာလည်းဖြစ်ပါတယ်" ဟု Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးကပြောသည်။

Mytel သည် အသုံးပြုသူများကို အကောင်းဆုံးအတွေ့အကြုံများနှင့် စိတ်ကျေနပ်မှုရရှိစေနိုင်မည့် Data Barrier နှင့် Adaptive Video ကဲ့သို့သော ထူးခြားသောလုပ်ဆောင်မှုများလည်းရှိသည်။ Data Barrier ဆိုသည်မှာ ဝယ်ယူထားသောဒေတာပက်ကေ့ချ်များကုန်သွားသည့်အခါ လက်ကျန်ငွေထဲမှဖြစ်စေ၊ PAYG အစီအစဉ်ထဲမှဖြစ်စေ အပို့ငွေကောက်ခံခြင်းကို တားဆီးပေးနိုင်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ ဤလုပ်ဆောင်ချက်ဖြင့် Mytel အသုံးပြုသူများသည် Facebook သို့မဟုတ် You Tube ပေါ်မှ online ဗွီဒီယိုများကို ကြည့်ရှုသောအခါ ဒေတာအပို့ကုန်ကျမှုများကို လျော့ချနိုင်မည်ဖြစ်သည်။

Mytel သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကျယ်ပြန့်ဆုံး 4G ကွန်ရက်နှင့် ခေတ်အမီဆုံးဆက်သွယ်ရေးအခြေခံအဆောက်အဦများထောက်ပံ့ပေးပြီး ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းရန်နှင့် မြန်မာပြည်သူပြည်သားတို့၏ လူနေမှုဘဝများကို စွမ်းအားမြှင့်တင်ရန် ဆောင်ရွက်ပေးနေသော ဆက်သွယ်ရေးကွန်ရက်တစ်ခုဖြစ်လာစေရန်ရည်ရွယ်သည်။ အသေးစိတ်သိရှိလိုပါက https://www.facebook.com/mytelmyanmar နှင့် www.mytel.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

စိတ်ထက်

ရန်ကုန်တိုင်းဒေသကြီးတွင် ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်ပြီးဖြစ်သဖြင့် အော်တိုတယ်လီ ဖုန်းနံပါတ်များအား ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည် ဖြစ်ကြောင်း နိုဝင်ဘာလ (၁) ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးရှိ ပုဇွန်တောင်အိတ်ချိန်းနှင့် ဟံသာဝတီအိတ်ချိန်းများကို ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်ပြီးဖြစ်ပါသဖြင့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်တွင် အော်တိုတယ်လီဖုန်းနံပါတ်များကို ပုဇွန်တောင်အိတ်ချိန်းနယ်မြေတွင် ယခင် ၀၁-၂၉xxxx ဂဏန်း ၆ လုံးမှ ယခု ၈၂၉xxxx သို့ လည်းကောင်း ဟံသာဝတီအိတ်ချိန်းနယ်မြေရှိ ယခင် ၀၁-၅၂၀xxx ဂဏန်း ၆ လုံးမှ ယခု ၇၅၂၀xxx သို့ ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်သည်။

နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများ ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလအကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် (သို့မဟုတ်) နံပါတ်အသစ်သို့ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ

အူရီဒူးမြန်မာနှင့် Google တို့မှ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဒစ်ဂျစ်တယ်ကျင့်ဝတ်သင်တန်း အစီအစဉ်များအား မြန်မာနိုင်ငံတစ်ဝန်းတွင် ပြုလုပ်သွားမည်

အူရီဒူးမြန်မာနှင့် Google တို့ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သွားမည့် ဒစ်ဂျစ်တယ်ဗဟုသုတ တိုးပွားစေရေးနှင့် သင်တန်းအစီအစဉ်အား နိုင်ငံတစ်ဝန်းတွင် ၂၀၁၉ ခုနှစ် နိဝင်ဘာလ (၆) ရက်၌စတင်ခဲ့သည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Private-Public Initiative) မှ တစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအတွက် အရေးပါသောကျွမ်းကျင်မှုနယ်ပယ် ၂ ခုတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်သည်။

"အူရီဒူးဟာ မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်ကဏ္ဍာဖော်ဆောင်သူ ဦးဆောင်လျက်ရှိပြီး တစ်ချိန်တည်းမှာပဲ အခုသင်တန်းတွေဟာ အူရီဒူးရဲ့ တာဝန်သိစွာခဲ့လုပ်ဆောင်ပေးနေတဲ့ လူမှုအကျိုးပြုလုပ်ငန်းဖြစ်တဲ့ "ဒစ်ဂျစ်တယ်ဘဝ ပြည့်စုံဖို့အင်တာနက်ဖြင့် လေ့လာစို့" လူမှုအကျိုးပြုလုပ်ငန်းအစီအစဉ်အောက်မှာ ပြုလုပ်တဲ့ ဒုတိယမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Rajeev Sethi မှ ပြောကြားခဲ့သည်။



အူရီဒူးသည် Google မှ ရေးဆွဲထားသည့် ဒစ်ဂျစ်တယ်ဗဟုသုတ တိုးပွားစေရေးနှင့် နိုင်ငံသားတိုင်းလိုက်နာကျင့်သုံးသင့်သည့် ဒစ်ဂျစ်တယ်ကျင့်ဝတ်သင်တန်းများအား နိုင်ငံတစ်ဝန်းရှိ ပညာရေးကောလိပ် ၂၅ ခုနှင့် ဆရာအတတ်သင်ကျောင်း ၂၅ ကျောင်းတို့တွင် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထို့အပြင် အူရီဒူးသည် အဆိုပါ သင်တန်းများအား ပို့ချသင်ကြားသွားမည့် ကောလိပ်များနှင့် ကျောင်းများအတွက် အင်တာနက်ချိတ်ဆက်မှုနှင့် လက်ပ်တော့ စုစုပေါင်း အလုံး ၃၀၀ ကိုလည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

"မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အင်တာနက်ကို ၂၄ နာရီ ၇ ရက်ပတ်လုံး အချိန်မရွေးအသုံးပြုလာနိုင်တဲ့ ဒီနေ့ခေတ်မှာ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ဗဟုသုတတွေ ပိုမိုတိုးပွားလာရေးဟာ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးအတွက် အရေးအပါဆုံး အချက်တစ်ချက်ဖြစ်ပြီး အခု သင်တန်းအစီအစဉ်ဟာ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ နောက်ပြီး အပြန်အလှန်လေးစားမှုနဲ့ ပက်သတ်တဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ စကားဝိုင်းတွေကို မိမိတို့ရဲ့ အိမ်မှာရော၊ ကျောင်းမှာပါမက အခြားနေရာတွေမှာပါ ပြန်လည်ပြောဆို ဆွေးနွေးဝေမျှပေးသွားနိုင်ဖို့ ဦးဆောင်လမ်းညွှန်ပေးသွားနိုင်မယ်လို့ ကျွန်မတို့အနေ နဲ့ မျှော်လင့်ပါတယ်" ဟု Google ၏ Head of Industry for Technology and Telco ဖြစ်သူ Su Ann Lim က ပြောကြားသည်။

ယခုအစီအစဉ်သည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရန်၊ နိုင်ငံတစ်ဝန်းမှလူငယ်များ၏ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ ပိုမိုမြင့်မားလာစေရန်နှင့် အင်တာနက်အသုံးပြုရာတွင် တာဝန်ယူမှုရှိရှိဖြင့် အသုံးပြုတတ်စေရန် အကူအညီဖြစ်စေမည်ဟု အူရီဒူးနှင့် Google တို့မှ မျှော်လင့်ထားကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ

(၉၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် MPT က (၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

MPT က (၉၉) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်းစုပေါင်းသွေးလှူဒါန်းပွဲကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်တွင် အမျိုးသားသွေးဌာန၊ ရန်ကုန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများနှင့် နေရာ (၁၇) ခုတို့တွင် တစ်ပြိုက်နက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယခင် (၈) ကြိမ်မြောက်အထိ ဝန်ထမ်းများနှင့် နိုင်ငံတစ်ဝန်းမှ စေတနာရှင်များအပါအဝင် သွေးအလှူရှင်ပေါင်း (၅,၅၀၀) ကျော်ထံမှ သွေးပမာဏအဖြစ် (၂,၄၇၅,၀၀၀) မီလီလီတာခန့် လှူဒါန်းနိုင်ခဲ့ပြီးဖြစ်သည်။

ယခုလို သွေးလှူဒါန်းပွဲအစီအစဉ်ကို ရှေ့ဆက်ပြီးလည်း စေတနာသွေးလှူရှင်ပြည်သူတွေနဲ့အတူ ပြုလုပ်သွားမှာဖြစ်ပြီး အရင်သွေးလှူပွဲတွေမှာ ပါဝင်လှူဒါန်းခဲ့တဲ့သူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း၊ အသက်ပေါင်းများစွာကို ကယ်တင်နိုင်ဖို့အတွက် ကျွန်တော်တို့ MPT နဲ့အတူ ပူးပေါင်းပြီး ပါဝင်နိုင်ဖို့ကိုလည်း ဖိတ်ခေါ်ကြောင်းအပြင် ယခုသွေးလှူဒါန်းမှုမှာ ပါဝင်ခြင်းဟာ (၉၉) နှစ်မြောက် အမျိုးသားနေ့ကို အကောင်းဆုံးကြိုဆိုဂုဏ်ပြုတဲ့ လုပ်ရပ်တစ်ခုဖြစ်လိမ့်မယ်လို့လည်း ယူဆမိပါတယ်" ဟု ဦးမြင့်သိန်းထွန်းက ပြောကြားခဲ့သည်။

MPT ၏ (၉)ကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုကြသူများအနေဖြင့် ရန်ကုန်အတွက် ဖုန်းနံပါတ် ၀၉-၈၆၃၀၀၅၅၀ သို့ ဆက်သွယ်၍လည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သက်ဆိုင်ရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးများသို့ ဆက်သွယ်၍လည်းကောင်း စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

HM-ဆ.သ.ရ



၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ အလုပ်ခန့်အပ်မှုဦးတည်ချက်များနှင့် စီးပွားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံတွင် နံပါတ်တစ်နေရာ၌ ဦးဆောင်နေသော ဝန်ထမ်းသစ်စုဆောင်းခေါ်ယူရေး online ပလက်ဖောင်းတစ်ခုဖြစ်သည့် JobNet.com.mm နှင့် ဗြိတိသျှ ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်း၍ သင်ယူလေ့လာရေးအစီအစဉ်တစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အဆိုပါ သင်ယူလေ့လာရေးအစီအစဉ်တစ်ရပ်ကို "၂၀၁၉ ခုနှစ် တစ်လျှောက် အလုပ်ခန့်အပ်မှုများ၏ ဦးတည်ချက်" (Trends in Hriring Through 2019) ဟူသောခေါင်းစဉ်နှင့် ပတ်သက်သည့်ဆွေးနွေးပွဲကို အောက်တိုဘာလ (၂၃)ရက်က Junction City အဆောက်အအုံရှိ ဗြိတိသျှ ကုန်သည်ကြီးများအသင်းရုံးခန်းတွင် ကျင်းပခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးပိုင်းကို အကောင်းဆုံးသောအလေ့အထများနှင့် နောက်ဆုံးပေါ် အပြောင်းအလဲများကို အမှီလိုက်ခြင်းအားဖြင့် မိမိဝန်ထမ်းများ၏ ပင်ကိုယ်အရည်အချင်း၊ မိမိတို့၏ကုမ္ပဏီများကို ကြီးမားကျယ်ပြန့်လာနေသည့် မြန်မာနိုင်ငံစျေးကွက်အတွင်း အောင်မြင်မှုရစေရန် မည်သို့လုပ်ဆောင်ရမည်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

"မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံလိုတဲ့ ဗြိတိန်နဲ့ ကမ္ဘာ့တစ်ခြားနေရာတွေက ကုမ္ပဏီအရေအတွက်ဟာ ပိုများလာနေတဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာအခြေအနေတွေကို အကဲဖြတ်သုံးသပ်ရာမှာ အကူအညီဖြစ်စေဖို့ စျေးကွက်တွင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ရရှိနိုင်ရေးဟာ အဓိကအရေးကြီးလာပါတယ်" ဟု Job-Net.com.mm ၏ အုပ်ချုပ်မှုဒါရိုက်တာ Matt De Luca က ပြောသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူခဲ့သည့် စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံမှ အမှုဆောင်အရာရှိချုပ်များ၏ ၇၂% သည် ၄င်းတို့ယနေ့ကာလတွင် ရင်ဆိုင်နေရသည့် အကြီးမားဆုံးသောအခက်အခဲမှာ အရည်အချင်းရှိသူများကို ခန့်အပ်နိုင်ရေးနှင့် ထိန်းသိမ်းထားနိုင်ရေးဖြစ်ကြောင်း၊ Job-Net က ၄င်း၏ စစ်တမ်းရလဒ်များမှအလုပ်ရှာရာတွင် ဝန်ထမ်းအများစုမျှော်မှန်းကြသည့် တန်ဖိုးအစစ်အမှန်ကို ထောက်ပြခဲ့ကြောင်း၊ စစ်တမ်းကိုဖြေဆိုခဲ့သော အလုပ်ရှင်များ၏ ၇၈% က အလုပ်ရှာဖွေသူများ အဓိကလိုချင်သည်မှာ မြင့်မားသောလစာဖြစ်သည်ဟု ဖြေဆိုခဲ့ကြသော်လည်း စစ်တမ်းဖြေဆိုသောဝန်ထမ်းပေါင်း (၂,၀၀၀) ကျော်၏ ၈၀% ခန့် ဖြေဆိုမှုအရအရည်အချင်းမြင့်တင်နိုင်ရန်၊ လေ့လာသင်ယူရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခွင့်အရေးများရရှိရေးတို့မှာ နောက်လုပ်မည့်အလုပ်အကိုင်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှအလုပ်ရှာဖွေသူများ၏ မျှော်မှန်းချက်များဖြစ်ကြောင်း စစ်တမ်းအရသိရသည်။ JobNet. com.mm ၏ ပလက်ဖောင်းမှတစ်ဆင့် လေးလတစ်ကြိမ် စောင့်ကြည့်မှတ်တမ်းတင်ထားသော ယုံကြည်စိတ်ချရသည့် အချက်အလက်များအပေါ်အခြေခံလျက် ပြည်ပရောက်နေသူများအတွက် မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိနိုင်ခြေ၊ မြန်မာ့ဝန်ထမ်းစျေးကွက်အတွင်း ကျယ်ပြန့်စွာတောင်းဆိုမှုရှိသည့် ထိပ်တန်းအလုပ်အကိုင် ဆောင်ရွက်ချက်ကဏ္ဍများ၊ မြန်မာနိုင်ငံရှိ အလုပ်အကိုင်ရှာဖွေသူများ လျှောက်ထားနိုင်ခြေ အများဆုံးဖြစ်သည့် အခန်းကဏ္ဍများ၊ ကျား/မ အမျိုးအစားအလိုက် အလုပ်အကိုင်လျှောက်ထားမှုများကို ပိုင်းခြားသုံးသပ်ချက်များအရ စာရင်းကိုင်အလုပ် လျှောက်ထားသူများ၏ ၈၅% မှာ အမျိုးသမီးများဖြစ်နေခြင်း၊ မြန်မာ့စျေးကွက်အတွင်း နည်းပညာများကို အဆင်ပြေချောမွေ့ပြီး လက်တွေ့အသုံးဝင်သောနည်းလမ်းတစ်ရပ်အဖြစ် ဆက်လက်ပြန့်ပွားလာမှုကြောင့် အဖွဲ့အစည်းများအဖို့ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရေးဆိုင်ရာနည်းဗျူဟာကို ကျင့်သုံးခြင်း၏အရေးပါမှုကို အားပေးမြှင့်တင်ခဲ့ကြောင်း သိရသည်။

BPO

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် ကျောင်းကျန်းမာရေး စီမံချက်များ ထည့်သွင်းလျာထား ရေးဆွဲမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ရန်ပုံငွေတွင် စီမံချက်များထည့်သွင်းလျာထားရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ခုနစ်ချက်တွင် မူးယစ်ဆေးဝါး အန္တရာယ်ကင်းစင်ပျောက်ရေး၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှုကင်းစင်ပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများလိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုလျော့နည်းပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုထည့်သွင်း သင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားကျောင်းသူများတွင် ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပျောက်ရေးတို့ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လူနာများဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးသတင်းအချက်အလက်စနစ် ပိုမိုအားကောင်းရေး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ယခုနှစ်တွင် ဆက်လက်ဦးစားပေး၍ ဆက်တိုက်ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ရန်ပုံငွေတွင် စီမံချက်များထည့်သွင်းလျာထားရေးဖွဲ့၍သော်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေမှလည်းကောင်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတစ်နိုင်ငံလုံးတွင် ကျောင်းကျန်းမာရေးအဖွဲ့ပေါင်း (၈၀) ခန့်ရှိပြီး ဝန်ထမ်းအင်အားအပြည့်မရှိသောမြို့နယ်များတွင် ဆရာဝန်များသာမက သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးမှူးများကိုပါ လိုအပ်သလိုထည့်သွင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ပြီးပြည့်စုံသောကျောင်းကျန်းမာရေးလုပ်ငန်းများအတွက် ငါးနှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၂) ကို ချမှတ်ရေးဆွဲခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်းဆိုသည်မှာ ကျောင်းသူကျောင်းသားများ သင်ယူလေ့လာရန်နှင့် ပညာရေးဝန်ထမ်းများ အလုပ်လုပ်ကိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်သည့် နေရာဌာနတစ်ခုဖြစ်လာစေရန် အစဉ်အမြဲဆောင်ရွက်လျက်ရှိကြောင်းကို ဆိုလိုသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားနှီးနွယ်ဆက်စပ်လျက်ရှိသည့် ဌာန၊ အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကို ဇွန်လ ၁၂ ရက်နှင့် ၁၃ ရက်က နေပြည်တော်တွင်ကျင်းပခဲ့ပြီး အဆိုပါပွဲတွင်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ခုနစ်ရပ်နှင့် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဆွေးနွေးတင်ပြခဲ့ကာ ဗဟိုအဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ခရိုင်မြို့နယ်အဆင့် ဆောင်ရွက်ဖို့လိုအပ်သည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ခဲ့ကြကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဇွ



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် နော်ဝေနိုင်ငံ သံအမတ်ကြီး H.E Ms. Tone Tinnes အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်၊ နံနက်ပိုင်းတွင် နော်ဝေနိုင်ငံ သံအမတ်ကြီး၊ H.E Ms. Tone Tinnes အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့အကြား ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

Transcom





တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. E Jingping ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. E Jingping ဦးဆောင်သောအဖွဲ့ဝင် (၁၁) ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ (၅) ရက်၊ နံနက်ပိုင်းက နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ လာရောက်၍ နှစ်နိုင်ငံအကြား ရေအရင်းအမြစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းဆိုင်ရာများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး၊ နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ရေအရင်းအမြစ်ကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Cooperation in Fields of Water Resources between Ministry of Water Resources of the People's Republic of China and Ministry of Transport and Communications of the Republic of the Union of Myanmar) ကို နှစ်ဖက်ဝန်ကြီးများမှ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ ရေအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ၊ မူဝါဒနှင့် စီမံချက်များ ရေးဆွဲခြင်း၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေကြီးရေလျှံမှုနှင့် မိုးခေါင်ခြောက်သွေ့ခြင်းဆိုင်ရာ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း၊ ရေဘက်ဆိုင်ရာအချက်အလက်များ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ခန့်မှန်းခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် နည်းပညာဆိုင်ရာ သင်တန်းများ ပေးခြင်း၊ နှစ်နိုင်ငံသဘောတူညီသည့် အခြားရေအရင်းအမြစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေအရင်းအမြစ်ဝန်ကြီးဌာန၊ ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား Horizon Lake View Resort Hotel ၌ နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။ နိုဝင်ဘာလ (၅)ရက်တွင် ကျင်းပသည့် အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သော ဌာနအကြီးအကဲများ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရေအရင်းအမြစ်ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ (၆)ရက်တွင် ရန်ကုန်မြို့သို့သွားရောက်၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာမှုများဆောင်ရွက်သွားမည်ဖြစ်ပြီး၊ နိုဝင်ဘာလ (၇)ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။

Transcom



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံနိုင်ငံအမတ်ကြီး H.E Mr. Ichiro MARUYAMA နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr. Ichiro MARUYAMA ဦးဆောင်သော အဖွဲ့အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်၊ နံနက်(၁၁:၃၀)နာရီတွင် နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့် ထိုရထားလမ်းပိုင်းတွင် အသုံးပြုမည့် လူစီးရထားတွဲများ အချိန်မီရရှိရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Transcom



ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Zahairi Baharim အား လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်၊ ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Zahairi Baharim အား နေပြည်တော်ရှိ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးရုံး၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာ၌ ဆိပ်ကမ်းလုပ်ငန်းများ၊ ရထားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ e-Government လုပ်ငန်းဆိုင်ရာများနှင့် နှစ်နိုင်ငံပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်းသိရှိရသည်။

သတင်းအဖွဲ့-ဆ.သ.ရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း









ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်ဝန်ကြီးရုံးတွင် နိုဝင်ဘာလ (၁)ရက်၊ နံနက်ပိုင်းကကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြပြီး ကထိန်လျာသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မဂ်လာဇေယျံုပရိယတ္တိစာသင်တိုက်၊ ဦးစီးပခါနနာယက၊ သာသနဓဇမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ဘုရားထံမှ သီလခံယူဆောက်တည်ကြပါသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်နာယူကြပါသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးတို့က ကထိန်လျာသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်တို့မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မဂ်လာဇေယျံုပရိယတ္တိစာသင်တိုက်၊ ဦးစီးပခါနနာယက၊ သာသနဓဇမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ဘုရားထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မဂ်လာဇေယျံုပရိယတ္တိစာသင်တိုက်၊ ဦးစီးပခါနနာယက၊ သာသနဓဇမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

နိုဝင်ဘာလ (၁)ရက်တွင်ကျင်းပသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေ စုစုပေါင်း ကျပ် (၁၆၃) သိန်းခန့်တို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

Transcom

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ဆက်သွယ်ရေး) ၏(၂၂) ကြိမ်မြောက် မိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၂) ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း မဂ်လာအခမ်းအနားကို နိုဝင်ဘာလ (၈)ရက်က ပျဉ်းမနားမြို့၊ မြို့မဈေးကုန်းကျောင်း၊ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးဒေါက်တာ ဒေါ်ခင်သန်းအေး၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားကို နမောတဿ (၃) ကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့မဈေးကုန်းကျောင်း၊ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတေဇောသာရထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် ဇနီး၊ မိသားစုများက ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့၊ မြို့မဈေးကုန်းကျောင်း၊ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတေဇောသာရထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားတော်များ ချီးမြှင့်တော်မူခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးဆုံးခဲ့သည်။

ထို့နောက် ပဒေသာပင်များကို ဆရာတော်များအား စာရေးတံမဲစနစ်ဖြင့် ကပ်လှူပူဇော်ခဲ့ကြပြီး သံဃာတော်များအား နေ့ဆွမ်းနှင့် အချိုပွဲများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

လှမျိုး-ဆ.သ.ရ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ရထားပို့ဆောင်ရေး)၏ (၁၄)ကြိမ်မြောက် မိသားစု ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ရထားပို့ဆောင်ရေး)၏ (၁၄)ကြိမ်မြောက်မိသားစုမဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားအား နိုဝင်ဘာလ (၄)ရက်၊ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၂၉)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးဒေါက်တာဒေါ်ခင်သန်းအေး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်ခဲ့သည်။

ရှေးဦးစွာ သံလမ်းကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး၍ ပရိတ်တရားတော်များနာကြားခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ဘုရားထံမှ သီလခံယူဆောက်တည်ကြပါသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်နာယူကြပါသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးတို့က ကထိန်လျာသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်ထူးဆောင်အကြံပေးပုဂ္ဂိုလ်တို့မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သံလမ်းကျောင်းတိုက် နာယကဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ရထားပို့ဆောင်ရေး)၏ (၁၄)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော် မဂ်လာတွင် ပဒေသာပင် (၁၈)ပင်နှင့် စုစုပေါင်းတန်ဖိုးငွေကျပ် (၁၄၃၃၂၁၅၀)ဖြစ်ကြောင်းသိရှိရပါသည်။

MS

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၁၃- ၁၁ -၂၀၁၉ (ဗုဒ္ဓဟူးနေ့)

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ



e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးကို အောက်တိုဘာလ (၃၁)ရက်က နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ ဦးကြည်မင်း၊ ဦးသာဦး၊ ဒေါက်တာရဲမြင့်ဆွေ၊ ဦးအောင်ထူးနှင့် ဦးလှမော်ဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဝင်းမော်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သက်ဆိုင်ရာဝန်ကြီးများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယကနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ မေလ (၉) ရက်တွင် ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်တွင် ဒုတိယအကြိမ်၊ ၂၀၁၉ ခုနှစ်၊ မေလ (၂) ရက်တွင် တတိယအကြိမ်၊ အောက်တိုဘာလ (၃၁)တွင် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်သည့်အတွက် လအတန်ကြာမှသာ အစည်းအဝေးများကျင်းပနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးကို စုံစုံညီညီ တက်ရောက်လာကြသည့်အတွက် လုပ်ငန်းကော်မတီမှ တာဝန်ရှိသည့်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့်လည်း ညှိနှိုင်းအစည်းအဝေးကို တတ်နိုင်ပါက လစဉ်ကျင်းပပြီးပေါင်းစပ်ညှိနှိုင်းသွားရန် တိုက်တွန်းလိုကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကိုလည်း လုပ်ငန်းကော်မတီအတွင်းရေးမှူးမှ စောင့်ကြည့်လေ့လာနေရန်နှင့် အမြဲမပြတ်တိုက်တွန်းဆောင်ရွက်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ တတိယအကြိမ်အစည်းအဝေးတွင် မြန်မာစာယူနီကုဒ်စံစနစ်ကို တစ်နိုင်ငံလုံး တစ်ပြေးညီပြောင်းလဲသုံးစွဲသွားရန် ဆွေးနွေးနိုင်ခဲ့ပြီး ဦးဆောင်ကော်မတီကို တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲသုံးစွဲနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာစာယူနီကုဒ်စံစနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သီးသန့်သုံးစွဲနိုင်ရေးအတွက်လည်း လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးမှ Migration Plan အတိုင်း အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ပြင် e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်အရ မိမိတို့လုပ်ငန်းကော်မတီကို တာဝန်ပေးခဲ့သည့် အဆင့်မြင့် ပုဂ္ဂလိက Data Center ဌာနရမ်းနိုင်ရေး စီစစ်ရေးကော်မတီအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းစီစစ်ရေးကော်မတီကလည်း မိမိတို့၏ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက်ချက်များအား ဦးဆောင်ကော်မတီကို တင်ပြရမည်ဖြစ်သည့်အတွက် လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဦးဆောင်ကော်မတီက e-Government Master Plan တွင်ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ နည်းပညာ၊ လူစွမ်းအားအရင်းအမြစ်၊ ဆိုက်ဘာလုံခြုံရေး စသည့်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန်၊ အချို့ဌာန၊ အဖွဲ့အစည်းများ၌ စတင်ဆောင်ရွက်နေပြီဖြစ်သည့် Online ပြည်သူ့ဝန်ဆောင်မှုစနစ်များတွင် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက ကူညီဖြေရှင်းပေးရန်၊ ပိုမိုအရည်အသွေးမြင့်မားပြီး စိတ်ချစွာသုံးစွဲနိုင်သည့် Online ဝန်ဆောင်မှုစနစ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတွင် ကူညီဆောင်ရွက်ပေးရမည့် တာဝန်ရှိကြောင်း။

ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအားလုံး မိမိတို့နိုင်ငံမှာ e-Government စနစ်ကို အောင်အောင်မြင်မြင်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် မကြာခင် ကျင်းပမည့် ဦးဆောင်ကော်မတီအစည်းအဝေးတွင် တင်ပြအဆုံးအဖြတ်ခံယူရမည့်အချက်များ၊ အခက်အခဲ၊ အတားအဆီးများကိုလည်း ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government စနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အစိုးရ၏ ကောင်းမွန်သောဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ မြန်ဆန်လွယ်ကူထိရောက်စွာ ဖြန့်ဖြူးပေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြား၊ ဝန်ကြီးဌာနများအကြား၊ ပြည်ထောင်စုအစိုးရအဖွဲ့အကြားအားလုံး အစိုးရ၏လုပ်ငန်းများ၊ ဆက်သွယ်ဆောင်ရွက်ရာတွင် လျင်မြန်လာစေရန် e-Government စနစ်ကို ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်မှုကြားခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရယန္တရားတွင် ပါဝင်သောဌာနများသည် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် CIO များခန့်အပ်၍ တာဝန်ပေးအပ်ရန်နှင့် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်သွားနိုင်ရန်အတွက် ဌာနတစ်ရပ်အား ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများအား တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက Video Conferencing စနစ်ကို ခရိုင်ရုံးများအဆင့်အထိ တပ်ဆင်အသုံးပြုနိုင်ရေးကိစ္စ၊ Cyber Security Law ထုတ်ပြန်နိုင်ရေးကိစ္စ၊ Data Policy ဆိုင်ရာကိစ္စဖြစ်သည့်အချက်အလက်များ အဆင့်ခွဲခြားသတ်မှတ်ခြင်းကိစ္စ၊ CIO ၏လုပ်ငန်းတာဝန်များနှင့် သတ်မှတ်တာဝန်ပေးအပ်ခြင်းနှင့် အစိုးရဗဟိုရုံးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် e-Government ဌာနများ ဖွဲ့စည်းသွားနိုင်ရေးကိစ္စ၊ အစိုးရဗဟိုရုံးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ e-Government ဆိုင်ရာ အသုံးစရိတ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်စာရင်းကောက်ခံရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ တင် ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အနေဖြင့် သိသင့်သိထိုက်သည့် လုပ်ငန်းကိစ္စများကို ရှင်းလင်းဆွေးနွေးပြီး e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးခဲ့ကြောင်းသိရှိရသည်။

သတင်းအဖွဲ့ (ဆ.သ.ရ)

e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ (၅)ရက်၊ မွန်းလွဲ (၁)နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေတက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ e-Government ဦးဆောင်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များဖြစ်ကြသည့် ဒေါက်တာခက်အောင်၊ ဦးအယ်လ်ဖောင်းရှို၊ ဦးဆလိုင်းလျန်လွယ်၊ ဒေါက်တာမြင့်နိုင်၊ ဦးမြင့်မောင်၊ ဒေါက်တာအောင်မိုးညို၊ ဦးညီပု၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာလင်းထွဋ်နှင့် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၈ ဖြင့် “e-Government ဦးဆောင်ကော်မတီ” ကို လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ်ဦးဆောင်၍လည်းကောင်း၊ “e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ” ကို လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုကြားချက်များကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဌာနများအချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်ကော်မတီက “e-ID စနစ် လုပ်ငန်းကော်မတီ” ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂)ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီး “e-ID စနစ် လုပ်ငန်းကော်မတီ” အောက်တွင် ဆပ်ကော်မတီ (၆)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးဆောင်ကြီးကြပ်မှုအဖွဲ့နှင့် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုတို့တွင်လည်း လုပ်ငန်းအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ “အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ” အောက်တွင်လည်း လိုအပ်သည့်ဆပ်ကော်မတီ (၈)ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း။

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဧပြီလ (၄)ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၅)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၂)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၃)ချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေးအတွက် အချိန်တစ်ခုသတ်မှတ်ပြီး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ e-Government စနစ် အလျင်အမြန်တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသောအချက် (၃)ချက်ဖြစ်သည့် “ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု” တို့လုပ်ဆောင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါ



ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

ကြောင်း၊ အဆိုပါ အဓိကကျသည့်အချက် (၃)ချက်တွင် "ပူးပေါင်းဆောင်ရွက်မှု" အပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဦးဆောင်ကော်မတီနာယကဏ်၏ လမ်းညွှန်ခဲ့မှုအပေါ် အထူး အလေးထားလိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၁)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု (၁၀)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၃)ချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲအချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရန် လိုအပ်သည့်အခက်အခဲများရှိပါက တင်ပြပေးကြရန်ပြောကြားလိုပါကြောင်း၊ အဆိုပါဆောင်ရွက်ဆဲ (၃)ချက်မှာ "e-Government စနစ် စတင်အသုံးပြုနေသည့် ဌာနများနှင့် အသုံးမပြုသေးသည့်ဌာနများအကြား ဆွေးနွေးညှိနှိုင်းပြီး အတွေ့အကြုံများ ဖလှယ်သွားရန်" နှင့် "e-Government လုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြပြီး တိုးတက်မှုအဆီရင်ခံစာကို ဦးဆောင်ကော်မတီသို့ လစဉ်မပျက်မကွက် အချိန်မီပေးပို့တင်ပြသွားရန်" အတွက်တို့သည် စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့်အချက်များဖြစ်ပြီး Data Center ငှားရမ်းရန်အတွက် ဆွေးနွေးမှုများပြုလုပ်ပြီးပါက သတ်မှတ်ထားသည့် ငှားရမ်းခများအား အနီးဆုံးဘတ်ဂျက်၌ တင်ပြလျာထားဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း။

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ်မှ တတိယအကြိမ်အစည်းအဝေးအထိ ဆုံးဖြတ်ချက်စုစုပေါင်း (၃၉)ချက်ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၂၃)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၁၆)ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများအနက်မှ အချိန်တိုတိုနှင့် ပြီးမြောက်ရမည့်လုပ်ငန်းများကို နောက်လာမည့် အစည်းအဝေးမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ရေရှည်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကိုလည်း အမြန်ပြီးစီးအောင်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံရှိအစိုးရအဖွဲ့အစည်းများအသီးသီးမှ လွှင့်တင်ထားသော Website များ၊ e-Service များအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူလူထုသို့ ကောင်းမွန်သော Single Window ဝန်ဆောင်မှုများပေးနိုင်ရန် နိုင်ငံတော်အား ကိုယ်စားပြုသည့် Myanmar e-Government National Portal ကို လွှင့်တင်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ISO (International Standard Organization) အရ ကိုက်ညီသည့် မြန်မာ Unicode စံစနစ်ကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်ကစပြီး အစိုးရအဖွဲ့အစည်းအားလုံးကလည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်ကစပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လည်းကောင်း အသုံးပြုနေကြပြီဖြစ်ပါကြောင်း၊ မြန်မာ Unicode စံစနစ်ကို အရှိန်အဟုန်မပြတ်ပြောင်းလဲအသုံးပြုနိုင်ရေးကို ဆက်လက်တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတစ်ဝန်းလုံး အစိုးရ၏ ဝန်ဆောင်မှုများရရှိနိုင်ရန် အခွင့်အလမ်းအဖြစ် မြန်မာနိုင်ငံပိုင်ဂြိုဟ်တု စနစ် MyanmarSat-2 ကိုလည်း ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၇) ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်ကစပြီး အသုံးပြုနေကြပြီဖြစ်ပါကြောင်း။

ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက လက်ရှိ IT နှင့် e-Government ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်သည့် စစ်တမ်းကောက်ယူခြင်း၊ အကဲဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ထိရောက်အကျိုးရှိသော ကွန်ပျူတာသုံး License Software များ အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်ဟု သိရှိရပါကြောင်း။

"e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ" ၏ စတုတ္ထအကြိမ်အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်တွင်လည်းကောင်း၊ "e-ID စနစ် လုပ်ငန်းကော်မတီ"၏ စတုတ္ထအကြိမ်အစည်းအဝေးကို နိုဝင်ဘာလ (၁) ရက်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ အဆိုပါလုပ်ငန်းကော်မတီများအနေဖြင့် ဦးဆောင်ကော်မတီသို့ တင်ပြအဆုံးအဖြတ်ရယူရန် ကိစ္စများရှိပါက တင်ပြရန်ဖြစ်ပါကြောင်း။

"e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ ဦးဆောင်မှု၊ ကြီးကြပ်မှုတို့နှင့်အတူ ဆပ်ကော်မတီအသီးသီး၏ ကြိုးစားဆောင်ရွက်မှုများ၊ "e-ID စနစ်လုပ်ငန်းကော်မတီ" ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ ဦးဆောင်မှု၊ ကြီးကြပ်မှုတို့နှင့်အတူ ဆပ်ကော်မတီအသီးသီး၏ ကြိုးစားဆောင်ရွက်မှုများကြောင့် လုပ်ငန်းများအရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့အပြင် e-ID လုပ်ငန်းနှင့် ဆက်စပ်ပြီး လိုအပ်မည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတွက်လည်း ကြိုတင်ပြင်ဆင် ထားရှိရန်လည်း ပြောကြားလိုပါကြောင်း၊ e-ID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက e-Government လုပ်ငန်းစဉ်များ၌ အကျိုးရှိရှိချိတ်ဆက်အသုံးချနိုင်ရေးအတွက်ကိုလည်း ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေရန် ဆိုသည့်အချက်ကို အမျိုးသားရေးအမြင်နှင့် အဓိကထားဆောင်ရွက်သွားကြရန်နှင့် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "နှစ်လတ်၊ နှစ်ရှည်လုပ်ငန်းစဉ်" များ သတ်မှတ်ဆောင်ရွက်သွားရမည့်အပြင် အချိန်တိုအတွင်း ပြည်သူများအတွက် သိသာထင်ရှားသည့်ရလဒ်များ ရရှိနိုင်မည့် Quick Win Service များအတွက် "ရေတိုလုပ်ငန်းစဉ်" များကိုလည်း စနစ်တကျသတ်မှတ်ရေးဆွဲပြီး တစ်ပြိုင်တည်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးသာဦးက e-Government ဦးဆောင်ကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာ- ၂၀ »

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် (၁၉) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေး တက်ရောက်



(၁၉) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ အောက်တိုဘာလ (၂၄) ရက်မှ (၂၅) ရက်အထိကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးများ၌ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံများအတွင်း ဒစ်ဂျစ်တယ်အီကိုစနစ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ Smart City စနစ်နှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် ပြုစုပျိုးထောင်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအစီအမံများ အားကောင်းရေးနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အခြားဆက်စပ်ကဏ္ဍများနှင့် ချောမွေ့စွာဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ကို အခြားအာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဝန်ကြီးများနှင့် အတူ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် အာဆီယံနိုင်ငံများအတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာဆိုင်ရာများအပေါ် အမြင်များဆွေးနွေးဖလှယ်ခြင်း၊ ၂၀၁၉ ခုနှစ်အတွင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများအပေါ် ဆွေးနွေးအတည်ပြုခြင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်း၊ ASEAN ICT Award 2019 အတွက် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ဗီယင်ကျန်း ကြေညာစာတမ်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ရောက်ရှိစဉ် အခြားအာဆီယံနိုင်ငံမှ ဝန်ကြီးများနှင့်အတူ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Sonexay Siphandone နှင့် တွေ့ဆုံနှုတ်ဆက်ခြင်းနှင့် 5G Trial Launching အခမ်းအနားသို့တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Transcom

သန်လျင်အမှတ် (၃) တံတား (ပခူးမြစ်ကူးတံတား) နှင့် ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကာလအတွင်း ရေလမ်းကြောင်းသတိပေးချက် ထုတ်ပြန်ထားရှိမှုဆိုင်ရာ အစည်းအဝေးကျင်းပ



ပဲခူးမြစ်ကူးတံတား၊ သန်လျင်အမှတ်(၃)နှင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး၊ ရန်ကုန်-ဒလ မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းကာလအတွင်း ရေလမ်းကြောင်းသတိပေးချက် ထုတ်ပြန်ထားရှိမှုအခြေအနေနှင့် ပတ်သက်၍ အစည်းအဝေးကို အောက်တိုဘာလ (၃၁)ရက်၊ မွန်းလွဲ (၁)နာရီတွင် ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး (ကိုယ်စား)အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်မှ အမှာစကားပြောကြားရာတွင် "ဒီတံတားနှစ်ခုဟာ အဓိကအရေးကြီးတဲ့ ဒေသတွေကို ဆက်လက်သွားမယ့်တံတားနှစ်စင်းဖြစ်ပါတယ်။ ရန်ကုန်-ဒလတံတားစီမံကိန်းကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပန္နက်တင်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မကြာခင်ဆောင်ရွက်ပြီးတဲ့အခါမှာ ရေကြောင်းကနေပြီးတော့ တံတားတည်ဆောက်ရေးစီမံကိန်းအစီအစဉ်အတိုင်း ရေထဲလုပ်ငန်းတွေကို နိုဝင်ဘာလအတွင်းမှာ စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုပဲ သန်လျင်အမှတ် (၃) မြစ်ကူးတံတားစီမံကိန်းကလည်း စီမံကိန်းလုပ်ငန်းများကိုဆောင်ရွက်ပြီးတော့ စီမံကိန်းနဲ့ ပတ်သက်တဲ့ ရေကြောင်းဆိုင်ရာလုပ်ငန်းကိစ္စများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် ဆောင်ရွက်တဲ့အခါမှာ ရန်ကုန်မြစ်နဲ့ ပဲခူးမြစ်ကို ဖြတ်သန်းသွားလာမယ့်ရေယာဉ်များနဲ့ စီမံကိန်းလုပ်ငန်းများ အောင်အောင်မြင်မြင်၊ ချောချောမွေ့မွေ့ဖြစ်စေဖို့အတွက် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဒီဘက်က ရန်ကုန်-ဒလ တံတားစီမံကိန်းဟာဆိုရင်လည်း ရန်ကုန်မြစ်ကိုဖြတ်သန်းသွားမယ့် ပင်လယ်ကူးသင်္ဘောကြီးများလည်း ဖြတ်သန်းသွားလာနေရသလို ပြည်တွင်းသင်္ဘောများကလည်း ဖြတ်သန်းသွားလာနေတာဖြစ်ပါတယ်။ ၂၄ နာရီဖြတ်သန်းတဲ့ ရေလမ်းကြောင်းဖြစ်တဲ့အတွက် တံတားစီမံကိန်းလုပ်ငန်းများအတွက်လည်း အနောင့်အယှက်မဖြစ်စေဘဲနဲ့ စီးပွားရေးအတွက် သွားလာနေကြတဲ့ ရေယာဉ်များလုံခြုံရေးအလို့ငှာ သွားလာနေတဲ့ရေယာဉ်များအားလုံးသည် အဆင်ပြေချောမွေ့နိုင်ဖို့အတွက် သက်ဆိုင်ရာဌာနများကို ပေါင်းစပ်ညှိနှိုင်းကူညီ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ထို့နောက် ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) တံတားတည်ဆောက်ရေး၊ ရေလမ်းကြောင်းအခြေအနေနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာန၊ ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူးမှ ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသူများမှ ပဲခူးမြစ်ကူးတံတား (သန်လျင် အမှတ်-၃) တည်ဆောက်ရေး ရေလမ်းကြောင်းအခြေအနေများနှင့် ပတ်သက်၍ သိလိုသည်များအားဆွေးနွေးမေးမြန်းကြရာ အထွေထွေမန်နေဂျာ၊ ရေကြောင်းဌာနမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မြန်မာ-ကိုရီးယားချစ်ကြည်ရေး၊ ရန်ကုန်-ဒလမြစ်ကူးတံတား၊ ရေလမ်းကြောင်းအခြေအနေများနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာန၊ ရေကြောင်းပြမှူးကြီး ဦးဝင်းမြင့်အောင်မှ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။

ၿငိုးနောက် တက်ရောက်လာသူများမှ သိရှိလိုသည်များအား ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်မှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ ရန်ကုန်ဆိပ်ကမ်းအတွက်သာမကပဲ နိုင်ငံတော်အတွက်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) စီမံကိန်းရေလမ်းကြောင်းသတ်မှတ်ခြင်း



မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဒလတံတားတည်ဆောက်ရေးစီမံကိန်းကာလအတွင်း ရေလမ်းကြောင်းသတ်မှတ်ခြင်း



ကျေးဇူးမှ ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသူများမှ ပဲခူးမြစ်ကူးတံတား (သန်လျင် အမှတ်-၃) တည်ဆောက်ရေး ရေလမ်းကြောင်းအခြေအနေများနှင့် ပတ်သက်၍ သိလိုသည်များအားဆွေးနွေးမေးမြန်းကြရာ အထွေထွေမန်နေဂျာ၊ ရေကြောင်းဌာနမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မြန်မာ-ကိုရီးယားချစ်ကြည်ရေး၊ ရန်ကုန်-ဒလမြစ်ကူးတံတား၊ ရေလမ်းကြောင်းအခြေအနေများနှင့် ပတ်သက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာန၊ ရေကြောင်းပြမှူးကြီး ဦးဝင်းမြင့်အောင်မှ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။

ၿငိုးနောက် တက်ရောက်လာသူများမှ သိရှိလိုသည်များအား ပြန်လည်မေးမြန်းကြရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်မှ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ ရန်ကုန်ဆိပ်ကမ်းအတွက်သာမကပဲ နိုင်ငံတော်အတွက် အရေးကြီးတဲ့စီမံကိန်းဖြစ်ပါတယ်။ ဒီစီမံကိန်းအောင်မြင်ဖို့အတွက် အားလုံးပူးပေါင်းကူညီဆောင်ရွက်မှသာအောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှသာ လုပ်ငန်းနှောင့်နှေးမှုမရှိသလို မလိုလားအပ်တဲ့နောက်ဆက်တွဲပြဿနာတွေ မရှိတော့မှာဖြစ်တဲ့အတွက်

၈၁- ၂၀ »

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း



မြန်မာအမျိုးသားလေကြောင်း



မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



ပြည်တွင်းရေကြောင်းပို့ဆောင်ရေး



ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း



ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



မြန်မာ့သဘော်ဘကျင်းလုပ်ငန်း



မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်



မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်



ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL



၁၂ လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ထုတ်ဝေ

မြန်မာ့စာတိုက်လုပ်ငန်းက အောက်တိုဘာလ (၂၈) ရက်က ၁၂ လရာသီပွဲတော်နှင့် ပန်းများအထိမ်းအမှတ် အထူးထုတ် တန်ဆောင်မုန်းလ ကထိန်ပွဲတံဆိပ်ခေါင်းကို ထုတ်ဝေရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမလဖြစ်ကာ ရာသီပန်းများအနေဖြင့် ခဲပန်းများဖူးပွင့်ကြပြီး ပွဲတော်အနေဖြင့် ကထိန်အလှူမင်္ဂလာပွဲများကို နိုင်ငံအနှံ့တွင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁)လအတွင်း မိမိကြိုက်နှစ်သက်ရာနေ့တစ်နေ့ကို ရွေးချယ်ပြီး ကထိန်ပွဲတော်အလှူမင်္ဂလာကို ကျင်းပပြုလုပ်ကြကြောင်း သိရသည်။

အဆိုပါ တံဆိပ်ခေါင်းရောင်းချသည့်နေ့က နေပြည်တော်-ရန်ကုန်နှင့် မန္တလေးစာတိုက်ကြီးတို့တွင် အထိမ်းအမှတ်အထူးထုတ်တံဆိပ်ခေါင်းနှင့် စာအိတ်ပေါ်တွင် နေ့စွဲတံဆိပ်များရိုက်နှိပ်ပေးခဲ့သည်။

တံဆိပ်ခေါင်းတစ်ခေါင်းလျှင် (၂၀၀)ကျပ်သတ်မှတ်ထားပြီး အလုံးရေ (၁၅၀,၀၀၀) ထုတ်ဝေဖြန့်ချိထားကြောင်းသိရသည်။

လှမျိုး-ဆ.သ.ရ


Vsmart အမှတ်တံဆိပ် စမတ်ဖုန်းများ ဖြန့်ဖြူးရောင်းချရန်အတွက် SSCL ကုမ္ပဏီ၊ Mytel၊ Shop.com.mm တို့နှင့် လက်တွဲလုပ်ဆောင်လျက်ရှိ



ဗီယက်နမ်နိုင်ငံ၏ ထိပ်တန်းစမတ်ဖုန်းကုမ္ပဏီတစ်ခုဖြစ်သည့် VinSmart သည် မြန်မာနိုင်ငံစျေးကွက်အတွက် ၎င်း၏ တရားဝင်ဖြန့်ချိရေးမိတ်ဖက်အဖြစ် SSCL ကုမ္ပဏီအား ခန့်အပ်ခဲ့သည့်အပြင် ဆက်သွယ်ရေးအော်ပရေတာ Mytel၊ မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော အွန်လိုင်းလက်လီအရောင်းအဝယ်လုပ်ငန်း Shop.com.mm(Alibaba) တို့နှင့် လက်တွဲ၍လည်း အရောင်းဆိုင်များနှင့် အွန်လိုင်းမှ တစ်ဆင့် စမတ်ဖုန်းများအား ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

လက်ရှိတွင် နောက်ဆုံးပေါ် Vsmart စမတ်ဖုန်းများအား မြန်မာနိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်ပေါင်း (၁,၀၀၀) ခန့်တွင်ဝယ်ယူရရှိနေနိုင်ပြီဖြစ်ကာ ယခုနှစ်ကုန်တွင်အရောင်းဆိုင်အရေအတွက်အား (၁,၅၀၀) အထိတိုးချဲ့သွားရန် လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် VinSmart နှင့် shop.com.mm တို့ပူးပေါင်း၍ မည်သည့် Vsmart စမတ်ဖုန်းအား ဝယ်ယူသည်ဖြစ်စေ၊ အိမ်အထိအရောက် ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုကိုလည်း ပေးအပ်လျက်ရှိသည်။

မြန်မာနိုင်ငံစျေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာသည့် အချိန်မှစ၍ ယနေ့အချိန်အထိ VinSmart သည် Joy 1, Joy 1+, Active 1, Active 1+ (ပထမမျိုးဆက် Vsmart စမတ်ဖုန်းများ) နှင့် Joy 2+, Star, Bee, Live (ဒုတိယမျိုးဆက် Vsmart စမတ်ဖုန်းများ)ဟူ၍ စုစုပေါင်းစမတ်ဖုန်းမော်ဒယ်အမျိုးအစား ၈ မျိုးအား မိတ်ဆက်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ Vsmart စမတ်ဖုန်းများနှင့်ပတ်သက်သည့် ဒီဇိုင်း၊ လုပ်ဆောင်ချက်များ၊ လုပ်ဆောင်နိုင်မှုများနှင့် ဈေးနှုန်းများစသည့် အသေးစိတ်အချက်အလက်များအား https://vsmart.net/mm-mm/ တွင် ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။ ES



မတ္တရာမြို့ရှိ အနာကြီးရောဂါ အထူးကုဆေးရုံကြီးအား ပြန်လည်သန်စွမ်းရေးဆေးရုံ (အထက် မြန်မာပြည်) အဖြစ် တိုးချဲ့ဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့ရှိ ခုတင် ၇၀၀ ဆံ့ ရေနုံသာအနာကြီးရောဂါအထူးကုဆေးရုံကြီးအား ပြန်လည်သန်စွမ်းရေးဆေးရုံ (အထက် မြန်မာပြည်) အဖြစ် တိုးချဲ့မွမ်းမံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ အထူးပြုသူနာပြုဒီပလိုမာသင်တန်းဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ကြေညာချက်များ မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေ ၂၀၁၅၊ မသန်စွမ်းသူများဆိုင်ရာနည်းဥပဒေများ ၂၀၁၇ နှင့် မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၆-၂၀၂၅) များနှင့်အညီ ပြန်လည်သန်စွမ်းရေးလုပ်ငန်းများအား ဝန်ကြီးဌာနမှအားဖြည့်ဆောင်ရွက်နေပြီး ပြန်လည်သန်စွမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် မသန်စွမ်းသူတစ်ဦးနှင့် လူမှုဘဝနဲ့ နေထိုင်မှုအဆင့်အတန်းမြင့်မားစေခြင်း၊ ပညာရေး၊ အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများမြင့်မားစေခြင်းနှင့် စိတ်ဓာတ်ခွန်အားတိုးမြှင့်စေခြင်း စသည့်အကျိုးများစွာရရှိမည်ဖြစ်ကာ နှစ်စဉ်အနာကြီးရောဂါလူနာသစ် ၂၀၀၀ ခန့်ရှိနေ၍ လူနာသစ်တွေ့ရှိမှုများသည့် ရပ်ကွက်ကျေးရွာများသို့သွားရောက်၍ လူနာသစ်ရှာဖွေခြင်းအား တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အနာကြီးရောဂါဖြစ်ပွားမှုနှုန်းသည် ၂၀၁၈ ခုနှစ်စာရင်းအရ လူဦးရေ ၁၀၀၀ လျှင် ၀ ဒဿမ ၃၉ ဦးသာရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်အနာကြီးရောဂါလူနာသစ် ၂၀၀၀ ခန့်ရှိနေခြင်းကြောင့် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အနာကြီးရောဂါဆေးစားပျက်ကွက်သူလူနာများတွေ့ရှိနေရ၍ မည်သည့်အကြောင်းများကြောင့် သတ်မှတ်ကာလအပြည့်ဆေးသောက်ခြင်းမရှိသည်ကိုသိရှိနိုင်ရန် အသုံးချသုတေသနပြုလုပ်ရန်လိုအပ်လျက်ရှိကြောင်းလည်း သိရှိရသည်။ ခ

» စာ- ၁၇ မှ

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက Video Conferencing စနစ်ကို ခရိုင်ရုံးများအဆင့်အထိ တပ်ဆင်အသုံးပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက Cyber Security Law ထုတ်ပြန်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက Data Policy ဆိုင်ရာကိစ္စဖြစ်သည့် အချက်အလက်များ အဆင့်ခွဲခြားသတ်မှတ်ခြင်း ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦးက e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးတို့အတွက် လိုအပ် သည့်ရန်ပုံငွေများ စနစ်တကျတောင်းခံသုံးစွဲနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် e-ID စနစ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ် အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးစိုးဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လိုအပ်သည့်အကြံပြုချက်များ၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ဝါဖလေ

» စာ- ၁၈ မှ

အားလုံးထဲထဲဝင်ဝင်ဆောင်ရွက်ပေးကြဖို့ ထပ်မံတိုက်တွန်းပြောကြားလိုပါတယ်။ သန်လျင်တံတားစီမံကိန်းနဲ့ ပတ်သက်ပြီး Traffic ကလည်းနည်းတဲ့အတွက် စိတ်ပူစရာသိပ်မရှိပါဘူး။ ရန်ကုန်-ဒလ တံတားစီမံကိန်းကတော့ Traffic ကလည်းများတယ်။ နိုင်ငံခြားသင်္ဘောကြီးတွေလည်း သွားလာမှုများတာကြောင့် ပြည်တွင်းသင်္ဘောတွေလည်းသွားလာနေတာကြောင့် ပိုပြီးစိုးရိမ်ပါတယ်။ ဒါကြောင့် အားလုံးကိုထပ်မှာချင်တာကတော့ ဒီလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ အစည်းအဝေးတွေကို လုပ်ငန်းစဉ်စတိုင်းမှာ ကြေညာသွားပါမယ်။ ကြိုတင်ပြီးတော့လည်း အသိပေးပါတယ်။ အဲ့ဒီအချိန်ကြရင် အတူတူပူးပေါင်းစေချင်ပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကိုတော့ ဘွိုင်ချပြီးချိန်ကျလုပ်ပါမယ်။ တံတားစီမံကိန်းနဲ့ အနီးဆုံးဖြစ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဘုန်းကြီးလမ်းမှာရှိတဲ့ စီမံကိန်းရုံးလင်းဆောင်မှာ ကျင်းပမှာဖြစ်ပါတယ်။ ရေယာဉ်ပိုင်ရှင်များအသင်းကလည်း တတ်နိုင်သလောက် အစည်းအဝေးကိုတက်ရောက်စေချင်ပါတယ်။ အစည်းအဝေးနဲ့ပတ်သက်တဲ့ သတင်းထုတ်ပြန်ရေးအပိုင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဝိုင်းဝန်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုိနဲ့တစ်ပြေးညီ နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာများနှင့် နိုင်ငံပိုင်ရုပ်သံများတွင်လည်း ထုတ်လွှင့်ပြသထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ ပြီးရင်တော့ ကော်မတီတစ်ရပ်ဖွဲ့ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ ထုတ်ပြန်ချက်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သတင်းစာမျက်နှာဖြစ်သည့် Transcom News Journal Page တွင် ဖတ်ရှုနိုင်ကြောင်းသိရသည်။

Transcom

» စာ- ၉

ဆန္ဒပြသည့် အနေဖြင့်သပိတ်မှောက်ကြောင်း ဆုံးဖြတ်ကြေညာလိုက်လေသည်။ ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသူ၊ ကျောင်းသားများကလည်း နောင်တော်ကောလိပ်ကျောင်းသားကြီးများ၏ သပိတ် တိုက်ပွဲသို့ ထောက်ခံသည့်အနေဖြင့် ဗဟန်းသပိတ် စခန်းသို့ ချီတက်လာကြသည်။

ဒီဇင်ဘာလ ၅ ရက် ကောလိပ်ကျောင်းသားကြီးများ အစည်းအဝေးမှ နောက်ထပ် (၁၅)ဦး ပါဝင်သော ယူနီဗာစီတီ သပိတ်မှောက်ကောင်စီခေါ် (၂၆)ဦး အဖွဲ့ဖြစ်၍လာခဲ့သည်။ ၎င်းတို့မှာကိုလှစိန် -ဥပဒေပညာ၊ ကိုဘတင် -ဥပဒေပညာ၊ ကိုမြ-ဘီအက်စ် (အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ)၊ ကိုမြင့် (နေရှင်နယ်ဦးမြင့်)၊ ကိုဖိုးကျား-ဘီအေ (ယုဒသန်ကောလိပ်)၊ ကိုစိုးဝင်း -ဘီအေတန်း၊ ကိုဖိုးလတ်-ဘီအေတန်း (ယုဒသန်ကောလိပ်)၊ ကိုထွန်းဖေ-အိုင်အေတန်း၊ ကိုဘဟန်-ဘီအေတန်း၊ ကိုလူဖေဝင်း-ဘီအေတန်း၊ ကိုဘကျော်-အိုင်အေတန်း၊ ကိုမောင်ကို-ဘီအေတန်း၊ အီးမောင်စိန်-ဘီအေတန်း၊ အင်စီဆင်း-ဘီအေတန်းနှင့် မစ္စတာဘို့(စ်) တို့ဖြစ်သည်။

ကောလိပ်အာဏာပိုင်များကလည်း ဒီဇင်ဘာလ ၂၃ ရက်အတွင်း ကျောင်းပြန်မတက်က ကျောင်းမှ နုတ်ပယ်ပစ်မည်ဟု ကြေညာပြန်ရာ သပိတ်မှောက်ကျောင်းသားကြီးများက မိမိတို့၏အမည်စာရင်းများကို ကျောင်းသားစာရင်းမှ အပြီးတိုင်ပယ်ထုတ်ပါမည့် အကြောင်း အာဏာပိုင်တို့ထံသို့ စာပြန်ကာ တုံ့ပြန်လိုက်လေသည်။ ဒီဇင်ဘာလ ၂၃ ရက်တွင် ဂျီဇီဘီအေအသင်းချုပ်ကြီးက သပိတ်မှောက်ကျောင်းသားများကို အစိုးရကျောင်းများနှင့် အစိုးရအထောက်ပံ့ခံ ကျောင်းများသို့ ပြန်လည်မတက်ကြရန် တိုက်တွန်း နှိုးဆော်ချက်တစ်ရပ် ထုတ်ပြန်စေခဲ့လေသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် မြို့မအထက်တန်းကျောင်း၊ ရန်ကုန်နှင့် အမျိုးသားကျောင်းအမြဲတေများကို အမြဲမြို့သို့ပုံနှံသွားပြီး နွေရာသီစာမေးပွဲများအမီ ကျောင်းသားလူငယ်အပေါင်းဆက်လက်ပညာသင်ကြားနိုင်ရန် အခွင့်အရေးရခဲ့ကြသည်။ ဗဟန်းကောလိပ်ဟု အမည်တွင်သော အမျိုးသားကောလိပ်ကို ပိုင်းဝန်းတည်ထောင် ဖွင့်လှစ်ကြသည်။ အမျိုးသားရေးအစဉ်အလာများကို တန်ဖိုးထားတတ်အောင်၊ ကျွမ်းကျင်တတ်မြောက်အောင် ဖော်ထုတ်သင်ကြားပေးသဖြင့် ယင်းပညာရေးကို သခင်ပညာရေးဟုခေါ်ဝေါ်သုံးနှုန်းကြသည်။

ဝံသာနုလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော ဂျီဇီဘီအေကကြီးမှူး၍ ဝံသာနုလှုပ်ရှားမှုအနေနှင့် အမျိုးသားနေ့ သတ်မှတ်ရန် စတင်ကြိုးစားရာမှ အမျိုးသားနေ့ပေါ်လာရခြင်းဖြစ်သည်။ ၁၉၂၁-ခု မန္တလေး၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီဇီဘီအေကွန်ဖရင့်က အမျိုးသားနေ့သတ်မှတ်ရေး စတင်ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးကြရာတွင် အင်္ဂလိပ်သူရဲ့ယ သတင်းစာမှ ဦးတုတ်ကြီးတင်ပြသည့်သီပေါမင်းနန်းကျသည့် ပါတော်မူနေ့၊ ပျဉ်းမနားလောမှ ဦးဒွေးတင်ပြသည့် ဦးဥတ္တမထောင်ကျသောနေ့၊ ပထမ ကျောင်းသားသပိတ်တွင်ပါဝင်သည့် ကိုမြင့် တင်ပြဆွေးနွေးသည့် ကျောင်းသားများ အင်္ဂလိပ်အစိုးရ၏ ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို သပိတ်လက်နက် စတင်စွဲကိုင် တော်လှန်သည့်နေ့၊ တစ်နေ့နေ့ကို သတ်မှတ်ရန် အကြမ်းသဘောတူကြသည်။

ထို့နောက် ၁၉၂၂ ခုနှစ်၊ ဇွန်လ ၁၇-၁၈တွင် ရန်ကုန်မြို့ဂျူဗလီဟော်ဒ် ကျင်းပသော ဂျီဇီဘီအေ အထူးကွန်ဖရင့်က ၁၉၂၀ ပြည့်၊ ရန်ကုန်တက္ကသိုလ် ဥပဒေကို ကျောင်းသားများသပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားနေ့ဟုသတ်မှတ်ကြောင်း ဆုံးဖြတ်၍အတည်ပြုပေးခဲ့သည်။အမျိုးသားနေ့ပေါ်လာ၍ ၁၉၂၂ ခုနှစ်မှစ၍ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ရောက်တိုင်း အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကျင်းပခဲ့သည်။ အမျိုးသားနေ့ကို အဖွဲ့အစည်းအားလုံးနှင့် တိုင်းရင်းသားတိုင်းက အမြတ်တနိုးထား၍လေးစားကြပြီး အညီအညွတ်ကျင်းပခဲ့ကြသည်။ အမျိုးသားနေ့ကို ၁၉၃၄ ခုနှစ်မှစ၍ ကျောင်းပိတ်ရက်အဖြစ်လည်းကောင်း ၁၉၃၈ ခုနှစ်မှစ၍ ရုံးပိတ်ရက်အဖြစ် လည်းကောင်း ပြဋ္ဌာန်းခဲ့သည်။

အုပ်ချုပ်သူနယ်ချဲ့အစိုးရကို ပထမဆုံးထိထိရောက်ရောက် တော်လှန်ခဲ့သောနေ့ကိုအမှတ်တရရှိစေရန် အမျိုးသားနေ့ အဖြစ်သတ်မှတ်ကာ နှစ်စဉ်ကျင်းပနေသည်မှာ ယခုနှစ်ဆိုလျှင် (၉၉)နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ပြလိုက်ရပါတော့သည်။ ။

Samsung Employee Volunteer Program 2019 အား ထောင့်ကွေး အခြေခံပညာ မူလတန်း (လွန်) ကျောင်းတွင် ကျင်းပ



ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ်ပြုလုပ်လျက်ရှိသည့် Samsung Electronics ၏တစ်ကမ္ဘာလုံးဆိုင်ရာလုပ်အားပေးပွဲတော် Samsung Global Volunteer Festival ၏တစ်စိတ်တစ်ပိုင်းဖြစ်သည့် Samsung Employee Volunteer Program အစီအစဉ်အား ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ အင်းလေးကန်တွင် တည်ရှိသည့် ထောင့်ကွေးအခြေခံမူလတန်း (လွန်) ကျောင်းတွင် နိုဝင်ဘာလ ၁ ရက်၌ ကျင်းပခဲ့သည်။

နိုင်ငံတကာရှိ Samsung ဝန်ထမ်းများအနေနှင့် ၎င်းတို့ဒေသအတွင်းရှိ လူမှုအသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများ ကြုံတွေ့ရသည့် အခက်အခဲပြဿနာများအား ကူညီဖြေရှင်းဖေးမပေးနိုင်ရန် အဓိကရည်ရွယ်၍ Samsung Global Volunteer Festival ကို ၁၉၉၅ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ် သည်။

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်အနီးရှိ ထောင့်ကွေး အခြေခံပညာမူလတန်း(လွန်) ကျောင်းအား ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် အခြေခံပညာမူလတန်းကျောင်းအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် အခြေခံပညာမူလတန်း (လွန်) ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ယခုနှစ် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် သူငယ်တန်းမှ သတ္တမတန်းအထိ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၆၀ ရှိပြီး ကျောင်းဆရာ၊ ဆရာမပေါင်း ၉ ဦးမှ ပညာသင်ကြားပေးလျက်ရှိသည်။ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၉၁ ခုနှစ်မှ စ၍ ယခုအချိန်အထိ အဆိုပါကျောင်းတွင် ကျောင်းသား၊ ကျောင်းသူဦးရေ အပါအဝင် စုစုပေါင်း ၁၉၃ ဦးအထိ တက်ရောက်သင်ကြားခဲ့ပြီးဖြစ်သည်။

Samsung Myanmar ၏ ပထမဆုံး Employee Volunteer Program အား ၂၀၁၅ ခုနှစ်တွင် ပဲခူးမြို့အနီးရှိ ပန်းပျိုးလက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမသန်စွမ်းကွန်ရက်နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၇၈) ရပ်ကွက်တွင်တည်ရှိသည့် အောင်မြေဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင် ဖွင့်လှစ်ထားသော လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မျက်မမြင်ကျောင်းတွင်လည်းကောင်း စီစဉ်ကျင်းပခဲ့သည်။ ယခုအချိန်အထိ အဆိုပါအစီအစဉ်ကြောင့် နွမ်းပါးချို့တဲ့သည့်ဒေသခံနှင့် ကလေးငယ်ပေါင်း ၁,၅၀၀ ကျော်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့ပြီးဖြစ်သည်။

ES

မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် AYA Mobile Banking App ကို ယခုလမှ စတင်အသုံးပြုနိုင်

ဘဏ္ဍာရေးလုပ်ဆောင်ချက်များကို အချိန်မရွေး၊ နေရာမရွေး ဆောင်ရွက်နိုင်စေမည့် AYA Mobile Banking 2.0 App အသစ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ယခုလမှစတင်အသုံးပြုနိုင်ပြီ ဖြစ်ကြောင်း AYA Bank မှ သိရသည်။

AYA Mobile Banking 2.0 Application တွင် လက်တစ်ဖက်တည်းဖြင့် လွယ်ကူရိုးရှင်းစွာအသုံးပြုနိုင်မည့် Quick Menu ၊ လွယ်ကူမြန်ဆန်သည့် ငွေပေးချေမှု Faster Payment ၊ ဝန်ဆောင်မှုစုံလင်ပြီး ရိုးရှင်းလွယ်ကူသည့် Main Menu များ ပါဝင်မည်ဖြစ်ပြီး ၂၄ နာရီကာလ ပတ်လုံး အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် လုံခြုံမှုမြင့်မားသည့် Biometric Login စနစ် (Face ID, Touch ID)ဖြင့် အခြားသူများအလွယ်တကူအသုံးမပြုနိုင်ရန် အပြည့်အဝကာကွယ်ပေးမှု၊ ATM Withdrawal စနစ်တွင် AYA ATM စက်မှ ကတ်မပါဘဲ ငွေထုတ်ယူနိုင်ခြင်း၊ online Bill Payment စနစ်ဖြစ်သော လစဉ်ပုံမှန်ပေးသွင်းရန်လိုအပ်သော ဘီလ်များပေးဆောင်နိုင်ခြင်း၊ Fast Pay ဝန်ဆောင်မှုဖြင့် ကြိုတင်စာရင်းပြုလုပ်ထားပြီး ငွေလွှဲဝန်ဆောင်မှုများ လုပ်ဆောင်နိုင်ခြင်း၊ Messenger ကဲ့သို့ Social Media Application မှတစ်ဆင့် ငွေလွှဲရန် QR စနစ်ဖြင့် လွယ်ကူအဆင်ပြေစွာ လွှဲယူတောင်းခံနိုင်ခြင်းစသည့် ဝန်ဆောင်မှုများရရှိနိုင်မည်ဖြစ်သည်။

AYA Mobile Banking 2.0 အသစ်ကို ဧရာဝတီဘဏ်ခွဲတိုင်းတွင် ဘဏ်စာရင်းအသစ်ဖွင့်လှစ်ခြင်းနှင့်အတူ အခမဲ့လျှောက်ထားနိုင်ပြီး iOS ဖုန်းများအတွက် Apple App Store နှင့် Android Play Store တို့မှ Download ရယူအသုံးပြုနိုင်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ မိုဘိုင်းလ်အင်တာနက်အသုံးပြုနိုင်သည့် နေရာအားလုံးတွင် အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း AYA Bank မှ သိရသည်။

၆





Emirates နှင့် flydubai လေကြောင်းလိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု ၃ နှစ်ပြည့်မြောက်

Emirates နှင့် flydubai လေကြောင်းလိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှု ၃ နှစ်ပြည့်မြောက် ခဲ့ပြီး flydubai လေကြောင်းလိုင်းမှ ဒူဘိုင်း-ရန်ကုန်တိုက်ရိုက် လေကြောင်းခရီးစဉ်အား ဒီဇင်ဘာလ ၁၀ ရက်မှစ၍ နေ့စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း Emirates လေကြောင်းလိုင်းမှ ကြေညာလိုက်သည်။

အဆိုပါ ဒူဘိုင်းအခြေစိုက် လေကြောင်းလိုင်း ၂ လိုင်းအကြား ပူးပေါင်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည့် ၂၀၁၇ ခုနှစ်အောက်တိုဘာလမှ စတင်၍ယနေ့အချိန်အထိ ခရီးသည်ဦးရေပေါင်း ၅.၂၇ သန်းကျော်အတွက် ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးနိုင်ခဲ့သည်။

ယခုပူးပေါင်းဆောင်ရွက်မှုအရ မြန်မာနိုင်ငံမှ ခရီးသည်များသည် flydubai ၏ ပျံသန်းပြေးဆွဲမှုကွန်ရက်အတွင်းရှိ နေရာဒေသပေါင်း ၉၄ ခုထံသို့ သွားရောက်နိုင်မည်ဖြစ်သည့်အပြင် ဒူဘိုင်းလေဆိပ်မှ တစ်ဆင့် Emirates လေကြောင်းလိုင်း၏ ပျံသန်းပြေးဆွဲမှုကွန်ရက်အတွင်းရှိ နေရာဒေသပေါင်း ၁၄၃ ခုသို့လည်း သွားရောက်နိုင်ဦးမည်ဖြစ်သည်။

Emirates လေကြောင်းလိုင်းသည် ၁၉၈၅ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝှမ်းရှိခရီးသည်များအား နေရာဒေသအသီးသီးအား ချိတ်ဆက်ပေးနေပြီး နိုင်ငံပေါင်း ၈၅ နိုင်ငံမှ နေရာပေါင်း ၁၅၈ နေရာအား သွားရောက်လည်ပတ်လိုသူများနှင့် ကုန်ပစ္စည်းပို့ဆောင်လိုသူများအတွက် Emirates ၏ ခေတ်မီဆန်းသစ်သော လေယာဉ်ပေါင်း ၂၆၈ စင်းဖြင့် လေယာဉ်ခရီးစဉ်များ စီစဉ်ပေးလျက်ရှိသည်။

ES

Transcom News journal Cartoons



5G မှပေးလာသော "ရွှေရောင်အခွင့်အလမ်း" ရယူရန်အတွက် Huawei မှ Developer များဖိတ်ခေါ်



Web Summit အခမ်းအနားအတွက် အဖွင့်အမှာစကားပြောရင်း Huawei ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ Guo Ping က ကမ္ဘာ့ developer အဖွဲ့အစည်းအား 5G နှင့် အခြားနည်းပညာများ ပေါင်းစပ်မှုမှပေးလာသည့် ရွှေရောင်အခွင့်အလမ်းအားရယူကြရန် တိုက်တွန်းခဲ့သည်။

သို့ရာတွင် အင်တာနက်ခေတ်တွင် မြင်တွေ့ခဲ့ပြီးသည့်အတိုင်း တန်ဖိုးအစစ်အမှန်အား ထုတ်လုပ်ပေးနိုင်သည်မှာ ထပ်ပေါင်းဖန်တီးထားသည့် application များနှင့် software များဖြစ်ကြောင်း၊ app developer များမှ အမြတ်အစွန်း၏ အများဆုံးပမာဏကိုရရှိပြီး ဝင်ငွေများ အမြန်ဆုံးတိုးပွားလာသည်မှာ ထင်ရှားကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ "လျင်မြန်တဲ့ အမြန်နှုန်း၊ အလွန်နည်းပါးတဲ့ ဒေတာကူးပြောင်းကြာချိန်နဲ့ များပြားလှတဲ့ချိတ်ဆက်မှုတွေကြောင့် 5G ဟာ နေ့စဉ်အသုံးအဆောင်အမျိုးမျိုးကြားက အင်တာနက်ချိတ်ဆက်မှုတွေအတွက် အထူးသာလွန်တဲ့ အတွေ့အကြုံတစ်ရပ် ဖန်တီးပေးနိုင်မှာဖြစ်ပြီးအနာဂတ်မှာ5Gဟာ စီးပွားရေး လုပ်ငန်းရှင်တွေအတွက်လည်း မရေတွက်နိုင်တဲ့အခွင့်အလမ်းတွေ ဖန်တီးပေးဦးမှာဖြစ်ပါတယ်" ဟု Guo က ဆိုသည်။

App နှင့် software developer များအနေဖြင့် ယင်းတို့၏ ပင်ကိုယ်အရည်အချင်းအား အပြည့်အဝထုတ်ဖော်ပြသနိုင်ရန်အတွက် Huawei မှ carrier များဖြင့် အလုပ်လုပ်ကိုင်ပြီး အင်တာနက်၏ အခြေခံလိုအပ်ချက်များကို ဖန်တီးပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အနာဂတ်တွင် မိုဘိုင်းလ်စက်ပစ္စည်းများနှင့် cloud အပေါ် Huawei မှ ပိုမိုအလေးအနက်ထား လုပ်ဆောင်သွားမည်ဖြစ်သည်။

ES

သဘာဝဘေးသင့် ဒေသများသို့ အရံဆန်ရိက္ခာတန်ချိန် ၃၀၀ ကို ပေးပို့လှူဒါန်းမည်

အာဆီယံအပေါင်း - ၃အရေးပေါ် အရံဆန်ရိက္ခာအဖွဲ့ APTERR ၏ Tier-3 အစီအစဉ်အရ ဂျပန်နိုင်ငံက ပေးပို့လှူဒါန်းသည့် အရံဆန်မက်ထရစ်တန် ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာလနောက်ဆုံးအပတ်က နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ အဆင့်မြင့်ဆန်စက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဂျပန်နိုင်ငံက လှူဒါန်းသည့် အရေးပေါ်အရံဆန်ရိက္ခာ မက်ထရစ်တန်ချိန် ၃၀၀ ကို သဘာဝဘေးထိခိုက်ခဲ့သည့် ဒေသများနှင့် အခြားအရေးပေါ်ဆန် လိုအပ်ချက်ရှိသည့်ဒေသများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

ဂျပန်နိုင်ငံက ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ဆန်တန်ချိန် ၅၀၀ လှူဒါန်းခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၃၀၀ ကို အရေးပေါ်အရံဆန်ရိက္ခာအဖြစ် ပေးပို့လှူဒါန်းခြင်းဖြစ်သည်။

အရေးပေါ် အရံဆန်ရိက္ခာ မက်ထရစ်တန်ချိန် ၃၀၀ လှူဒါန်းခြင်းကို ဂျပန်နိုင်ငံအလှူရှင်ကိုယ်စား Mr.Takaya Komine နှင့်အဖွဲ့က လွှဲပြောင်းပေးအပ်ပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးနှိမ်းရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံခဲ့သည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၊ ကိုရီးယား၊ တရုတ် အပေါင်း ၃ နိုင်ငံများဖြင့် ဖွဲ့စည်းထူထောင်ထားသည့် အာဆီယံအပေါင်း-၃ အရေးပေါ်အရံဆန်ရိက္ခာအဖွဲ့ APTERR ၏အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ထိခိုက်နစ်နာသည့် ပြည်သူများကို ထောက်ပံ့နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက ဂျပန်နှင့် ကိုရီးယားက လှူဒါန်းထောက်ပံ့သည့် ဆန်များကို ဆက်သွယ် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

BPO

အကောင်းဆုံးလုပ်ငန်းခွင်ဆု Grand Royal Group ရရှိ

၂၀၁၉-၂၀၂၀ အကောင်းဆုံးလုပ်ငန်းခွင်အဖြစ် အမေရိကအခြေစိုက်အဖွဲ့အစည်းဖြစ်သည့် The Great Place to Work Institute က အသိအမှတ်ပြုသည့် The Great Place Workplace လက်မှတ်ကို ရရှိခဲ့ကြောင်း Grand Royal Group ထံမှသိရသည်။

အဆိုပါ အသိအမှတ်ပြုလက်မှတ်ကို လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများကို စစ်တမ်းကောက်ယူမှု ၉၅ ရာခိုင်နှုန်းအထက် ဝန်ထမ်းများက လုပ်ငန်းခွင်အတွင်း လုံခြုံမှု၊ စိတ်ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှု ဖြစ်ပေါ်စေသည့် လုပ်ငန်းခွင်အစိတ်အပိုင်းအဖြစ် ဂုဏ်ယူခြင်းကြောင့် အဆိုပါလက်မှတ်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှသိရသည်။

Grand Royal Group သည် ဝန်ထမ်းပေါင်း ၂၅၀၀ ကျော်နှင့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းများအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းပေါင်း ၉၂ ခုနှင့် ဝန်ထမ်းပေါင်း ၁၉၀၀ နီးပါးကို သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းသည် ပြည်တွင်းအခွင့်တွင် အများဆုံးအခွန်ထွေထမ်းဆောင်ဆုံးသူ စာရင်းတွင် နှစ်စဉ်ပါဝင်လျက်ရှိပြီး နိုင်ငံတကာမှ ချီးမြှင့်သည့်ဆုများဖြစ်သည့် Best Employer Award 2017၊ Dream Employer Award 2017၊ Dream Employer Award 2019 စသည့် ဆုများရရှိခဲ့သည်။

စိတ်ထက်

မိန်းမလှကျွန်းဘေးမဲ့တောကို ယူနက်စကိုအသိအမှတ်ပြု လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုမည်

ဒီရေတောနှင့် ရွှံနွံလတာပြင်များ၊ အရေးကြီးဇီဝမျိုးစိတ်များ နေထိုင်ကျက်စားရာ မိန်းမလှကျွန်းတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောကို ယူနက်စကို အသိအမှတ်ပြုလူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve-MAB)အဖြစ် အဆိုပြုမည်ဟု သစ်တောဦးစီးဌာနက ထုတ်ပြန်သည်။

မိန်းမလှကျွန်းတောရိုင်း တိရိစ္ဆာန်ဘေးမဲ့တောသည် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်များ (ASEAN Heritage Park-AHP) နှင့် ၂၀၁၇ ခုနှစ်တွင် နိုင်ငံတကာအဆင့် အရေးပါသည့် ရှမ်ဆာရေဝပ်ဒေသ (Ramsar Site)အဖြစ် သတ်မှတ်ခြင်းခံထားရသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် အင်းလေးကန် တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောနှင့် အင်းတော်ကြီးတောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောတို့ သတ်မှတ်ခံထားရပြီးဖြစ်၍ ဂေဟစနစ်ကောင်းမွန်သည့် မိန်းမလှကျွန်းကို ထပ်မံအဆိုပြုမည်ဖြစ်သည်။ မိန်းမလှကျွန်း တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောသည် ၅၂ ဒသမ ၇၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ဒီရေတောဂေဟစနစ်၊ မိကျောင်းအပါအဝင် တွားသွားသတ္တဝါ၊ နို့တိုက်သတ္တဝါ၊ ရေနေသတ္တဝါများ၊ ရေပျော်ငှက်၊ ဌာနေငှက်၊ ဆောင်းခိုငှက်များကို ကြည့်ရှုနိုင်သည်။

ရှောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းသည် မျိုးသုဉ်းလုနီး ရေညှောင့်နှုတ်ဝိုင်းငှက်၊ လဘပင်၊ ရေငန်လိပ် (ခ)သောင်လိပ်၊ မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသည့် ဇရာဝတီလင်းပိုင်၊ ဒုံးမြီးကွက်ငှက်မျိုးစိတ်အပါအဝင် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ ကျက်စားနေထိုင်ရာနေရာဖြစ်ကြောင်းသိရသည်။ BPO

UMFCCI နှစ် (၁၀၀) ပြည့် အခမ်းအနားကျင်းပမည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနား (UMFCCI Centennial Celebration) ကို နိုဝင်ဘာလ ၂၂ ရက်တွင် နေပြည်တော်ရှိ Myanmar Convention Center ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်မည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်မည့် သင်တန်းသူ၊ သင်တန်းသားများအတွက် ရန်ကုန်-နေပြည်တော်အသွားအပြန် မော်တော်ယာဉ်၊ နံနက်စာ၊ နေ့လည်စာနှင့် ဟော်တယ်တစ်ညတာတို့ကို အသင်းချုပ်မှ စီစဉ်ပေးမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်မည့်အသင်းသူ၊ အသင်းသားများအနေဖြင့် အသင်းချုပ် Website-www.umfcci.com.mm တွင် ဦးစွာ online Registration ပြုလုပ်ရမည်ဖြစ်ပြီး Registration ပြုလုပ်ပြီးပါက https://member.umfcci.com.mm/၏ Event List ရှိ Centennial Celebration Event တွင် အခမ်းအနားတက်ရောက်ရန်အတွက် Event Register ထပ်မံပြုလုပ်ရမည်ဖြစ်သည်။

နေရာထိုင်ခင်း စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် နိုဝင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ Registration ပြုလုပ်ရမည်ဖြစ်ပြီး Online Registration ပြုလုပ်ရန် အခက်အခဲရှိသူများအနေဖြင့် UMFCCI ရုံးသို့ လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

၆

စိုက်ပျိုးရေး၊ လယ်ယာသုံးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ ပြသမည်





စိုက်ပျိုးရေးသုံးပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးစက်ပစ္စည်းများဆိုင်ရာ (Myanmar Agritech and Construction Machimery Expo) ကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြပွဲပြုလုပ်ရခြင်းမှာ လွယ်ကူလျင်မြန်သည့် စက်ယန္တရားများ အသုံးပြုပြီး လယ်ယာစိုက်ပျိုးရေးတွင် အကျိုးဖြစ်ထွန်းစေရန်နှင့် အရည်အသွေးကောင်းသည့် စိုက်ပျိုးရေးသုံးပစ္စည်းများ သုံးစွဲနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တရုတ်နိုင်ငံမှ ရောင်းအားကောင်းသည့် ကုမ္ပဏီ ၅၀ ကျော်ပါဝင်ပြသသွားမည်ဖြစ်ပြီး ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေးဖျန်းစက်အပြင် ဆေးဖျန်း Drone များနှင့် ပါကင်ထုပ်စက်များလည်း ပါဝင်ပြသသွားမည်ဖြစ်ကာ ယင်းအပြင် ကျောက်ပွင့်မြေဩ၊ ဓာတ်မြေဩနှင့် အခြားဖြည့်စွက် ပစ္စည်းများ၊ သဘာဝအော်ဂဲနစ်ဓာတ်မြေဩ၊ ဓာတ်မြေဩနှင့် ရွက်ဖျန်းမြေဩ၊ အပင်ကြီးထွားစေရန် ထိန်းချုပ်သည့်ကိရိယာ၊ အခြောက်ခံစက်၊ အမှုန့်ကြိတ်စက်နှင့်လယ်ယာ သုံးစက်ပစ္စည်းများကိုပါ ထည့်သွင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပွဲတာဝန်ခံ ဖုန်း ၀၉-၄၅၀၀၄၅၀၀၃ သို့ ဆက်သွယ်မေးမြန်းနိုင်မည် ဖြစ်သည်။ BPO

Flightradar24

ဦးကာတွန်း

အခြေခံအလုပ် လုပ်ဆောင်ပုံ

Flightradar24 သည် ကမ္ဘာတစ်ဝှမ်းရှိ လေကြောင်းပျံသန်းမှုများအား အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ထုတ်လွှင့် ဖော်ပြပေးခြင်းဖြစ်ပါသည်။ Flightradar24 သည် ရရှိနိုင်သမျှသောသတင်းအချက်အလက်များအား ပေါင်းစပ်ဖော်ပြခြင်းဖြစ်ပါသည် (ဥပမာ ADS-B, MLAT, Radar data)။ ADS-B, MLAT, Radar data တို့အပြင် လေကြောင်းလိုင်းများနှင့် လေယာဉ်ကွင်းများရှိ ပျံသန်းမှုအစီအစဉ်များ၊ လေကြောင်းပျံသန်းမှုများအား စနစ်တကျစုစည်းပေါင်းစပ်ညှိနှိုင်း၍ တိကျသောလေကြောင်းပျံသန်းမှုရှာဖွေခြင်းများအား ပြုလုပ်ပေးပါသည်။ အဆိုပါ လေကြောင်းပျံသန်းမှုရှာဖွေခြင်းများအား www.flightradar24.com နှင့် Flightradar24 application တို့တွင် ကြည့်ရှုနိုင်ရန် လုပ်ဆောင်ပေးထားပါသည်။

ADS-B

ADS-B သည် Automatic Dependent Surveillance-Broadcast ဖြစ်ပြီး Flightradar24 ၏ အချက်အလက်များရယူသော အဓိကနည်းပညာဖြစ်ပါသည်။ လေယာဉ်တစ်စီးသည် ဂြိုဟ်တုစနစ်သုံး GPS တည်နေရာရှာဖွေရေးစနစ်အသုံးပြု၍ ကိုယ်ပိုင်တည်နေရာကို ရှာဖွေတွက်ချက်ပါသည်။ အဆိုပါလေယာဉ်၏ တည်နေရာအချက်အလက်များ အပါအဝင် အခြားသော အချက်အလက်များအား လေယာဉ်ပေါ်တွင် ပါဝင်သည့် လှိုင်းထုတ်လွှင့် စက် (Transponder) ဖြင့် ထုတ်လွှင့်ပေးပါသည်။ လွှင့်ထုတ်လိုက်သောလှိုင်းများအား ADS-B လှိုင်းဖမ်းယူစက် (Receiver) ဖြင့်ဖမ်းယူပြီး Flightradar24 တွင် ပြန်လည်ဖော်ပြပေးပါသည်။ ADS-B စနစ်သည် ခေတ်မီနည်းပညာဖြစ်ပြီး လေကြောင်းထိန်းသိမ်းရေး (ATC-Air Traffic Control) တွင် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်နေပြီဖြစ်ပါသည်။ ခန့်မှန်းတွက်ချက်မှုများအရ စီးပွားရေးသုံးခရီးသည်တင်လေယာဉ် ၇၀% ခန့် (ဥရောပတွင် ၈၀ % ခန့်နှင့် US တွင် ၆၀% ခန့်) သည် ADS-B လှိုင်းလွှင့်ထုတ်စက် (Transponder) တပ်ဆင်ထားကြပါသည်။ ADS-B စနစ် တပ်ဆင်ထားသော လေယာဉ်များ၏အရေအတွက်သည် တစ်ဆထက်တစ်ဆ တစ်ဖြည်းဖြည်းတိုးတက် လျက်ရှိပါသည်။ ၎င်းတို့၏ ပြောကြားချက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ADS-B စနစ်သည် လေယာဉ်တိုင်းတွင် မဖြစ်မနေတပ်ဆင်ရမည့်အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများအဖြစ် အတည်ပြုထုတ်ပြန်ပါက ATC တွင် လက်ရှိအသုံးပြုနေသော ပင်မရေဒါစနစ်များနေရာတွင် ADS-B စနစ်အား ပြောင်းလဲအစားထိုး အသုံးပြုနိုင်မည်ဟုဆိုပါသည်။

Flightradar24 သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ ADS-B လှိုင်းဖမ်းယူစက် (Receiver) အလုံးပေါင်း ၁၇၀၀၀ ကျော်နှင့် ကွန်ရက်ချိတ်ဆက်ထားပြီးဖြစ်ပါသည်။ ADS-B လှိုင်းလွှင့်ထုတ်စက်ပါသော လေယာဉ်များမှ ပေးပို့သည့်အချက်အလက်များအားရယူ၍ ဆာဗာသို့ တစ်ဆင့်ပြန်လည်ပေးပို့ပါသည်။ လှိုင်းဖမ်းယူစက်များသည် HF frequency လှိုင်းနှုန်း 1090 MHz ဖြင့် အသုံးပြုထားသောကြောင့် လွှမ်းခြုံဖမ်းယူနိုင်သော ဧရိယာသည် တည်နေရာများအပေါ်မူတည်၍ ၂၅၀ မှ ၄၅၀ ကီလိုမီတာ (၁၅၀ မှ ၂၅၀ မိုင်) အတွင်းရှိပါသည်။

MLAT

အချို့သောဒေသများတွင် ADS-B စနစ်မတပ်ဆင်ထားသောလေယာဉ်များအား တည်နေရာရှာဖွေတွက်ချက်ရန်အတွက် MLAT (Multilatration) စနစ်ကို အသုံးပြုပါသည်။ MLAT သည် တည်နေရာပြောင်းလဲမှု အချိန်ခြားနားခြင်း တွက်ချက်မှုစနစ် (TDOA – Time Difference of Arrival) ကို အဓိကအသုံးပြုထားပါသည်။ ပုံစံဟောင်း Mode-S စနစ်လွှင့်ထုတ်စက်ပါဝင်သော လေယာဉ်များအား တည်နေရာရှာဖွေတွက်ချက်ပေးနိုင်ပြီး MLAT စနစ်အတွက် အဆိုပါလှိုင်းလွှင့်ထုတ်စက် လေးလုံးမှပေးပို့သောအချက်အလက်များ ပေါင်းစပ်တွက်ချက် ပုံဖော်ရန်လိုအပ်ပါသည်။ MLAT စနစ်လွှမ်းခြုံနိုင်မှုသည် ပေ ၃၀၀၀ မှ ၁၀၀၀၀ အတွင်း ရှိပါသည်။

North America Radar Data

ADS-B နှင့် MLAT တို့အပြင် မြောက်အမေရိကတိုက်ပတ်ဝန်းကျင်ရှိ လေကြောင်းပျံသန်းမှုအချက်အလက်များအား ရယူထည့်သွင်းတွက်ချက်ပါသည်။ အဆိုပါ အချက်အလက်များသည် ရေဒါများမှရရှိသော အချက်အလက်များဖြစ်ပြီး (ADS-B စနစ်မပါဝင်သော လေယာဉ်များအပါအဝင်) US၊ ကနေဒါ၊ အတ္တလန်တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာများအတွင်းရှိ ပျံသန်းမှုခရီးစဉ်များ၊ စီးပွားဖြစ်ခရီးသည်တင် လေကြောင်းပျံသန်းမှုများအား ဖမ်းယူရရှိနိုင်ပါသည်။

Flarm

Flarm သည် ADS-B စနစ်နှင့်ဆင်တူပြီး အကွာအဝေးအနည်းအငယ်သာဖမ်းယူနိုင်သည့် ရိုးရှင်းသော ပုံစံရှိပါသည်။ အဓိကအားဖြင့် လေဟုန်စီးသည့် (Gliders) များနှင့် သေးငယ်သောလေယာဉ်များ ဖမ်းယူနိုင်ရန် အသုံးပြုပါသည်။ Flarm ၏ အကွာအဝေးလွှမ်းခြုံနိုင်မှုသည် ၂၀ မှ ၁၀၀ ကီလိုမီတာအတွင်း ရှိပါသည်။ Flarm သည် Glider ပျံသန်းမှုများသည့် လေယာဉ်ကွင်းငယ်များတွင် တပ်ဆင်လေ့ရှိကြပါသည်။

ခန့်မှန်းတွက်ချက်မှုများ

လေယာဉ်တစ်စင်း၏ ခရီးအဆုံးဆင်းသက်မည့် နေရာ (Destination) ကြိုတင်သိရှိရသည့် အခြေအနေဖြစ်ပါက လေယာဉ်သည် Flightradar24 receiver စနစ်များ၏ လွှမ်းခြုံနိုင်မှုဧရိယာပြင်ပတွင်ပျံသန်းလျက်ရှိသော်လည်း လမ်းကြောင်းခန့်မှန်းတွက်ချက်မှုအား ၂ နာရီစာပြု လုပ်ပေးနိုင်ပါသည်။ Destination မသိရှိရပါက လေယာဉ်၏တည်နေရာခန့်မှန်းတွက်ချက်မှုအား ၁၀ မိနစ်ထိ လုပ်ဆောင်ပေးနိုင်ပါသည်။ Destination မသိရှိပါက တည်နေရာအား တွက်ချက်ရာတွင် အခြေခံအချက်အလက်ပေါင်းများစွာ ထည့်သွင်းတွက်ချက်ခြင်းဖြစ်ပြီး အချို့သောလေကြောင်းပျံသန်းမှုများသည် အလွန်ပင်တိကျပါသည်။ သို့ သော် အချို့သောလေကြောင်းပျံသန်းမှုများသည် လွှမ်းခြုံနိုင်သော ဧရိယာပြင်ပဖြစ်ပါက လွှမ်းနိုင်မှုသည် ၁၀၀ ကီလိုမီတာ (၅၅ မိုင်)အထိရှိနိုင်ပါသည်။ Flightradar24 ၏ Setting ချိန်ညှိခြင်းတွင် ခန့်မှန်းတွက်ချက်ထားသည့် လေကြောင်းပျံသန်းမှုများအား အချိန်မည်မျှအထိ ထားမည်ကို သတ်မှတ်ချိန်ညှိနိုင်ပါ သည်။

Flightradar24 စနစ်အား စတင်ထုတ်လွှင့်စဉ်တွင် ခရီးသည် ၁၀၀ ဦးအထက်ပါသော စီးပွားရေးသုံးလေယာဉ်များအတွက် အဓိကထားအသုံးပြုနိုင်ရန်စီစဉ်ထားပြီး လက်ရှိတွင် ADS-B စနစ်တွင်ပါဝင်သော လေယာဉ်/ ရဟတ်ယာဉ်များအတွက်ပင် အသုံးပြုနိုင်ပါသည်။ လေယာဉ်ကုမ္ပဏီများနှင့် ထုတ်လုပ်သူများသည် ADS-B လွှင့်ထုတ်စက် (Transponder) တပ်ဆင်ခြင်းအား မဖြစ်မနေလုပ်ဆောင်ရမည့် အခြေအနေသို့ ရောက်ရှိလာနိုင်ပါသည်။

ADS-B လွှင့်ထုတ်စနစ် (Transponder) ပါဝင်ပြီး Flightradar24 တွင် ဖော်ပြပေးနိုင်သည့် လေယာဉ်အမျိုးအစားများမှာ-

(က) Airbus အားလုံး (A300, A310, A318, A319, A320, A321, A330, A340, A350, A380)
(ခ) Antonov An-148 and An-158
(ဂ) ATR 72-600 (အသစ်)
(ဃ) BAe ATP
(င) BAe Avro RJ70, RJ85, RJ 100
(စ) Boeing 737, 747, 757,767,777,787
(ဆ) Bombardier CS 100 and CS 300
(ဇ) Embraer E190 (အသစ်)
(ဈ) Fokker 70 and 100
(ည) McDonnell Douglas DC-10 and MD-11
(ဋ) Sukhoi SuperJet 100
(ဌ) Ilyushin and Tupolev အမျိုးအစားအသစ် (ဥပမာ IL-96, TU-204)

ADS-B စနစ်မပါဝင်သော လေယာဉ်များနှင့် Flightradar24 တွင် မဖော်ပြနိုင်သော လေယာဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) Antonov AN-124 and An-225
(ခ) ATR 42, 72 (အသစ်ရောက်ရှိသော ATR72-600 လေယာဉ်များမှလွဲ၍)
(ဂ) Boeing 707, 717, 727, 737-200, 747-200, 747-100, 747SP
(ဃ) BAe Jetstream 31 and 32
(င) All Bombardier CRJ models (အသစ်ရောက်ရှိသော CRJ-900 လေယာဉ်များမှလွဲ၍)
(စ) All Bombardier Dash models
(ဆ) All CASA models
(ဇ) All Dornier models
(ဈ) All Embraer models (အသစ်ရောက်ရှိသော Embraer E190 လေယာဉ်မှ လွဲ၍)
(ည) De Havilland Canada DHC-6 Twin Otter
(ဋ) Fokker 50
(ဌ) McDonnell Douglas DC-9, MD-8x, MD-90
(ဍ) Saab 340 and 2000
(ဎ) ရဟတ်ယာဉ်အများစု
(ဏ) ခေတ်ဟောင်းလေယာဉ်အများစု
(တ) စီးပွားရေးသုံးလေ ယာဉ်အများစု
(ထ) တပ်မတော်လေယာဉ်အများစု
(ဒ) ပန်ကာတပ်လေယာဉ်အများစု

အထက်ပါလေယာဉ်များသည် Flightradar24 တွင်ပေါ်သည့်လေယာဉ်များနှင့် မပေါ်သည့်လေယာဉ်များဖြစ်သော်လည်း ချွင်းချက်အနေဖြင့် အချို့သော လေယာဉ်များသည် ADS-B စနစ်မပါရှိဘဲ ADS-B လွှမ်းခြုံနိုင်သော ဧရိယာအတွင်း၌သာပျံသန်းပါက Flightradar24 တွင် ဖော်ပြပေးနိုင်မည်မဟုတ်ပါ။ အချို့သောလေယာဉ်ငယ်များသည် ADS-B စနစ်တပ်ဆင်ထားပြီး ADS-B လွှမ်းခြုံနိုင်သော ဧရိယာအတွင်း၌သာပျံသန်းပါက Flightradar24 တွင် ဖော်ပြပေးနိုင်မည်ဖြစ်သည်။

Flightradar24 တွင် ဖော်ပြနိုင်သည့်လေယာဉ်များ

MLAT, Radar, Flarm တို့၏ လွှမ်းခြုံနိုင်သော ဧရိယာများအတွင်းဖြစ်ပါက လေယာဉ်များသည် အမျိုးအစားများအပေါ်တွင်မူတည်မှုမရှိဘဲ Flightradar24 တွင် ဖော်ပြပေးနိုင်ပါသည်။ ပန်ကာတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Glider များပင် ဖမ်းယူရရှိနိုင်ပါသည်။ သို့သော်လည်း MLAT တွင် ကန့်သတ်ချက်များစွာရှိပါသည်။ အမြင့်ပေ ၃၀၀၀ နှင့် ၁၀၀၀၀ ကြားတွင်ရှိသော လေယာဉ်များကိုသာ ဖမ်းယူရရှိနိုင်ပါသည်။ Radar Data များနှင့်ဖမ်းယူသော လေယာဉ်များသည် ပျံသန်းမှုအစီအစဉ် (Flight Plan) တင်ထားခြင်းမရှိသော ပုံမှန်လေယာဉ်များသည် ဖော်ပြပေးနိုင်ခြင်းမရှိသည့်အပြင် အချို့သောလေယာဉ်များ

စာ- ၂၅ »





Vietjet လေကြောင်းလိုင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Nguyen Thi Phuong Thao "APAC CEO of The Year" ဆုချီးမြှင့်ခြင်းခံရ



Vietjet လေကြောင်းလိုင်းသည် ၎င်း၏နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ခြင်းအတွက် နိုင်ငံတကာမှဆုများစွာအား လက်ခံရရှိထားပြီး ယခုတွင်လည်း လေကြောင်းလိုင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Nguyen Thi Phuong Thao သည် နိုဝင်ဘာလ ၅ ရက် ဟောင်ကောင်၌ ကျင်းပခဲ့သည့် 2019 Aviation 100 Awards ဆုပေးပွဲတွင် "APAC CEO of The Year"ဆုကို လက်ခံရရှိခဲ့သည်။

Vietjet လေကြောင်းလိုင်း၏ စီအီးအိုသည် လေကြောင်းလိုင်းကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သည့် ခေါင်းဆောင်တစ်ဦးအဖြစ်သာမက အာရုပစိဖိတ်ဒေသ၏ လေကြောင်းပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများဆုံးပါဝင် ဆောင်ရွက်မှုကြောင့် APAC CEO of The Year ခေါင်းစဉ်ဆုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Vietjet လေကြောင်းလိုင်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အတွင်း အာဆီယံထိပ်သီးအစည်းအဝေး၏ မူဘောင်အတွင်း၌ ကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အာဆီယံစီးပွားရေးဆု ASEAN Business Awards (ABA) တွင် အရှေ့တောင်အာရှဒေသ၏ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းကဏ္ဍတွင် အကောင်းဆုံး စီးပွားရေးလုပ်ငန်းအဖြစ်လည်း သတ်မှတ်ခြင်းခံရသည်။

အာဆီယံစီးပွားရေးဆု (ASEAN Business Awards) ကို အာဆီယံစီးပွားရေးအကြံပေးကောင်စီ ASEAN Business Advisory Council (ASEAN-BAC) မှ ၂၀၀၇ ခုနှစ်တွင် အာဆီယံစီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးမှုများကို အထောက်အကူပြုသော စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းရှင်များကို အသိအမှတ်ပြုရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အာဆီယံစီးပွားရေးဆုသည် ASEAN Economic Community (AEC) နှင့် သက်ဆိုင်သော သတင်းအချက်အလက်များ မျှဝေရန်အတွက် ဒေသအတွင်းနှင့် ကမ္ဘာတစ်ဝှမ်း ပူးပေါင်းဆောင်ရွက်မှု ပိုမြှင့်တင်ပေးသော နေရာလည်းဖြစ်ပါသည်။

လက်ရှိတွင် Vietjet လေကြောင်းလိုင်းသည် ရန်ကုန်-ဟန္ဒိုင်း အသွားအပြန်ခရီးစဉ်ကို တစ်ပါတ်လျှင် ၇ ရက် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါသည်။ မြန်မာခရီးသွားဧည့်သည်များအနေဖြင့် စျေးနှုန်းသင့်တင့်မျှတသော လက်မှတ်များဖြင့် ဗီယက်နမ်မြို့တော် ဟန္ဒိုင်းမှတစ်ဆင့် ဗီယက်နမ်၏ စည်ကားသောမြို့များ၊ လှပသောရှုခင်းများ၊ရိုးရာယဉ်ကျေးမှုများနှင့် ကြွယ်ဝသောအစားအစာများ တည်ရှိသည့်နေရာများသို့ ပျော်ရွှင်စရာကောင်းသော အပန်းဖြေခရီးထွက်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

ES



ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များ အကောင်အထည်ဖော်ရေး အစည်းအဝေးကျင်းပ

ASEAN-ERAT အဖွဲ့၏ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာမှုအစီရင်ခံစာပါ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၉ ရက်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ (၂) နှစ်ပြည့်အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် အမှာစကားအချို့ကို အစည်းအဝေးတွင်မျှဝေလိုပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကို အမျိုးသားရေးအဖြစ် အလေးထားဆောင်ရွက်လျက်ရှိရာ ပံ့ပိုးကူညီကြသည့် မိတ်ဖက်နိုင်ငံများနှင့် အာဆီယံတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လ(၃၀) ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးအရ သက်ဆိုင်သည့်ဌာန အသီးသီးက ဦးစားပေးလုပ်ငန်းများကို အဆိုပြုတင်ပြထားပြီးဖြစ်ရာ အောက်တိုဘာလ (၂၉) ရက် အစည်းအဝေးတွင်အသေးစိတ်လုပ်ငန်းစဉ်များနှင့် အကောင်အထည်ဖော်မည့် Timeline အစီအစဉ်များကိုလည်း ဆွေးနွေးအတည်ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဒုတိယအကြိမ်နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဦးစားပေးစီမံကိန်း (၇)ခုအား ပထမအဆင့်အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ES

Payment Card စနစ်ကို နိုဝင်ဘာလ (၁၈)ရက်တွင် တပ်ဆင်နိုင်ရန် စီစဉ်ထား

YBS ယာဉ် (၁၅၀၀)အတွက် Payment Card စနစ်ကို နိုဝင်ဘာလ (၁၈)ရက်တွင် တပ်ဆင်နိုင်ရန် စီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

YPS စက်များကို သတ်မှတ်ရက်အတွင်း အပြီးတပ်ဆင်နိုင်ရန်အတွက် YRTA နှင့် စက်များတပ်ဆင် ခွင့်ရ Asia Starmar ကုမ္ပဏီနှင့် တပ်ဆင်မည့် YBS ယာဉ်လိုင်းကုမ္ပဏီတို့မှ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နေကာ တပ်ဆင်ရေးအပိုင်းများအတွက် နိုဝင်ဘာလ (၁)ရက်မှ စတင်ကာ ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်တပ်ဆင်သည့် ကာလအတွင်း YUPT ကုမ္ပဏီ၏ ယာဉ်လိုင်း (၁၅)နေရာ၊ YBPC ကုမ္ပဏီ၏ ယာဉ်လိုင်း (၁၀)နေရာ၊ ဗန္ဓုလ ကုမ္ပဏီ၏ ယာဉ်လိုင်း (၃)နေရာ၊ ရွှေတောင်ပိုင်းကုမ္ပဏီ၏ ယာဉ်လိုင်း (၂)နေရာတို့တွင် ခွဲဝေတပ်ဆင်သွားမည်ဖြစ်သည်။

Payment Card (YPS) စက်များကို YUPT ကုမ္ပဏီမှ ကားအစီးရေ (၅၀၀)၊ YBPC ကုမ္ပဏီမှ ကားအစီးရေ (၅၀၀)၊ ဗန္ဓုလကုမ္ပဏီမှ ကားအစီးရေ (၃၀၀)နှင့် ရွှေတောင်ပိုင်းကုမ္ပဏီမှ ကားအစီးရေ (၈၀)တို့တွင် တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

မထသစနစ်မှ YBS စနစ်သို့ ပြောင်းလဲပြီးနောက် လက်ရှိတွင် ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း (၁၀၀)ရှိပြီး YRTA တွင် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေပေါင်း (၆၆၃၅)စီးရှိကာ နေ့စဉ် ယာဉ် အစီးရေ (၄၅၀၀)ကျော်ဖြင့် ပြည်သူဒဏ (၁.၈)သန်းခန့်ကို သယ်ယူပို့ဆောင်လျက်ရှိသည်။

ဇ



(၈) ကြိမ်မြောက် ဂျပန်ထုတ်ကုန်ပြပွဲ တပ်မတော်ခန်းမ၌ ကျင်းပမည်



Myanmar Promotional Service (MPS) Co., Ltd. က စီစဉ်ကျင်းပသော ရှစ်ကြိမ်မြောက် ဂျပန်ထုတ်ကုန်ပြပွဲ (Japan Expo Yangon 2019) ကို နိုဝင်ဘာလ (၁၅)ရက်မှ (၁၇) ရက်အထိ ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံပြည်ပကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်း (JETRO) မှ သိရသည်။

နိုဝင်ဘာလ (၅)ရက်က ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။ အဆိုပါပြပွဲကို ဂျပန်-မြန်မာနှစ်နိုင်ငံကြား စီးပွားရေးကုန်သွယ်မှုနှင့် ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ အဆင့်မြင့်နည်းပညာများကို လေ့လာနိုင်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းရှင်အချင်းချင်း ပိုမိုကောင်းမွန်စွာ ချိတ်ဆက်မိပြီး လုပ်ငန်းအတွေ့အကြုံများ ဖလှယ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

နိုင်ငံတစ်နိုင်ငံအတွက် ယခုလို Expo ရှိမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ အထူးသဖြင့် ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်၍ရပြီဆိုသည့် အင်အားတစ်ခုဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ယခုလိုပွဲများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဈေးကွက်ကိုမသိသေးသည့် ဂျပန်လုပ်ငန်းရှင်များအနေဖြင့် ယခုလိုပွဲမျိုးကို လာရောက်ကြည့်ရှုပါက မြန်မာလူမျိုးတွေ၏ respond ကို သိခွင့်ရမည်ဖြစ်ကြောင်းနှင့် အထူးသဖြင့် ဂျပန်နိုင်ငံ၏ FDI ကို ဖိတ်ခေါ်နိုင်သလို ဂျပန်နိုင်ငံက ပစ္စည်းများကို မြန်မာလူမျိုးများနှင့် မိတ်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း JETRO မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုပြပွဲတွင် အရည်အသွေးမြင့် ဂျပန်နိုင်ငံထုတ်ကုန်ပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ် ဆေးဝါးပစ္စည်းများ၊ ဂျပန်သင်တန်းကျောင်းများ၊ ဂျပန်နိုင်ငံမှ နည်းပညာမြင့်စက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အိမ်သုံးပစ္စည်းများနှင့် အလှကုန်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ ဆက်သွယ်ရေး၊ လုံခြုံရေးနှင့် ဆက်စပ်ပစ္စည်းများ စသည့်ပြခန်းများစွာ ပါဝင်မည်ဖြစ်သည်။

စိတ်ထက်



သဘော်ဘဝးနှင့် အလုပ် (Closing the hatch covers)

ဒေါင်မျိုး

ကုန်သွယ်ရေကြောင်း သဘော်များသည် ခရီးစဉ်အလိုက် ကုန်တင်ဆောင်ခြင်း၊ ဂရုပြုသယ်ယူပို့ဆောင်ခြင်း၊ တင်ဆောင်လာသော ကုန်များအား သတ်မှတ်ဆိပ်ကမ်းအလိုက် သတ်မှတ်ပမာဏအား ကုန်ချခြင်း စသောလုပ်ငန်းစဉ်များကို အစဉ်မပြတ်ထမ်းဆောင်နေကြပါသည်။ ထို့ကြောင့် ရေယာဉ်ဝန်ထမ်းများသည်လည်း သဘော်ဆိပ်ကမ်းမှခွာရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Preparations for Un-Berthing / Cast Off the berth) ရေကြောင်းပြ၊ တွန်းသဘော် (Tug Boat) အကူအညီဖြင့် သဘော်ဆိပ်ကမ်းမှခွာခြင်း စသဖြင့် ဆောင်ရွက်ကြရပါသည်။ သဘော်ဆိပ်ကမ်းမှခွာရန် ပြင်ဆင်ဆောင်ရွက်ခြင်း (Preparations for Un-Berthing/ Cast Off the berth) နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်သုံး အင်္ဂလိပ်ဘာသာ စကား (Working Language English) အတည်ပြုသတ်မှတ်ထားသော ကုန်သွယ်ရေကြောင်းသွားလာသော ရေယာဉ်များတွင် အသုံးပြုနေသော လုပ်ငန်းစဉ်သုံး (Simple English) များမှာ –

၁။ Sweep / Clean / Clear any cargo residues from ‘ hatch coamings’ double drainage channel & trackways. Bulk Carrier မထုပ်မပိုးပဲ ဝမ်းလောင်းကုန်များ တင်ဆောင်နိုင်သော သဘော်များတွင် ကုန်များချပြီးနောက် သက်ဆိုင်ရာကုန်ပေါက်အလိုက် အဖုံးကြီးများ (Hatch Covers) များအား (Sea Going Conditions), ပင်လယ်ပြင်ထွက်ခွာနိုင်သော လုံလောက်သည့် အနေအထား၊ (Watertight Integrity) ရေလုံသည့် အနေအထားရှိစေရန် ပြင်ဆင်ဆောင်ရွက် ဖုံးပိတ်ကြရပါသည်။ ထိုသို့ရေလုံနိုင်သည့် အနေအထားရှိစေရန် ကုန်ပေါက်အဖုံးများ၏ ဆုံတွေ့ပိတ်ဖုံးသည့်နေရာ (Meeting points of folding hatch covers) များ၏ (Steel to steel, meeting points) များတွင် Rubber Liners များထည့်သွင်းတပ်ဆင်ထားကြပါသည်။ ထို့ကြောင့် ရေလုံနိုင်သော ဂုဏ်သတ္တိထိခိုက်ပျက်စီးခြင်း မရှိစေရန်၊ Rubber Liners များ မထိခိုက်စေရန် ကုန်ပေါက်အဖုံးကြီးများ ပိတ်မည့်နေရာများအား ကုန်အကြွင်းအကျန်များကင်းရှင်းစေရန် ရှင်းလင်းလှည်းကျင်းခြင်း ဆောင်ရွက်ကြရပါသည်။

၂။ Use compressed air to hose down all areas on the hatch coamings top plates. လှည်းကျင်းပြီးနောက် လေဖိအားသုံး၍ ကုန်ပေါက်အဖုံးကြီးများ ပိတ်မည့်နေရာများအား လေထိုးရှင်းလင်းပါ။

၃။ Check inside the holds & respective opening hatch covers for any Stevedores’ damages. ကုန်ချသော လုပ်ငန်းစဉ်အတွင်း ၊ ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားများ၏ အသုံးပြုသွားသော (Shore Grabs ၊ ကုန်ခတ်ယူသောပစ္စည်းကိရိယာ)၊ (ကုန်များစုပုံပေးသော ၊ Pay loader အစရှိသော ပစ္စည်းကိရိယာများ)ကြောင့် ကုန်ပေါက်အတွင်း၌သော်လည်းကောင်း၊ ဖွင့်ထားသော ကုန်ပေါက်အဖုံးကြီးများအား ထိခိုက်ပျက်စီးမှုရှိ၊ မရှိ စစ်ဆေးရပါမည်။

၄။ Check the drain valves at all four corners are well clear & not clog by any cargo residues . ကုန်ပေါက်အဖုံးကြီးများပိတ်ဖုံးပြီးနောက် မိုးရေ၊ ပင်လယ်ရေ အစရှိသော ရေများချောမွေ့စွာ စီးဆင်းနိုင်စေရန် တပ်ဆင်ထားသော ကုန်ပေါက်တစ်ပေါက်ခြင်းစီ၏ ရှေ့၊ နောက်၊ ဘယ်၊ ညာ၊ ထောင့်လေးထောင့်ရှိ ရေဆင်းပေါက်များချပြီးသော ကုန်ပစ္စည်းအကြွင်းအကျန်များ ကင်းရှင်းခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

၅။ Confirm at least two crew members should be involved when closing the hatches. ကုန်ပေါက်အဖုံးကြီးများ ပိတ်ဖုံးချိန်တွင် အနည်းဆုံးရေယာဉ်ဝန်ထမ်းနှစ်ဦးဖြင့် ဆောင်ရွက်ရပါမည်။

၆။ Confirm the securing devices which were applied at the times of hatch openings, already cleared. ကုန်ပေါက်အဖုံးကြီးများ မပိတ်မီ ဖွင့်ထားစဉ် အရေးအကြောင်းမတော်တဆပြန်လည်လျှောမကျလာစေရန် ရှေ့၊ နောက်၊ ဘယ်၊ ညာ၊ ထောင့်လေးထောင့်၌ ချိတ်ဆွဲ ထားသော ချိတ်လေးခုအား ဖြုတ်ပါ။

၇။ Once all clear & confirmed that no one inside the cargo hold, close the hatch covers. ကုန်ပေါက်အတွင်း၌ လူအားလုံးကင်းရှင်းပြီး ကုန်ပေါက်အဖုံးကြီးများ ပိတ်မည့်နေရာများအားလုံး ကင်းရှင်းချိတ်ဆွဲထားသော ချိတ်များအားလုံး ကင်းရှင်းပါက အနည်းဆုံးရေယာဉ်ဝန်ထမ်းနှစ်ဦးဖြင့် အဖုံးပိတ်ဖုံးပါ။

၈။ Confirm no one climb on the hatch covers while they are moving. ကုန်ပေါက်အဖုံးကြီးများ ပိတ်ဖုံးချိန်တွင် အဖုံးပေါ်၌ မည်သူတစ်ဦးတစ်ယောက်မှမရှိစေရန် စီးနင်းလိုက်ပါခြင်းမရှိစေရန် ဂရုပြုပါ။

၉။ Report any abnormalities (Uneven or unusual movement, Abnormal variation in speed, Unusual vibrations) while operating hatch covers. ကုန်ပေါက်အဖုံးကြီးများ ပိတ်ဖုံးချိန်တွင် ပုံမှန်မဟုတ်သောအနေအထားများ တွေ့မြင်ကြားသိပါက လိုအပ်သလို အရေးယူဆောင်ရွက်ရန် သတင်းပို့ပါ။

၁၀။ Cleats should be tightened not very hard in order to allow for the ship flexing at sea. မလိုလားအပ်သော ကုန်ပေါက်အဖုံးကြီးများ ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် ချိတ်များအား ထိုက်သင့်သော တင်းအား ထိသာ ဆွဲတင်းကြပ်ပါ။ ဤကဲ့သို့ ဂရုပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

» စာ- ၂၃

သည် လေယာဉ်မှတ်ပုံတင် အမှတ်အသား (Registration) များနှင့် ပျံသန်းမည့်လမ်းကြောင်း အချက်အလက်များ မဖော်ပြနိုင်ခြင်းများ ဖြစ်ပေါ်တတ် ပါသည်။ ထို့အတူ MLAT စနစ်အသုံးပြုရာတွင်လည်း လေယာဉ်အခေါ်အဝေါ် (Call Sign) များ မဖော်ပြနိုင် ခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။

ကန့်သတ်ပိတ်ပင်ခြင်းများ

လုံခြုံရေးကိစ္စရပ်များနှင့် လျှို့ဝှက်ကိစ္စများအတွက် အချို့သောပျံသန်းမှုခရီးစဉ်များအား ကန့်သတ်ခြင်း၊ ပိတ်ပင်တားမြစ်ခြင်းများ ပြုလုပ်ထားပါသည်။ တပ်မတော်လေယာဉ်များနှင့် နိုင်ငံ့ထိပ်သီးပုဂ္ဂိုလ်များ၏ ခရီးစဉ်များအား မဖော်ပြနိုင်ရန် ဆောင်ရွက်ထားပါသည်။

Flightradar24 ၏ လွှမ်းခြုံနိုင်မှု


Flightradar24 တွင် အဓိကကျသည့် လေယာဉ်ကွင်းများအား အပြာရောင်အမှတ်အသားများဖြင့် ဖော်ပြထားပါသည်။ လွှမ်းခြုံနိုင်သည့်ဇရီယာသည် ကမ္ဘာတစ်ဝှမ်းရှိ အချက်အလက်ထောက်ပံ့ကူညီသူများပေါ်တွင်မူတည်နေပါသည်။ သတိထားရမည့်အချက်အနေဖြင့် လေကြောင်းပျံသန်းမှုများအား ဖော်ပြနိုင်မှုနှင့် စနစ်၏ဇရိယာလွှမ်းခြုံနိုင်မှုသည် လေယာဉ်အမျိုးအစား၊ လွှင့်ထုတ်စက်အမျိုးအစား၊ အမြင့်ပေနှင့် မြေပြင်/ရေပြင်အခြေအနေတို့ပေါ်တွင်မူတည်၍ ပြောင်းလဲမှုများရှိနိုင်ပါသည်။ တည်နေရာတစ်ခုတည်း၌ပင် လေယာဉ်အမျိုးအစားမတူညီပါက ဖော်ပြနိုင်မှုသည်လည်း ခြားနားမှုများစွာရှိမည်ဖြစ်ပါသည်။ အကယ်၍ သိရှိစုံစမ်းလိုသော လေယာဉ်အချက်အလက်သည် Flightradar24 တွင် မပေါ်ပါက သင့်တော်သောလွှင့်ထုတ်စက် မပါ၍သော်လည်းကောင်း၊ Flightradar24 ၏ လွှမ်းခြုံနိုင်မှုဇရိယာပြင်ပတွင် ရောက်ရှိနေသောကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်ဟု စုစည်းတင်ပြအပ်ပါသည်။

Source: https://www.Flightradar24.com/how-it-works





ရိုးမတောင်ပေါ်က ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်တဲ့.. "ရိုးမပေါ်ကျတဲ့ မျက်ရည်"



ကျောင်းဆရာလေး တင်မောင်ဝင်းသည် အထက်တန်းပြရာထူးတိုးကာ သွားလာရခက်ခဲပြီးဝေးလံခေါင်သီသည့် ရိုးမတောအနီးမှရှိန်းခါးရွာသို့ ပြောင်းရွှေ့တာဝန်ကျလာသူဖြစ်သည်။ တင်မောင်ဝင်းရောက်လာပြီး မကြာမီမှာပင် အမူးလွန်ကာကမ်းပါးပေါ်မှပြုတ်ကျသည့် ကျောင်းအုပ်ဆရာမကြီးက ဆေးပင်စင်ယူကာ တင်မောင်ဝင်းကို ကျောင်းအုပ်ရာထူးလွှဲပြောင်းပေးအပ်လိုက်သည်။

အထက်ကပေးအပ်လိုက်သည့် တာဝန်တွင်လည်း တင်မောင်ဝင်းသည် ရှိန်းခါးကျေးရွာအားတွဲဖက် အုပ်ချုပ်ရသည့် ရာထူးဖြစ်သည်။ ဒေသခံများ၏ ယုံကြည်မှုကို ရရှိရန် ခက်ခဲသော်လည်း ကြိုးစားအားထုတ်ခဲ့ရာ ရွာသူရွာသားများ၏ ယုံကြည်မှုကို ရရှိခဲ့ပြီး ရွာသူရွာသားများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိခဲ့သည်။ ထိုအချိန်တွင် ရွာသူရွာသားများ၏ ဘဝအဆင့်အတန်းသည် အလွန်နိမ့်ကျနေသည်ကို တွေ့ရှိခဲ့ရသည်။ ရွာသူရွာသားများ၏ ဘဝအဆင့်အတန်းမြင့်မားလာစေရန် ကျောင်းသားများကို ပညာသင်ကြားပေးရုံသာမက ရွာသူရွာသားများကိုလည်း ပညာရေးဆိုင်ရာ အသိပညာများ ပေးခဲ့သည်။

ဤသို့ဖြင့် ကျောင်းသားများ၏ မိဘများနှင့် ရွာသူရွာသားများ၏ ယုံကြည်မှုကို ရရှိခဲ့ပြီး ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို ဦးတည်ခဲ့သည်။ ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို ဦးတည်ခဲ့ရာ ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို ဦးတည်ခဲ့သည်။ ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို ဦးတည်ခဲ့ရာ ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို ဦးတည်ခဲ့သည်။



ထိတ်လန့်စရာ ဇာတ်အိမ် ဇာတ်လမ်း ဇာတ်ကွက်များနဲ့

Countdown

အထက်တန်းကျောင်းတိုးမြှင့်နိုင်ရေးပါဝင်သည့်အတွက် တင်မောင်ဝင်းတစ်ယောက် ရှိန်းခါးကျေးရွာ ကျောင်းအတွက်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရင်းမှကြုံတွေ့ရသည့် အခက်အခဲများ၊ လူမှုရေး ပြဿနာများနှင့်ရွာသူရွာသားများနှင့် တင်မောင်ဝင်းတို့ အကြားမှ ချစ်ခြင်း မေတ္တာနှင့် မုန်းတီးမှုအဖြစ်များကိုဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည်။

အဆိုပါ "ရိုးမပေါ်ကျတဲ့မျက်ရည်" မှာ စာရေးဆရာတင်ညွန့်၏ဖြစ်ရပ်မှန်ဝတ္ထုကို ဒါရိုက်တာကိုပေါက်ရိုက်ကူးပြီး မြင့်မြတ်၊ထူးအောင်၊ အောင်ရေချမ်း၊ ခင်လှိုင်၊ ကောင်းမြတ်စံ၊ လင်းအောင်ခေတ်၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊မေမြင့်မိုရ် နှင့် အနုပညာရှင်များစွာပါဝင်ထားသည်။

အဆိုပါဇာတ်ကားနှင့်ပတ်သက်ပြီး အကယ်ဒမီအိန္ဒြာကျော်ဇင်က" အရင်တုန်းက သရုပ်ဆောင်ခဲ့တဲ့ Tomboy ပုံစံတွေကတော့ လူငယ်ဖြစ်မယ် ခေတ်ပုံစံလေးတွေဆိုတော့ သိပ်မခဲယဉ်းဘူးလေ။ ဒီဇာတ်ကားမှာတော့ အရင်ခေတ်ကပုံစံလည်းဖြစ်ရမယ် ကျောင်းဆရာလည်းဖြစ်ရမယ် သူ့စရိုက်ကလည်းနည်းနည်းကြမ်းပြီး အပြင်မှာလည်း တကယ့် ကိုတိုးကရှိနေတော့ ကိုတိုးပုံစံက လုံးဝယောကျ်ားကြီးပုံစံဖြစ်တဲ့ခါ အစ်မအနေ နဲ့ သူနေရာမှာသရုပ်ဆောင်တဲ့အခါ ကိုယ့်ကိုကိုယ်အများကြီးပြောင်းလဲ ယူရတယ်။ မိတ်ကပ်က အသားပေါ်တဲ့နေရာတိုင်းကို ညှိညှစ်ညှစ်ပုံစံဖြစ်အောင် မိတ်ကပ်အညှိတွေလိမ်းရတယ်။ ကွမ်းတွေစားရတဲ့အခါမှာလည်း အမြဲစားနေတဲ့ သူရဲ့သွားမျိုးဖြစ်အောင် ကွမ်းကလည်းအစားကျင့်ပြီး တစ်ချိန်လုံးစားနေရတယ်။ ဆေးလိပ်ဆိုလည်း အဲ့ဒီလိုပဲ နောက်ပြီး ယောကျ်ားလျာတွေဝတ်တဲ့ စွတ်ကျယ်ကိုလည်း ကိုယ်ကအကျင့်ဖြစ်အောင် ဝတ်ကျင့်လုပ်ခဲ့ရတယ်။ ကိုယ့်ဘက်က အများကြီးတော့ လေ့ကျင့်ပြင်ဆင်ခဲ့ရတယ်" ဟုဆိုသည်။

ပရိသတ်များအတွက် ရင်နှင့်ကြေကွဲစရာခံစားချက်လွမ်းမောစရာဖြစ်ရပ်မှန်၊ ရိုးမတောင်ပေါ်က ဇာတ်လမ်းလေးတစ်ပုဒ်.. ဖြစ်သည့် "ရိုးမပေါ်ကျတဲ့မျက်ရည်"၊နာမည်ကျော်သရုပ်ဆောင် အင်အားကောင်းကောင်းဖြင့် အားပြိုင်မှုများကိုမြင်တွေ့ရမည့်... ရိုးမပေါ်ကျတဲ့မျက်ရည်က လည်း ပရိသတ်ကြီးအတွက် ကြည့်ရှုစရာဇာတ်ကားကောင်း တစ်ကား ဖြစ်နေပါလိမ့်မည်။

ES

ES

ထိတ်လန့်စရာ ဇာတ်အိမ် ဇာတ်လမ်း ဇာတ်ကွက်များဖြင့် ပုံဖော်ထားသည့် Countdown ရုပ်ရှင်ကို STX Entertainment မှ တင်ဆက်ခြင်းဖြစ်ပြီး အမေရိကန်ရုပ်ရှင်ဒါရိုက်တာ Justin Dec က ကိုယ်တိုင်ဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ရိုက်ကူးပုံဖော်ထားသည့် ဇာတ်ကားဖြစ်သည်။

Horror Thriller အမျိုးအစား ရုပ်ရှင်ကားတစ်ကားဖြစ်သည့် Countdown ရုပ်ရှင်ဇာတ်ကားတွင် Quinn Harris ဆိုသည့် Nurse ကောင်မလေးတစ်ယောက်သည် သူမ၏ဖုန်းထဲမှ တစ်ဆင့် App တစ်ခုကို Downloadလုပ်ကြည့်ရာမှ ဇာတ်လမ်းစတင်ခြင်းဖြစ်သည်။ အဆိုပါ App တွင် လူတစ်ယောက်ချင်းစီကို မသေဆုံးခင်အချိန်ထိကျန်နေသည့်ကာလအပိုင်းအခြားအလိုက် Count Down လုပ်ထားခြင်းဖြစ်သည်။ Quinn Harris ၏ အသက်ရှင်သန်ရမည့် ရက်မှာ ၃ ရက်သာကျန်နေတော့တာကို သိလိုက်ရတဲ့အခါတွင် ဖြစ်ပေါ်လာသည့်အကြောင်းအရာများ၊ သူမ ဆက်လက်အသက်ရှင်သန်နေထိုင်ရန် ကြိုးစားမှုများ၊ ဆက်အသက်ရှင်မည်လား.. စသည့် အကြောင်းအရာများကို ရင်တထိတ်ထိတ်ဖြင့် စိတ်လှုပ်ရှားစွာရှုစားရမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ Countdown ရုပ်ရှင် ဇာတ်ကားတွင်အမေရိကန်သရုပ်ဆောင်မင်းသမီး Elizabeth Lail ခေါင်းဆောင်ပါဝင်ထားပြီး ဟောလိဝုဒ်သရုပ်ဆောင်မင်းသား၊ မင်းသမီးတွေဖြစ်ကြသည့် Jordan Calloway၊ Talitha Bateman၊ Tichina Arnold နှင့် P.J. Byrne စတဲ့ သရုပ်ဆောင်များလည်း ပါဝင်ထားကြသည်။

ယင်းကားထဲတွင်ပါဝင်သည့် ကြမ်းတမ်းသည့်တချို့ ဇာတ်ဝင်ခန်းမြင်ကွင်းများ၊ ပြကွင်း ပြကွက်များ၊ပြောစကားများ ၁၃ နှစ်အောက်ကလေးငယ်များကြည့်ရှုရန်မသင့်တော်သည့်ဇာတ်ကားဖြစ်သည့်အတွက် ကြောင့် Countdownရုပ်ရှင်ကို ကြည့်မည်ဆိုပါကမိဘအုပ်ထိန်းသူခွင့်ပြုချက် Guideline နှင့် ကြည့်ရှု သင့်သည့် PG-13 အဆင့်သတ်မှတ်ထားသည်။





တရုတ်သမ္မတ ရှီကျင်ပင်းက ဟောင်ကောင်အုပ်ချုပ်ရေးမှူးအား အခိုင်အမာ ယုံကြည်စိတ်ချ



ဘဏ္ဍာရေးဗဟိုချက် ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသောဆန္ဒပြသူများ၏ လှုပ်ရှားမှုကိုထိန်းချုပ်ရန် အာဏာပိုင်များက ရုန်းကန်နေရသောကြောင့် တရုတ်အစိုးရက ကာရီလမ်ကိုဖယ်ရှားရန် ပြင်ဆင်နေကြောင်း ခန့်မှန်းမှုများထွက်ပေါ်နေချိန်တွင် ရှီကလမ်အား ထောက်ခံကြောင်း ပြသခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်ကုန် ဆန္ဒပြမှုများ၌ တရုတ်အစိုးရသတင်းအေဂျင်စီ ဆင်ဟွာ၏ရုံးကို ဖျက်ဆီးတိုက်ခိုက်မှုနှင့် ဆန္ဒပြသူများအား ဓားနှင့်တိုက်ခိုက်မှုတို့ဖြစ်ပွားခဲ့ပြီးနောက် ရှီနှင့် လမ်တို့ ရုန်ဟိုင်းတွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်ပြည်သူတို့၏ဘဝတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်း၏အလွှာအားလုံးနှင့် ဆွေးနွေးရန် ထိရောက်သောအားထုတ်မှုများဆောင်ရွက်ရန်လည်း ရှီကတောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံရေးကျွမ်းကျင်သူ ဟောင်ကောင်အခြေစိုက် ဝီလီလမ်က ပေကျင်းသည် လတ်တလောတွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးကို ထောက်ခံကြောင်း ပြသနေသည်ဟုပြောကြားခဲ့သည်။

သို့သော်ကာရီလမ်သည် တစ်နှစ်အတွင်းထုတ်ပယ်ခံရနိုင်ဆဲဖြစ်ကြောင်း၊ မတ်လတွင်ကျင်းပမည့် တရုတ်အမျိုးသားဥပဒေပြုလွှတ်တော် နှစ်ပတ်လည်အစည်းအဝေးကာလအတွင်း ကာရီလမ်ကိုထုတ်ပယ်ဖွယ်ရှိကြောင်း ဝီလီလမ်ကဆိုသည်။၁၉၉၇ ခုနှစ်တွင် ဗြိတိန်ထံမှ ဟောင်ကောင်ကို လွှဲပြောင်းရယူခဲ့ပြီးနောက် တရုတ်သည် “တစ်နိုင်ငံစနစ်နှစ်မျိုး” ပုံစံနှင့် ဟောင်ကောင်ကိုအုပ်ချုပ်နေသည်။ သမ္မတရှီကျင်ပင်း အာဏာရလာခဲ့ပြီးနောက် ပေကျင်းသည် ဟောင်ကောင်၏လွတ်လပ်ခွင့်များကို စတင်ယုတ်လျော့စေခဲ့သည်ဟု စိုးရိမ်မှုများကိုအခြေခံပြီး လူထုကဒေါသူပုန်ထခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများက အားလုံးလွှမ်းခြုံသော မဲပေးခွင့်၊ ရဲများ၏ အာဏာအလွဲသုံးစားပြုမှုကို စုံစမ်းစစ်ဆေးမှုအပါအဝင် တောင်းဆိုမှုများကိုထုတ်ပြန်ထားသည်။ ဟောင်ကောင်အုပ်ချုပ်ရေးမှူးနှင့် အဓိကတာဝန်ရှိသူများကို ခန့်အပ်၊ ဖယ်ရှားသည့်နည်းလမ်းအား တိုးတက်စေရန်ဆောင်ရွက်မည်ဟု တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်များက ပြီးခဲ့သည့်သီတင်းပတ်အစည်းအဝေးတွင် သဘောတူခဲ့သည်။

REF: AFP

မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲအား ဝေဖန်သည့် ဒုတိယသမ္မတကို မူးယစ်ဆေးနှိမ်နင်းမှုကော်မတီပူးတွဲဥက္ကဋ္ဌအဖြစ် ဒူတာတေးက ခန့်အပ်

ဖိလစ်ပိုင် မူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲတွင် သေဆုံးသူအရေအတွက် မြင့်မားလာမှုအား သတိပေးခဲ့ပြီး ချဉ်းကပ်မှုသစ်လိုအပ်ကြောင်း ပြောကြားခဲ့သော အဓိကနိုင်ငံရေးပြိုင်ဘက်ဖြစ်သည့် ဒုတိယသမ္မတ လီနီရိုဘရီဒိုအား သမ္မတ ရိုဒရီဂို ဒူတာတေးက မူးယစ်ဆေးဝါးနှိမ်နင်းရေးကော်မတီတစ်ခု၏ ပူးတွဲဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

ရိုက်တာနှင့် အင်တာဗျူးတစ်ခုနှင့် မီဒီယာများနှင့် ဆက်တိုက်တွေ့ဆုံမှုများတွင် ရိုဘရီဒို၏ဝေဖန်သည့် မှတ်ချက်များအား ဒူတာတေးကစိတ်ဆိုးခဲ့ပြီး သမ္မတအား ထောက်ခံသူများကလည်း အလွန်အမင်းဒေါသထွက်ခဲ့ကြပြီးနောက် ယင်းကဲ့သို့ ခန့်အပ်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရိုဘရီဒိုသည် ဒုတိယသမ္မတအဖြစ် ထမ်းဆောင်နေသော်လည်း ဒူတာတေး၏အစိုးရတွင် မပါဝင်ခဲ့ပေ။

ထိုမူးယစ်ဆေးဝါးနှိမ်နင်းရေးစစ်ပွဲအတွင်း လူသားများ၏အခြေခံအခွင့်အရေးများအား ချိုးဖောက်မှုများကို အကြိုစုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC)၏အဖွဲ့ဝင်အဖြစ်မှ ဖိလစ်ပိုင်နုတ်ထွက်ရန် ဒူတာတေးက ပြီးခဲ့သောနှစ်တွင် ဆုံးဖြတ်ခဲ့သည်။



ထိုဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ ရှုတ်ချပုတ်ခတ်သူများနှင့် ဝေဖန်သူများအနေဖြင့် ယင်းကဲ့သို့ကမ်းလှမ်းမှုတွင် သမ္မတ၏ရိုးသားမှုကို နောက်ဆုံး၌ မြင်တွေ့လိမ့်မည်ဟု သမ္မတနန်းတော်ကယူဆကြောင်း ဒူတာတေး၏ပြောခွင့်ရပုဂ္ဂိုလ် ဆယ်ဗေးဒို့ပါနယ်လိုက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အစိုးရက လမ်းကြောင်းပြောင်းရန် ငြင်းဆန်လျှင် ကုလသမဂ္ဂနှင့် ICC အပါအဝင် နိုင်ငံတကာထံမှ အကူအညီကိုယူသင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။ မူးယစ်ဆေးသုံးစွဲမှု သို့မဟုတ် ရောင်းဝယ်မှုကျဆင်းသွားသည့် မည်သည့်အထောက်အထားမျှ မရှိသေးသော်လည်း လူအများအပြားသတ်ဖြတ်ခံခဲ့ရကြောင်း ဒူတာတေးနှင့် သီးခြားစီရွေးချယ်ခံခဲ့ရသည့် ရိုဘရီဒိုက ပြောကြားခဲ့သည်။

REF: REUTERS

ဟွာဝေးက အရှေ့တောင်အာရှ၌ 5G ကို ဖြန့်ကြက်မည်

တရုတ်၏ ရောမဖုန်းကုမ္ပဏီကြီးဖြစ်သော ဟွာဝေးသည် အမေရိကန်၏ သတိပေးမှုများကိုပယ်ချလျက် အရှေ့တောင်အာရှတစ်လျှောက် 5G အခြေခံအဆောက်အအုံများကိုဖြန့်ကြက်ရန် အဆင်သင့်ဖြစ်နေပြီဟု ကြေညာခဲ့သည်။ အမေရိကန်ကၚဂရက်တို့၏ နည်းပညာသည် ပေကျင်းအတွက် အချက်အလက်များကို ရှင်းပစ်ရန်အတွက် သုံးနိုင်သည်ဟု သတိပေးခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့က တရုတ်နိုင်ငံ၏အကြီးဆုံး စမတ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီကြီးက ကတိပြုထားသည့် အလွန်မြန်ဆန်သော 5G ကွန်ရက်နောက်သို့ အလျင်အမြန်လိုက်လျက် ဆိုက်ဘာလုံခြုံရေးသတိပေးချက်များကိုပယ်ချခဲ့ပြီး ဗီယက်နမ်ကမူ ဟွာဝေးမှနေ၍ တဖြည်းဖြည်းဖယ်ခွာသွားခဲ့သည်။

လူဦးရေသန်းပေါင်း ရာနှင့်ချီလျက်ရှိသည့် (အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သော) အာဆီယံသည်ကမ္ဘာ့အတိုင်းအတာအရ ယှဉ်ပြိုင်နိုင်သည့် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံနှင့် လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် နည်းပညာ နောက်တစ်ဆင့်တက်ရေးအား လိုလားလျက်ရှိသည်။

အာဆီယံထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသော ထိုင်းနိုင်ငံကဟွာဝေးကိုလှိုက်လှိုက်လဲလဲကြိုဆိုပြီး ထိုင်းမြို့တော်အနီးရှိအထင်ကရ တက္ကသိုလ်တစ်ခု၌ စမ်းသပ်အခြေချမှုများအား လက်ခံထားသည်။ ဟွာဝေးသည်စမ်းသပ်မှုများအတွက်ဒေါ်လာ ငါးဘီလျံရင်းနှီးမြှုပ်နှံထားပြီးအခြားအရှေ့တောင်အာရှဈေးကွက်များတွင်လည်းအလားတူစမ်းသပ်ရန် ဖိတ်ခေါ်ထားသည်ဟုဆိုသည်။

REF: RFA

မာလီစစ်စခန်း တိုက်ခိုက်ခံရပြီးနောက်ပိုင်း နိုင်ငံတည်ငြိမ်မှု ပျက်ပြားတော့မည့်အခြေအနေသို့ ရောက်နေ

စစ်သား ၄၀ ကျော်သေဆုံးခဲ့ရသည့် မာလီစစ်စခန်းတိုက်ခိုက်ခံရမှု ဖြစ်ပွားခဲ့ပြီးနောက် မာလီသမ္မတအီဘရာဟမ်ဘိုကာကာ ကီတာကပြည်သူများအနေဖြင့် မာလီစစ်တပ်ကို အားပေးထောက်ခံ၍ စည်းလုံးညီညွတ်ကြရန်တောင်းဆိုခဲ့သည်။ နိုဝင်ဘာ ၁ ရက်က မာလီအရှေ့မြောက်ဘက် အင်္ဂဒီလီမာနီဒေသရှိ စစ်စခန်းကို စစ်သွေးကြွများက တိုက်ခိုက်ခဲ့ပြီးနောက် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းကာလကို သုံးရက်သတ်မှတ်ကြောင်း မာလီသမ္မတကကြေညာခဲ့သည်။

နိုဝင်ဘာ ၁ ရက် စစ်စခန်းတိုက်ခိုက်ခံရမှုသည် မာလီစစ်တပ်ကိုပစ်မှတ်ထားသည့် နောက်ဆုံးတိုက်ခိုက်မှုလည်းဖြစ်သည်။ အစ္စလာမ္မစ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုသည် မာလီမြောက်ပိုင်းတွင် စတင်ဖြစ်ပွားခဲ့ပြီး ယင်းနောက် နိုင်ငံအလယ်ပိုင်းသို့ ကူးစက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်အကြမ်းဖက်တိုက်ခိုက်မှုကိုထိန်းချုပ်ရန် မာလီစစ်တပ်ကအပြင်းအထန်ကြိုးပမ်းနေရသည်။ ပြီးခဲ့သည့်လက ဘာကီနာဖာဆိုနယ်စပ်အနီးတွင် တိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ မာလီစစ်သား ၄၀ ထက်မနည်းသေဆုံးခဲ့သည်။

လမ်းဘေးဗုံးထိမှန်မှုကြောင့် နောက်ထပ်မာလီစစ်သားနှစ်ဦး သီတင်းပတ်ကုန်ရက်အလွန်တွင် သေဆုံးခဲ့ပြီး လက်လုပ်ဖောက်ခွဲရေးပစ္စည်းတစ်ခုက မော်တော်ယာဉ်တစ်စီးကိုထိမှန်ခဲ့မှုကြောင့် ပြင်သစ်စစ်သားတစ်ဦးလည်း သေဆုံးခဲ့သည်။

ပြင်သစ်ဦးဆောင်သောစစ်တပ်၏ ကြားဝင်တိုက်ခိုက်ပေးမှုဖြင့် စစ်သွေးကြွများအား တွန်းလှန်မှုမပြုမီ ၂၀၁၂ ခုနှစ်တွင် မာလီမြောက်ပိုင်းသည် ဂျီဟတ်စစ်သွေးကြွများ၏လက်တွင်းသို့ ကျရောက်နေသည်။ ဂျီဟတ်တို့ကို အင်အားသုံးတွန်းလှန်တိုက်ခိုက်ခဲ့သော်လည်း ၎င်းတို့သည် ပြန်လည်အုပ်စုဖွဲ့ခဲ့ကြကာ အကြမ်းဖက်တိုက်ခိုက်မှုများကို အလျင်အမြန်လုပ်ဆောင်ပြီးလျှင် ထွက်ပြေးသောပုံစံမျိုးဖြင့် တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြသည်။

REF: AFP

စကော့တလန်တွင် လူထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြ

စတော့တလန်လွတ်လပ်ရေး တောင်းဆိုရန်အတွက် လူထောင်ပေါင်းများစွာသည် နိုဝင်ဘာ ၂ ရက်က ဂလက်စဂိုးမြို့တွင်း၌ ချီတက်ဆန္ဒပြမှု လုပ်ဆောင်ခဲ့ကြသည်။

လာမည့်နှစ်တွင် စကော့တလန်ပြည်သူများအား လွတ်လပ်ရေးဆီသို့ ဦးတည်ခေါ်ဆောင်သွားမည်ဟုလည်း နီကိုလာက နိုဝင်ဘာ ၂ ရက်တွင် ၎င်းအား ထောက်ခံသူများကို ကတိပေးခဲ့သည်။ ၁၉၉၈ စကော့တလန်အက်ဥပဒေ၏ အပိုဒ်ခွဲ ၃၀ အရ စကော့တလန်ပါလီမန်သည် နောက်ထပ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ်ကျင်းပနိုင်ခွင့်ရှိရာ ထိုအချက်ကို ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ထံ ခရစ်စမတ်နေ့မတိုင်မီ တရားဝင်တောင်းဆိုသွားရန် နီကိုလာကမျှော်လင့်နေသည်။

ချီတက်ဆန္ဒပြမှုအတွင်း ခွဲထွက်ရေးထောက်ခံသူများက Yes ဟူသော စကားလုံးကိုပုံနှိပ်ထားသည့် စကော့တလန်အလံ (St Andrew’s cross အလံ)၊ ကတ်တလန်အလံများကို ဝှေ့ယမ်းခဲ့ကြသည်။ ဆန္ဒပြသူအချို့မှာ စကော့တလန်ရိုးရာဝတ်စုံများ ဝတ်ဆင်ထားပြီး အိတ်ပလေများကို မှုတ်ခဲ့ကြသည်။ စကော့တလန်လွတ်လပ်ရေးတောင်းဆိုသူများက ချီတက်ဆန္ဒပြမှုပြုလုပ်နေစဉ် ဗြိတိန်ထဲတွင် စကော့တလန်ဆက်လက်ပေါင်းစည်းရေးကိုလိုလားသော ဆန္ဒပြသူအနည်းငယ်ကလည်း Union Jack အလံ များကို ကိုင်ဆောင်လျက် အပြိုင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

၂၀၁၄ ခုနှစ်တွင် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ စကော့တလန်ခွဲထွက်ရေးကို ကန့်ကွက်သည့် မဲအရေအတွက်က ၅၅ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ခွဲထွက်ရေးကိစ္စ မအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် ဗြိတိန်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် စကော့တလန်ပြည်သူ ၆၂ ရာခိုင်နှုန်းက ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးကို ထောက်ခံခဲ့ကြကြောင်း၊ သို့သော် ထိုဆန္ဒခံယူပွဲ၏ရလဒ်တွင် ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာရေးကို ထောက်ခံသူများပြားနေခဲ့ရာ ယင်းအချက်သည် အမှီအခိုကင်းသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နောက်တစ်ကြိမ်ကျင်းပရန် လိုအပ်နေသည်ဟူသော အဓိပ္ပာယ်ကိုဆောင်ကြောင်း စကော့တလန်အမျိုးသားရေးဝါဒီများက စောဒကတက်ကြသည်။ REF: AFP



အာဆီယံအစည်းအဝေးကို ထရန့်က မတတ်ရောက်ခဲ့

အာဆီယံထိပ်သီးအစည်းအဝေးကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတက်ရောက်ခဲ့သော်လည်း အမေရိကန်သည် အာရှတွင် ထူးထူးကဲကဲထိတွေ့ပါဝင်ဆောင်ရွက်နေကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီဘာရော့စ်က နိုဝင်ဘာ ၄ တွင် အခိုင်အမာပြောကြားခဲ့သည်။

ဘန်ကောက်တွင်ကျင်းပသည့် အာဆီယံထိပ်သီးသို့ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်ခေါင်းဆောင်များ တက်ရောက်ခဲ့ပြီး ဝါရှင်တန်ကိုယ်စားလှယ်အဖြစ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ရော့စ်နှင့်အမျိုးသားလုံခြုံရေးအကြံပေး ရောဘတ်အိုဘရိုင်ရန်တို့က အမေရိကန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ တက်ရောက်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဖိလစ်ပိုင် အာဆီယံထိပ်သီးသို့ ထရန့်တက်ရောက်ခဲ့ပြီး ယမန်နှစ်အာဆီယံအစည်းအဝေးကို ဒုတိယသမ္မတ မိုက်ပင့်စ် တက်ရောက်ခဲ့သည်။

သမ္မတဖြစ်လာခဲ့ပြီးနောက် ထရန့်သည် အာရှ-ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက်မှ ချက်ချင်းနုတ်ထွက်ခဲ့သောကြောင့် အာရှမှဆုတ်ခွာနေသည်ဟု ထရန့်ကိုစွပ်စွဲခဲ့ကြသည်။ သို့သော်လည်း အမေရိကန်-အာဆီယံအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်အချို့မတက်ရောက်နိုင်ခဲ့ဘဲ နိုင်ငံခြားရေးဝန်ကြီးအများစုနှင့် ထိုင်း၊ ဗီယက်နမ်နှင့် လာအို ခေါင်းဆောင်များသာ တက်ရောက်ခဲ့သည်ဟု ဆိုသည်။

အာရှနိုင်ငံအများစုသည် အမေရိကန်နှင့် ကုန်သွယ်ရာတွင် ပို့ငွေပြနေကြပြီး ထရန့်ကယင်းအခြေအနေကို ဆန့်ကျင်ထားသည်။ ဒေသတွင်းကုန်သွယ်ရေးသဘောတူညီချက်များထက် နှစ်နိုင်ငံချင်းကုန်သွယ်ရေးသဘောတူညီချက်များကိုလိုလားကြောင်း ထရန့်ကပြောကြားထားသည်။ (RCEP)တွင် အာဆီယံ ၁၀ နိုင်ငံစလုံးပါဝင်ပြီး တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်တို့ ပါဝင်ကြမည်ဖြစ်သည်။

REF: AFP

လေထုညစ်ညမ်းမှုဒဏ်ကို နယူးဒေလီရှိ လူသန်းပေါင်းများစွာ ဆိုးရွားစွာ ခံစားနေရ

မီးခိုးမြူအုံဆိုင်းမှုသည် တရုတ်မြို့တော်ပေကျင်းထက် သုံးဆကျော်ပိုမိုဆိုးရွားနေချိန်တွင် ဒေလီတောင်ဘက်မိုင် ၁၅၀ ခန့်အကွာရှိ ၁၇ ရာစု အထင်ကရ အထိမ်းအမှတ်အဆောက်အအုံ တာ့ဂ်ျမဟာအနီး၌ လေထုသန့်စင်သည့်စက်တစ်ခုကို တပ်ဆင်ထားရကြောင်း Press Trust of India က ဖော်ပြခဲ့သည်။ လေထုညစ်ညမ်းမှုဆိုးရွားခြင်းကြောင့် အသက်ရှူလမ်းကြောင်းပြဿနာများကြုံတွေ့ရပြီး ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူရသူ များပြားလာနေကာ နိုဝင်ဘာ ၃ ရက်တွင် လေကြောင်းခရီးစဉ် ၃၇ ခုကို လမ်းကြောင်းပြောင်းလဲခဲ့ရသည်။

ကားနံပါတ် စုံဂဏန်း သို့မဟုတ် မ-ဂဏန်းကိုမူတည်၍ မြို့တော်ရှိလမ်းများတွင် မောင်းနှင်မှုအားကန့်သတ်သည့်ဥပဒေသစ်သည် အာဏာသက်ဝင်ခဲ့ပြီဖြစ်သည်။ မြို့တော်ရှိ လမ်းဆုံလမ်းခွများ၌ ရဲတပ်ဖွဲ့ဝင် ၆၀၀ ကျော်အားချထားခဲ့ပြီး ချိုးဖောက်သူများအားရှုပ်ဒဏ် ၄၀၀၀ (ဒေါ်လာ ၆၀ နီးပါး)ငွေဒဏ်ချမှတ်နိုင်သည့် အခွင့်အာဏာပေးအပ်ခဲ့သည်။


နိုဝင်ဘာ ၄ ရက်၊ နံနက်တွင် ဒေလီ၏လေထုထဲ၌ သေးငယ်သောအမှုန်ပါဝင်မှုအဆင့်သည် ၆၁၃ မိုက်ခရိုဂရမ်ရှိနေကြောင်း ဒေလီရှိ အမေရိကန်သံရုံးက ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသောကျန်းမာရေးနှင့် ညီညွတ်သည့် နေ့စဉ်အမြင့်ဆုံးပမာဏသည် ၂၅ မိုက်ခရိုဂရမ်ဖြစ်သည်။

နယူးဒေလီအပါအဝင် အိန္ဒိယ၏ မြို့ ၁၄ မြို့သည် ကမ္ဘာတွင် လေထုညစ်ညမ်းမှုအဆိုးရွားဆုံး ထိပ်တန်း ၁၅ မြို့တွင်ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သောနှစ်တွင် လေ့လာမှုတစ်ခုအရ အိန္ဒိယ၌ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အချိန်မတိုင်မီ သေဆုံးသူတစ်သန်းရှိကြောင်း ဖော်ပြခဲ့သည်။

၂၀၂၀ ပြည့်နှစ်အစောပိုင်းတွင် ပြည်နယ်ရွေးကောက်ပွဲကျင်းပရန်စီစဉ်ထားရာ လေထုညစ်ညမ်းမှုပြဿနာသည် အပြန်အလှန်အပြစ်တင်နေကြသည့် နိုင်ငံရေးပြိုင်ဘက်များ၏ အသုံးချစရာတစ်ခုဖြစ်လာမည်ဖြစ်သည်။

REF: AFP





ဂျပန်၏သမိုင်းဝင်ရဲတိုက် Shuri ရှိ အဓိကအဆောက်အအုံ မီးလောင်ပျက်စီး

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းရှိ Shuri ရဲတိုက်၌ မီးလောင်မှုဖြစ်ပွားခဲ့မှုကြောင့် ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ၏ အဓိကအဆောက်အအုံများပျက်စီးခဲ့သည်။ မီးစတင်လောင်ခဲ့ပြီးနောက် မီးသတ်သမားများသည် အရှိန်ပြင်းပြင်းလောင်နေသည့် မီးတောက်ကို ကြိုးစားငြိမ်းသတ်ခဲ့ကြပြီး အနီးဝန်းကျင်တွင် နေထိုင်သူများအား ဘေးကင်းသည့်နေရာများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း အိုကီနာဝါရဲတပ်ဖွဲ့မှပြောသည်။

အိုကီနာဝါစီရင်စု၏ မြို့တော်နာဟာတွင် မီးလောင်မှုသည် ရဲတိုက်၏အဓိကအဆောက်အအုံမှ စတင်ခဲ့ခြင်းဖြစ်သည်။ ပင်မ Seiden ဘုရားကျောင်းနှင့် Hokuden အဆောက်အအုံ (သို့မဟုတ်) မြောက်ဘက်ဘုရားကျောင်းပြာကျခဲ့သည်။ မကြာမီ တတိယမြောက်အဆောက်အအုံ Naden (သို့မဟုတ်) တောင်ဘုရားကျောင်းလည်းပြာကျခဲ့သည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရသူမရှိခဲ့ပေ။ မီးလောင်မှုဖြစ်ရသည့်အကြောင်းအရင်းကို ချက်ချင်းမသိရသေးပေ။ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီက မီးလောင်သည့်အကြောင်းကို သတင်းပေးပို့ခဲ့သည်ဟု မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ အဓိကခန်းမအနီးတွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး အချိန်တို အတွင်းအခြားအဓိကအဆောက်အအုံများကို မီးကူးခဲ့သည်။

၁၄၂၉ ခုနှစ်မှ ၁၈၇၉ ခုနှစ်အထိ နှစ် ၄၅၀ ခန့်ကြာ အုပ်ချုပ်ခဲ့သည့် Ryukyu ဘုရင်တို့၏ နန်းတော်ဖြစ်သော ရှေးဟောင်းရဲတိုက် Shuri သည် အိုကီနာဝါ၏ယဉ်ကျေးမှုအမွေအနှစ်သင်္ကေတတစ်ခုဖြစ်သည်။ ယင်းရဲတိုက်သည် ဒုတိယကမ္ဘာစစ် အဆုံးသတ်ခါနီးဖြစ်ပွားခဲ့သည့် လူ ၂၀၀၀၀၀ ခန့်သေဆုံးခဲ့သော အိုကီနာဝါစစ်ပွဲအတွင်း မီးလောင်ကျွမ်းခဲ့သည်။ ယင်းရဲတိုက်ကို ၁၉၉၂ ခုနှစ်တွင် အမျိုးသားဥယျာဉ်တစ်ခုအဖြစ် ပြန်လည်ထိန်းသိမ်းပြုပြင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ယူနက်စကို၏ကမ္ဘာ့အမွေအနှစ်စာရင်း၌ ထည့်သွင်းခံခဲ့ရသည်။

REF: AP

စီးပွားရေးအရ ရွှေပြောင်းလာသည့် ပြည်ပလုပ်သားများအား လာမည့်နှစ်မှ စတင်၍ ပြင်သစ်က ကန့်သတ်မည်

လာမည့်နှစ်မှစ၍ အလုပ်ရှင်များနှင့်ပူးပေါင်းလျက် ပြင်သစ်အာဏာပိုင်များသည် အရည်အချင်းရှိလုပ်သားများကင်းမဲ့နေသော လုပ်ငန်းများအားဖော်ထုတ်ပြီး ထိုကွက်လပ်ကိုဖြည့်ဆည်းပေးရန်အတွက် နိုင်ငံခြားသားအားငှားရမ်းနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း Penicaud ကပြောကြားခဲ့သည်။ ယင်းသည် ပြင်သစ်ကလိုအပ်ချက်အပေါ်မူတည်၍ ငှားရမ်းသည့်စနစ်ဖြစ်ကြောင်း၊ ထိုချဉ်းကပ်နည်းသစ်ကို ကနေဒါ သို့မဟုတ် ဩစတြေးလျတို့တွင်လည်း ကျင့်သုံးနေကြကြောင်း ၎င်းက BFM ရုပ်သံသို့ ပြောကြားခဲ့သည်။

ဒုတိယသုံးလပတ်အတွင်း ပြည်တွင်း၌ အလုပ်လက်မဲ့နှုန်း ၈.၅ ရာခိုင်နှုန်းရှိနေသော်လည်း ပြည်ပအလုပ်သမားအများအပြားအား ခွင့်ပြုနေသည်ဟု အစိုးရကို စွပ်စွဲနေသော လက်ယာယီမ်းမဲဆန္ဒရှင်များကို စည်းရုံးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးမူဝါဒအား တင်းကျပ်ရန် သမ္မတမက်ခရွန်၏ ကြိုးပမ်းမှုကို Philippe က ဦးဆောင်နေသည်။ ၂၀၂၂ ခုနှစ် ပြင်သစ်သမ္မတရွေးကောက်ပွဲတွင် မက်ခရွန်၏ အဓိကနိုင်ငံရေးပြိုင်ဘက်အဖြစ် လက်ယာအစွန်းရောက်ဝါဒီ National Rally ၏ခေါင်းဆောင် မာရင်းလီပင်းက ဆက်ရှိနေမည်ဟု လေ့လာသူများကသုံးသပ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ခိုလှုံခွင့်တောင်းခံသူ စံချိန်တင်



၁၂၇၄၃ ဦးအထိ လက်ခံရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်ကထက် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးနောက် ဝန်ကြီးချုပ်သည် တင်းကျပ်သော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ထုတ်ပြန်သွားမည်ဖြစ်သည်။ ထိုဆောင်ရွက်မှုများတွင် ရွှေပြောင်းအခြေချများအား မိသားစုဝင်များ ခေါ်ဆောင်လာမှုကန့်သတ်ခြင်း၊ ခိုလှုံခွင့်လျှောက်ထားမှုအား စိစစ်နေစဉ်အတွင်း ၎င်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ကန့်သတ်ခြင်းတို့ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရွှေပြောင်းအခြေချများ၏ ဝန်ထုပ်ဝန်ပိုးကိုမျှခံစေရန် မက်ခရွန်ကလိုလားနေသည်။

REF: AFP

ပို့ဆောင်သတင်းဂျာနယ် TRANSCOM NEWS JOURNAL
www.transcomjournal.com

စီးပွားရေးဆိုင်ရာ အနိုင်ကျင့်မှုအတွက် အမေရိကန်ကို တရုတ် ရှုတ်ချ



အမေရိကန် ဆက်သွယ်ရေးလုပ်ငန်းများကို တရုတ်နည်းပညာလုပ်ငန်းကြီးများဖြစ်သည့် Huawei နှင့် ZTE ထံမှ ပစ္စည်းများမဝယ်ရန် အမေရိကန်အစိုးရက အကြံပြုခဲ့မှုသည် စီးပွားရေးဆိုင်ရာအနိုင်ကျင့်မှုဖြစ်ကြောင်း တရုတ်က ပြင်းထန်စွာဝေဖန်ခဲ့သည်။

အမေရိကန် ဆက်သွယ်ရေးကုမ္ပဏီများသည် နိုင်ငံ၏ဆက်သွယ်ရေးကွန်ရက်များ လုံခြုံစိတ်ချရမှုအတွက် Huawei နှင့် ZTE ထံမှ ဝယ်ယူထားသော ပစ္စည်းများကိုဖယ်ရှားရန် တောင်းဆိုသည့်စည်းမျဉ်းများကိုအကြံပြုကြောင်း အမေရိကန် ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင် FCC က ပြောကြားခဲ့သည်။

တရုတ်အစိုးရနှင့် ဆက်ဆံရေးနီးကပ်မှုကြောင့် Huawei နှင့် ZTE တို့သည် အမျိုးသား လုံခြုံရေးခြိမ်ခြောက်မှုဖြစ်ကြောင်း စွပ်စွဲခံထားရသည်။ ထိုစွပ်စွဲချက်ကို ယင်းကုမ္ပဏီနှစ်ခုစလုံးက ငြင်းဆိုထားသည်။

Huawei က လုံခြုံရေး အန္တရာယ်ပေးနိုင်ကြောင်း မည်သည့်သက်သေကိုမျှ ဝါရှင်တန်ကမပေးနိုင်ကြောင်း ယင်းကုမ္ပဏီက ပြောကြားခဲ့သည်။ နှစ် ၃၀ ကြာ စီးပွားရေးလုပ်ကိုင်ခဲ့ရာ Huawei သည် ၎င်းတို့လုပ်ကိုင်နေသော နိုင်ငံ ၁၇၀ ၌ လုံခြုံရေးနှင့် ဆက်နွယ်သည့်ဖြစ်စဉ်လုံး၀မရှိခဲ့ကြောင်း Huawei က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏စီမံခြစ်ကိုအခြေခံ၍ ပစ္စည်းပေးသွင်းသူများကိုတားဖြစ်ခြင်းသည် အမေရိကန်၏ဆက်သွယ်ရေးကွန်ရက်များကိုကာကွယ်ရန် မည်သို့မျှတတ်နိုင်မည်မဟုတ်ကြောင်း Huawei ၏ကြေညာချက်ကဆိုသည်။ ဝါရှင်တန်သည် မေလက Huawei ကို အမေရိကန်စျေးကွက်မှပိတ်ပင်ရန် အမည်ပျက်စာရင်းသွင်းခဲ့ပြီး အမေရိကန်ထံမှ အရေးပါသောပစ္စည်းအစိတ်အပိုင်းများ ဝယ်ယူမှုကိုလည်းပိတ်ပင်ခဲ့သည်။ ထို့နောက် ရက် ၉၀ သက်သာခွင့်ကို နှစ်ကြိမ်ပေးခဲ့သည်။

Huawei ကိရိယာများသည် လုံခြုံရေးယိုပေါက်များ ပါဝင်နိုင်ပြီး ယင်းတို့မှတစ်ဆင့် တရုတ်က ကမ္ဘာ့ဆက်သွယ်ရေးကွန်ရက်ကို သူလျှိုလုပ်ခွင့်ရမည်ကို စိုးရိမ်ကြောင်း အမေရိကန်က ပြောကြားထားသည်။ ထို့ပြင် မဟာမိတ်များကိုလည်း Huawei ၏ ကိရိယာများ မသုံးစွဲရန် အမေရိကန်က ဖိအားပေးခဲ့သည်။

REF: AFP

ပါကစ္စတန်တွင် ခရီးသည်တင်ရထားတစ်စီး မီးလောင် လူ ၇၀ ကျော် သေဆုံး

ပါကစ္စတန်နိုင်ငံအလယ်ပိုင်းတွင် ခရီးသည်တင်ရထားတစ်စီး မီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၇၄ ဦးထက်မနည်းသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ဝန်ကြီးက ပြောသည်။ ပန်ဂျပ်ပြည်နယ်ရှိ ရာဟမ်ယာခမ်ဒေသတွင် ရထားတွဲများမှ မီးတောက်များထွက်ပေါ်လာပုံနှင့် ခရီးသည်များ ဝိုင်းကြေးအော်ဟစ်နေကြပုံကို ရုပ်သံပြကွက်များတွင် တွေ့မြင်ရသည်။

ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဘာဟာဝါပါမြို့နှင့် ရာဟမ်ယာခမ်ဒေသရှိဆေးရုံများသို့ အလျင်အမြန် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် သေဆုံးသူများထဲမှ ၁၈ ဦးတို့ကိုသာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်ဟု သူကပြောကြားခဲ့သည်။ ခရီးသည်တစ်ဦးယူဆောင်လာသော ဂက်စ်အိုးပေါက်ကွဲရာမှ မီးလောင်မှုများဖြစ်ပွားခဲ့ကြောင်း လူအခွင့်အရေးဆိုင်ရာဝန်ကြီးရှိရင်းမာဇရီက Twitter တွင် ရေးသားခဲ့သည်။ ထိုဂက်စ်အိုးပေါက်ကွဲသည့်အချိန်တွင် အချို့သောခရီးသည်များမှာ ရထားပေါ်တွင် မနက်စာချက်နေကြောင်း ဒေသတွင်းရှိ မီဒီယာများကရေးသားခဲ့ကြသည်။

မီးရထားဌာနမှာ ဆယ်စုနှစ်ပေါင်းများစွာ အကျင့်ပျက်လာဘ်စားခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းတို့ကြောင့် ရထားတွဲ မတော်တဆဖြစ်မှုများမှာ ပါကစ္စတန်တွင်ဖြစ်ပွားလေ့ရှိသည်။ မတော်တဆဖြစ်မှုများသည် လူများစောင့်ကြည့်ခြင်းမရှိသည့် ရထားလမ်းဆုံများတွင် အချက်ပေးမည့်အရာများမရှိခြင်းကြောင့် မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

၂၀၁၇ ခုနှစ်က လောင်စာဆီ ၅၀၀၀၀ လီတာသယ်ဆောင်လာသော ကရာချိမှ လာဟိုးသို့သွားသောထရပ်ကားတစ်စီးသည် ပန်ဂျပ်ပြည်နယ် အလယ်ပိုင်းရှိအဓိက အဝေးပြေးလမ်းမကြီးတွင် တိုက်မိခြင်းကြောင့် လူပေါင်း ၂၀၀ ကျော်သေဆုံးခဲ့ရသည်။

REF: AFP

သမ္မတစီစီက အီဂျစ်စစ်တပ်လုပ်ငန်းများ စတော့စျေးကွက်တွင် စာရင်းသွင်းရန် အကြံပြု

အီဂျစ်သမ္မတ အဗ္ဒဒယ်ဖာတာအယ်စီစီက စစ်တပ်ပိုင်ကုမ္ပဏီများအား အခြားနိုင်ငံပိုင်လုပ်ငန်းများနှင့် အတူ စတော့စျေးကွက်တွင် စာရင်းဖွင့်ရန်အကြံပြုခဲ့သည်။

အီဂျစ်စစ်တပ်သည် စီးပွားရေးတွင် မသိမသာစေဘဲ အဓိကအခန်းကဏ္ဍမှ ပါဝင်ပတ်သက်နေခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့ပြီဖြစ်သည်။ အဝတ်လျှော်စက်ထုတ်လုပ်မှုမှသည် လမ်းများဖောက်၊ ဆီဆိုင်ဖွင့်သည်အထိ စီးပွားရေးတွင် အီဂျစ်စစ်တပ်ကပါဝင်နေခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အစ္စလာမ္မစ်သမ္မတမိုဟာမက်မော်စီကိုဖြုတ်ချခဲ့ပြီးနောက် စစ်ဦးစီးချုပ်ဟောင်းစီစီက အာဏာရလာခဲ့ပြီး ထိုနောက်ပိုင်းမှစ၍ အီဂျစ်စစ်တပ်၏ စီးပွားရေးလုပ်ငန်းများသည် ပို့မြင်သာလာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မော်စီသည် ခြိုးခြံချွေတာရေးအစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သဖြင့် သာမန်အီဂျစ်ပြည်သူများသည် ပြုပြင်ပြောင်းလဲမှုကြောင့် ကျပ်တည်းမှုကိုခံစားခဲ့ရသည်။

သမ္မတနန်းတော်တည်ဆောက်ရန် လုပ်ဆောင်နေသည့် စီစီက ယင်းစွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး နန်းတော်များတည်ဆောက်ခြင်းသည် ၎င်းအတွက်မဟုတ်ဘဲ နိုင်ငံအတွက်တည်ဆောက်ခြင်းဟု ခုခံပြောကြားခဲ့သည်။

ကန်ထရိုက် မိုဟာမက်အလီ၏ဗီဒီယိုကို ကြည့်သူသန်းပေါင်းများစွာရှိခဲ့ပြီး စက်တင်ဘာတွင် အီဂျစ်တစ်ဝန်း၌ အသေးစားဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ အီဂျစ်အာဏာပိုင်များက ထင်ရှားသောတက်ကြွလှုပ်ရှားသူများ၊ ရှေ့နေများ၊ ပါမောက္ခများအပါအဝင် လူ ၄၀၀၀ ကျော်ကို ဖမ်းဆီးပြီးတို့ပြန်ခဲ့သည်။ မကြာမီသီတင်းပတ်များအတွင်း စီစီကိုကန့်ကွက်မည့် ဆန္ဒပြမှုများ ထပ်မံဆောင်ရွက်ရန် အလီကတောင်းဆိုထားသည်ဟု ပြီးခဲ့သည့်သီတင်းပတ်တွင် အေအက်ဖ်ပီကို ထုတ်ဖော်ပြောကြားထားသည်။

REF: AFP

အီရတ်တွင် ဆန္ဒပြမှုနှင့် ပဋိပက္ခများ ထပ်မံဖြစ်ပွား



အီရတ်တွင် အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများသည် နှစ်လမြောက်ထဲသို့ဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂ရက် အစောပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဆန့်ကျင်သည့်ဆန္ဒပြသူများအကြား ပဋိပက္ခများထပ်မံဖြစ်ပွားခဲ့ကာ ဆန္ဒပြသူတစ်ဦးသေဆုံးခဲ့ပြီး ဒါဇင်များစွာ ဒဏ်ရာရရှိခဲ့ကြသည်။

မြို့တော်ဘဂ္ဂဒက်တွင် ဖြစ်ပွားခဲ့သော ထိုနောက်ဆုံးပဋိပက္ခသည် Tahrir ရင်ပြင်အား တိဂရစ်မြစ်အနောက်ဘက်ကမ်းနှင့် ချိတ်ဆက်ထားသည့် တံတားနှစ်ခုတွင် အဓိကဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုမြစ်၏အနောက်ဘက်ကမ်းတွင် အမေရိကန်နှင့် အီရန်သံတမန်ရေးမစ်ရှင်များအပါအဝင် ပြည်ပသံရုံးများနှင့် အစိုးရရုံးများ ရုံးစိုက်ထားခြင်းဖြစ်သည်။

ထိုတံတားများတစ်လျှောက် တပ်ဖြန့်ထားသော အဓိကရုဏ်းနှိမ်နင်းရေးရဲများက အကာအကွယ်များယူလျက် နေရာယူထားကြသော ဆန္ဒပြသူများအား ဟန့်တားရန်အတွက် မျက်ရည်ယိုဗုံးများဖြင့်ပစ်ခတ်ခဲ့သည်။

အောက်တိုဘာ ၁ ရက်နောက်ပိုင်း ဖြစ်ပွားခဲ့သော ထိုဆန္ဒပြမှုများအတွင်း သေဆုံးသူ ၂၅၀ ကျော် ရှိလာခဲ့ပြီး အခြားလူထောင်ပေါင်းများစွာလည်း ဒဏ်ရာရရှိခဲ့သည်။ ထိုနောက်ဆုံးကိန်းဂဏန်းများအား အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သော်လည်း ယင်းနောက်ပိုင်း၌ ဆန္ဒပြသူရှစ်ဦး ထက်မနည်းလည်း သေဆုံးခဲ့သည်ဟု ဆေးဘက်နှင့် လုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားခဲ့ကြသည်။

ယင်းတို့အနက်ခုနစ်ဦးသည် အဓိကရုဏ်းနှိမ်နင်းရေးရဲများနှင့် ဆန္ဒပြသူများအကြား အရှိန်မြင့်တက်နေစဉ် Tahrir ရင်ပြင်တစ်ဝိုက်၌ သေဆုံးခဲ့ကြကြောင်း ထိုရင်းမြစ်များကပြောကြားခဲ့ကြသည်။ နောက်ထပ်တစ်ဦးမှာ နိုင်ငံတောင်ပိုင်း နာဆီရိယာမြို့၌ ဒေသဆိုင်ရာနိုင်ငံရေးသမားတစ်ဦး၏ လုံခြုံရေးအစောင့်များလက်ချက်ကြောင့် သေဆုံးခဲ့ကြောင်းသိရသည်။

REF: AFP

အနက်ရောင်များဝတ်ဆင်လျက် လူပေါင်းထောင်နှင့် ချီလျက်ဆန္ဒပြ

အနက်ရောင်များဝတ်ဆင်လျက် တိတ်ဆိတ်စွာချီတက်ပြီး လက်သီးလက်မောင်းတန်းကာ အမျိုးသမီး ၁၀၀၀ ခန့်သည် ချီလီနိုင်ငံ၌ လူမှုရေးမငြိမ်မသက်မှုများသီတင်းနှစ်ပတ်ကြာဖြစ်ပေါ်မှုအတွင်း သေဆုံးသွားသူများနှင့် ဒဏ်ရာရသူများအတွက် တရားမျှတမှုကို တောင်းဆိုခဲ့ကြသည်။

ပြည်သူတစ်သန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့သည့် အောက်တိုဘာ ၂၅ ရက် ဇရာမဆန္ဒပြပွဲကြီး၌ ချီတက်ရန် လူမှုမီဒီယာ၌ တောင်းဆိုမှုများကို လူပေါင်းသောင်းနှင့်ချီ လျက်ကတုံ့ပြန်ခဲ့ကြပြီးနောက် ယင်းကို ဆက်လက်ချဲ့ထွင်ကာ ချီလီ၏ ရှည်လျားသောဆန္ဒပြပွဲ သီတင်းပတ်နှင့် ပတ်သက်၍ ယခုချီတက်ပွဲက နေ့တစ်နေ့ကို ပြန်လည်စတင်လိုက်ခြင်းဖြစ်သည်။

လူငယ်အများအပြားနှင့် မိသားစုများအပါအဝင် ဆန္ဒပြသူပေါင်း ၂၀,၀၀၀ ခန့်ကို မြို့၌ပြုလုပ်သည့် ဆန္ဒပြပွဲက ဆွဲဆောင်နိုင်ခဲ့သည်ဟု ဆန်တီယာဂိုအာဏာပိုင်များကပြောကြားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများကို မျက်ရည်ယိုဓာတ်ငွေ့များနှင့် ရေအမြောက်များအသုံးပြုကာ လူစုခွဲရန်ကြိုးပမ်းခဲ့ပြီးနောက် ပဋိပက္ခများ နေရာကွက်ကြားဖြစ်ပွားခဲ့သည်။

လူဦးရေ ၁၈ သန်းရှိသည့်နိုင်ငံ၌ ဆန္ဒပြသူများသည် နှစ်စဉ်ဝင်ငွေအခြေခံအရ လက်တင်အမေရိကန်၌ အချမ်းသာဆုံးဖြစ်သည့်နိုင်ငံတွင် ဆင်းရဲ-ချမ်းသာကွာဟချက်ကြီးမားမှု၊ လစာနှင့် အငြိမ်းစားစရိတ်နှိမ့်ပါးမှု၊ အများပြည်သူဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးနှိမ့်ကျမှုတို့အတွက် ဒေါသထွက်နေကြခြင်းဖြစ်သည်။

မီးရထားလက်မှတ်စျေးနှုန်းများ မြင့်တက်မှုနှင့် အခြားသောချွေတာရေးလုပ်ငန်းစဉ်များကြောင့် စတင်ခဲ့သည့် ဆန္ဒပြမှုများသည် လုယက်မှုများနှင့် ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ပဋိပက္ခများအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဆန္ဒပြသူအများအပြားက ဘီလျံနာသမ္မတ ဆီဘက်ရှန်ပီညဲရာ နုတ်ထွက်ပေးရန် တောင်းဆိုနေကြသည်။

REF: AFP



ရပ်ရှင်လောကသို့ တစ်ကျော့ပြန်ဝင်ရောက်မည့် လီယောင်အေး

ကိုရီးယားထိပ်တန်းသရုပ်ဆောင်တစ်ဦးဖြစ်သည့် လီယောင်အေးသည် Bring Me Home ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ တစ်ကျော့ပြန်ဝင်ရောက်မည်ဟု ကိုရီးယားမီဒီယာများကဖော်ပြခဲ့သည်။

ယင်းဇာတ်ကားသည် လီယောင်အေးအတွက် ၁၄ နှစ်အတွင်း ပထမဆုံးရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်လာသည်။ ဒါရိုက်တာ Kim Seung Woo ရိုက်ကူးသည့် Bring Me Home ဇာတ်ကားတွင် လီကခြောက်နှစ်ကျော်ပျောက်ဆုံးနေသည့် သားဖြစ်သူကိုရှာဖွေသည့် မိခင်တစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။ လီသည် ၂၀၀၅ ခုနှစ်က ဖြန့်ချိခဲ့သည့် Sympathy for Lady Vengeance ဇာတ်ကားတွင်လည်း လူသတ်မှုကျူးလွန်ခဲ့ခြင်းမရှိဘဲ ပြစ်ဒဏ်ကျခံခဲ့ရမှုကို လက်တုံ့ပြန်ခဲ့သည့် မိခင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

လက်တွေ့ဘဝတွင်မိခင်တစ်ဦးဖြစ်သောကြောင့် ဇာတ်ကားထဲတွင်အမေဇာတ်ကောင်အဖြစ် သရုပ်ဆောင်ရာတွင် ဘက်ပေါင်းစုံကခံစားချက်များကို ခံ စားဖော်ပြနိုင်ကြောင်း လီကပြောကြားခဲ့သည်။

Bring Me Home ဇာတ်ကားသည် ယခုနှစ် တိုရွန်တိုအပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်တွင်ပြသရန် ဖိတ်ကြားခံခဲ့ရသည်။ယင်းဇာတ်ကားကို နိုဝင်ဘာလ ၂၇ရက်တွင် တောင်ကိုရီးယား၌ ဖြန့်ချိမည်ဖြစ်သည်။ ၂၀၁၃ခုနှစ်ကထုတ်လွှင့်ခဲ့သည့် Daejanggeum ဇာတ်လမ်းတွဲဖြင့် နိုင်ငံတကာတွင် ကျော်ကြားခဲ့သည့် လီသည် ၂၀၀၉ ခုနှစ်တွင် ကိုရီးယား-အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် လက်ထပ်ခဲ့ပြီး နှစ်နှစ်အကြာတွင် ကလေးအမြွာမွေးဖွားခဲ့သည်။

G-Dragon စစ်မှုထမ်းတာဝန်ပြီးဆုံး

ကေပေါ်ပ်အမျိုးသားအဆိုတော်အဖွဲ့ Big Bang ၏ခေါင်းဆောင်အဆိုတော် G-Dragon သည် စစ်မှုတာဝန်ထမ်းဆောင်ပြီးဆုံးခဲ့သည်။ ဆိုးလ်တောင်ပိုင်း Gyeonggi ပြည်နယ်၊ Yongin မြို့ရှိ Ground Operations Command ရှေ့တွင် G-Dragon ကို ကြိုဆိုရန် ပရိသတ် ၃,၀၀၀ ခန့်နှင့် မီဒီယာများက စုဝေးစောင့် ဆိုင်းနေခဲ့ကြသည်။

အသက် ၃၁ နှစ်ရှိပြီဖြစ်သော G-Dragon သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်တွင် ဆိုးလ်အရှေ့မြောက်ပိုင်း Gangwon ပြည်နယ်၊ Cheorwon အရပ်ရှိ အမှတ် (၃) ခြေလျင်တပ်၏ White Skull ဟုခေါ်ဆိုသော တပ်ဖွဲ့တွင်စစ်မှုထမ်းခဲ့သည်။ သို့သော်လည်း အာဖရိကဝက်အပြင်းဖျားရောဂါထိန်းချုပ်ရန်သွားလာမှုများကို ထိန်းချုပ်ထားသောကြောင့် G-Dragon ကို Yongin ၌သာစစ်မှုထမ်းတာဝန်ပြီးဆုံးစေရန် စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများကညွှန်ကြားခဲ့သည်။ တောင်ကိုရီးယား၏စစ်မှုမထမ်းမနေရ ဥပဒေအရ G-Dragon သည် တစ်နှစ်နှင့်ရှစ်လကြာ စစ်မှုထမ်းခဲ့သည်။

၂၀၀၆ ခုနှစ်တွင် အဖွဲ့ဝင်ငါးဦးဖြင့် ဂီတလောကသို့ ဝင်ရောက်ခဲ့သည့် Big Bang အဖွဲ့သည် တောင်ကိုရီးယားသီချင်းရောင်းချမှုစာရင်းများ၏ ထိပ်တန်းနေရာ တွင်ရပ်တည်ခဲ့ပြီး အောင်မြင်မှုအကြီးအကျယ်ရရှိခဲ့သည်။





HBO ရုပ်သံက Game of Thrones ဇာတ်လမ်းတွဲအသစ် ရိုက်ကူးမည်ဟု ထုတ်ပြန်

စိတ်ကူးယဉ်ဒရာမာဇာတ်လမ်းတွဲ Game of Thrones တွင် နောက်ခံပြုထားသည့် ကာလမတိုင်မီနှစ် ၃၀၀ ကာလကိုနောက်ခံထားမည့် ဇာတ်လမ်းတွဲအသစ်ရိုက်ကူးမည်ဟု HBO ရုပ်သံက ထုတ်ပြန်ခဲ့သည်။

House of the Dragon ဟု အမည်ပေးမည့် ယင်းဇာတ်လမ်းတွဲတွင် အပိုင်း ၁၀ ပိုင်း ပါဝင်မည်ဖြစ်သည်။ စာရေးဆရာ ဂျော့အာအာမာတင်၏ Fire & Blood ဝတ္ထုကို အခြေပြုရိုက်ကူးမည်ဖြစ်ပြီး Targaryen အိမ်တော်နှင့် Westeros ၏ အစောပိုင်းနေ့ရက်များ အကြောင်းအဓိကထားမည့်ဇာတ်လမ်းဟု HBO က ထုတ်ပြန်ခဲ့သည်။

ကြမ်းဖက်မှု၊ လိင်အသားပေးဇာတ်ဝင်ခန်းများကြောင့် ဝေဖန်မှုများရှိခဲ့သော်လည်း ယင်းဇာတ်လမ်းတွဲသည် Emmy ဆုပေးပွဲသမိုင်းတစ်လျှောက်တွင် ဆန်ခါတင်စာရင်း၌ လျာထားခံရမှုအများဆုံးဇာတ်လမ်းတွဲဖြစ်ပြီး စုစုပေါင်း ဆု ၅၈ ဆု ဆွတ်ခူးခဲ့သည်။ ယင်းဇာတ်လမ်းတွဲ၏ ဇာတ်သိမ်းဖြစ်သည့် Season 8 ကို ၎ပြီနှင့် မေလအတွင်းထုတ်လွှင့်ပြသခဲ့သည်။ ဇာတ်သိမ်းပိုင်းသည် ပရိသတ်များအကြိုက် မဟုတ်ခဲ့သော်လည်း ကြည့်ရှုသူ ၁၇.၄ သန်း အထိမြင့်တက်ခဲ့သည်။



ဂါရက်ဘေးလ်အား ယခုရာသီကုန်အထိ အသင်းတွင် ဆက်ရှိနေစေချင်ဟု ဇီဒန်း ပြောကြား

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက မိမိအနေဖြင့် ဂါရက်ဘေးလ်အား အနည်းဆုံး ယခုရာသီကုန်အထိအသင်းတွင် ဆက်ရှိနေစေလိုသည်ဟု ပြောကြားခဲ့သည်။

ဂါရက်ဘေးလ်သည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေကာလတွင် တရုတ်စူပါလိဂ်သို့ ပြောင်းရွှေရန်အလွန်နီးစပ်ခဲ့ပြီး နောက်ဆုံးအချိန်တွင်မှ အပြောင်းအရွှေကိစ္စပျက်ပြယ်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါစပိန်မီဒီယာများက ဂါရက်ဘေးလ်သည် ရီးယဲလ်အသင်း၌ ကစားနေရသည်ကို စိတ်ပျက်နေပြီးလာမည့် ဇန်နဝါရီအပြောင်းအရွှေကာလအတွင်း အသင်းမှထွက်ခွာဖွယ်ရှိနေသည်ဟု ဖော်ပြနေကြသည်။

ထို့ပြင် ဇီဒန်းက ဂါရက်ဘေးလ်နှင့် အဆင်မပြေဖြစ်နေသည်ဟု ဖော်ပြနေခြင်းမှာ မဟုတ်မှန်ကြောင်းလည်း ငြင်းဆန်ခဲ့သည်။

H2Z2

အူနိုင်းအမ်မရီကို အာဆင်နယ်ဘုတ်အဖွဲ့ (၄)ပွဲ အချိန်ပေးထား

အာဆင်နယ်အသင်း၏ ဘုတ်အဖွဲ့သည် ရာထူးမှထုတ်ပယ်ပစ်ရန် တောင်းဆိုခံနေရသည့် နည်းပြအူနိုင်းအမ်မရီကို (၄)ပွဲအချိန်ပေးထားပြီး ယင်း(၄)ပွဲမှ စွမ်းဆောင်ရည်အပေါ်မူတည်၍ ၎င်း၏အနာဂတ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း Metro သတင်းစာက ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်(၉)ပွဲတွင် (၂)ပွဲသာ အနိုင်ရရှိခဲ့ခြင်းကြောင့် အူနိုင်းအမ်မရီအနေဖြင့် ဖိအားတိုးလာခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်ပရိသတ်များကလည်း ၎င်းအား ရာထူးမှထုတ်ပယ်ရန် တောင်းဆိုလာကြသည်။ ထို့ကြောင့် အာဆင်နယ်အသင်းဘုတ်အဖွဲ့သည် အူနိုင်းအမ်မရီ ကို (၄)ပွဲ အခွင့်အရေးပေးရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ရှေ့လာမည့် (၄)ပွဲတွင် ယူရိုပါလိဂ်(၂)ပွဲ၊ ပရီးမီးယားလိဂ်(၂)ပွဲ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဂီမာရေ့စ်(အဝေးကွင်း)၊ လက်စတာ(အဝေးကွင်း)၊ ဆောက်သမ်တန်(အိမ်ကွင်း)၊ ဖရန့်ဖတ်(အိမ်ကွင်း) တို့ဖြစ်သည်။ ယင်းပွဲစဉ်အနေအထားအရ အူနိုင်းအမ်မရီအတွက် အဆုံးအဖြတ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် စိန်ခေါ်သူအသစ် ဖြစ်လာသည့် လက်စတာအသင်းနှင့်ရင်ဆိုင်ရမည့် အဝေးကွင်းပွဲဖြစ်သည်ဟုလည်း Metro က သုံးသပ်ခဲ့သည်။

အာဆင်နယ်အသင်းသည် အူနိုင်းအမ်မရီကို တစ်နှစ်လစာပေါင် (၆)သန်းဖြင့် ၂၀၂၀-၂၁ ရာသီအထိသာစာချုပ်ချုပ်ဆိုထားသောကြောင့် ၎င်းကိုထုတ်ပယ်ပါက လျော်ကြေးပေါင်(၁၀)သန်းကျော်သာ ကုန်ကျမည်ဖြစ်ပြီး နည်းပြအဖွဲ့ဝင်များအတွက် ထည့်တွက်လျှင်ပင် ပေါင် (၁၅)သန်း ဝန်းကျင်သာ ကုန်ကျမည်ဟုလည်း အချို့က တွက်ပြနေကြသည်။

H2Z2

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်များနှစ်ပွဲ ရုပ်သံမှ တိုက်ရိုက်ပြမည်

တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယား အသင်းတို့နှင့် ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ် နှစ်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၄ ရက်တွင် တာဂျစ်ကစ္စတန်၊ နိုဝင်ဘာ ၁၉ ရက်တွင် မွန်ဂိုလီးယားအသင်းတို့နှင့် အိမ်ကွင်းပွဲစဉ် နှစ်ပွဲဆက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပွဲစဉ်နှစ်ပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၇ ရက်တွင် ကမ္ဘာ့ဖလား ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် နီပေါအသင်းနှင့်မန္တလာသီရိကွင်း၌ ခြေစမ်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၂ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲသုံးပွဲ ယှဉ်ပြိုင်ပြီးချိန်၌ အဝေးကွင်း၌ မွန်ဂိုလီးယားကို ၁-၀ ဂိုး၊ ကာဂျစ္စတန်ကို ၇-၀ ဂိုး၊ အိမ်ကွင်း၌ ဂျပန်အသင်းကို ၂-၀ ဂိုးတို့ဖြင့် သုံးပွဲဆက် ရှုံးနိမ့်ထားသည်။

H2Z2



ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် မေဆန်မောင့် ယူရိုခြေစစ်ပွဲစဉ်များကို လွဲချော်ဖွယ်ရှိ

ချယ်လ်ဆီးအသင်း၏ အင်္ဂလန်ကွင်းလယ်လူ မေဆန်မောင့်သည် မနေ့က ကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ် ချယ်လ်ဆီး (၄-၄) အေဂျက်စ်ပွဲတွင် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သဖြင့် အင်္ဂလန်လက်ရွေးစင်အသင်း၏ယူရိုခြေစစ်ပွဲစဉ်(၂)ပွဲကို လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ ယင်းပွဲ၏ ပွဲချိန်(၆၀)မိနစ်တွင် မေဆန်မောင့်မှာ ညာဘက်ခြေချင်းဝတ်၌ ဒဏ်ရာရရှိပြီး ဆက်မကစားနိုင်၍ သူ၏နေရာတွင် အခြားကွင်းလယ်လူ အိုခွိုင်းနှင့် လူစားလဲခဲ့ရသည်။ သူ၏ဒဏ်ရာအနေအထားအရ ရက်အနည်းငယ်အနားယူရဖွယ်ရှိနေပြီး ယခုနိုဝင်ဘာ(၁၄)ရက်နှင့် (၁၇)ရက်တို့တွင် ကစားရမည်ဖြစ်သည့် မွန်တီနီဂရိုး(အိမ်ကွင်း)၊ ကိုဆိုဗို(အဝေးကွင်း)တို့နှင့် ယူရို-၂၀၂၀ ခြေစစ်ပွဲစဉ်များတွင် ပါဝင်နိုင်ဖွယ်မရှိကြောင်း BBC သတင်းဌာနက ဖော်ပြခဲ့သည်။

H2Z2

PSG အသင်းသို့ အပြီးသတ်ပြောင်းရွှေနိုင်ရန် ကြိုးစားသွားမည်ဟု အီကာဒီ ဆို

အာဂျင်တီးနားတိုက်စစ်မှူး အီကာဒီက PSG အသင်းသို့ အပြီးသတ်ပြောင်းရွှေခွင့် ရရန် မိမိအနေဖြင့် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် (၂၆)နှစ်အရွယ်ရှိ အီကာဒီသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေကာလအတွင်းက အင်တာမီလန်အသင်းမှ PSGအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေခဲ့သူဖြစ်သည်။

အီကာဒီသည် ယခုရာသီတွင် PSG အသင်း၌ ခြေစွမ်းပြနေပြီး မိမိအနေဖြင့် ယခုရာသီကုန်တွင် PSG အသင်းသို့ အပြီးသတ်ပြောင်းရွှေလိုကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အီကာဒီက မိမိအနေဖြင့်အင်တာမီလန်အသင်းတွင် အလွန်ရှုပ်ထွေးသည့် အနေအထားနှင့် ရင်ဆိုင်ခဲ့ရပြီး PSGအသင်း အားကစားဒါရိုက်တာဖြစ်သူ လီယိုနာဒို ကြောင့် PSG အသင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

PSG အသင်းသည် အသင်းတွင် ခြေစွမ်းပြနေသည့် အီကာဒီကို အပြီးသတ်ခေါ်ယူမည်ဆိုပါက အင်တာမီလန်အသင်းကို ယူရိုသန်း (၆၀) ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

အီကာဒီသည် ယခုရာသီတွင် PSGအသင်းအတွက် ပြိုင်ပွဲစုံ (၈)ပွဲကစားရာ၌ (၇)ဂိုး သွင်းယူပေးထားသည်။

H2Z2



ကုန်သွယ်ရေးဆိုင်ရာတွင် အမေရိကန်နှင့် တရုတ်တို့ အပြုသဘော တိုးတက်မှုများရှိခဲ့

ကုန်သွယ်ရေးသဘောတူညီချက် အသေးစားကို တရားဝင်ဖြစ်စေရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် တရုတ်ထိပ်တန်းတာဝန်ရှိသူများသည် အပြုသဘောဆောင်သောတိုးတက်မှုများရရှိခဲ့ကြောင်း အရိပ်အမြွက်ပြောကြားခဲ့သည်။

တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲနှင့် အမေရိကန်ကုန်သွယ်ရေး အထူးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာ၊ ဘဏ္ဍာရေးဝန်ကြီး စတီဗ်အမ်နူချင်တို့သည် တယ်လီဖုန်းနှင့် စကားပြောခဲ့ကြပြီး ယင်းဆွေးနွေးမှုသည် အပြုသဘောတိုးတက်မှုများရရှိခဲ့ကြောင်း နစ်တက် စလုံးကပြောခဲ့သည်။ အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ကြေညာခဲ့သော မိန်နီသဘောတူညီချက်နှင့် ပတ်သက် ပြီး အသေးစိတ်ကိုမသိရသေးပေ။

ထရန့်သည် ယခုလအတွင်း ချိလီတွင် တရုတ်သမ္မတ ရှီကျင်ပင်းနှင့် တွေ့ဆုံပြီး ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားခဲ့သည်။ ယခုအခါပျက်ပြားသွားခဲ့ပြီဖြစ်သည်။ တရုတ်နှင့်စေ့စပ်ညှိနှိုင်းမှုများသည် ရှေ့သို့ရွေ့နေကြောင်း ထရန့်ကပြောကြားခဲ့ပြီး သဘောတူညီချက်ကို အပြီးသတ်မရရှိမီ အသေးစိတ်ကိုထုတ်ပြန်မပေးလိုကြောင်း သူက အကြိမ်ကြိမ် ပြောကြားထားသည်။

အဓိကကျသည့် အကြောင်းအရာများကို ဖြေရှင်းရန် နှစ်ဖက်ဆွေးနွေးမှုများသည် မူအားဖြင့် သဘောတူညီ သည့်အခြေအနေသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း နောက်ထပ်ဆွေးနွေးမှုများအတွက် စီစဉ်ရန်များကိုဆွေးနွေးခဲ့ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်ဥာဏ်ပစ္စည်းမူပိုင်ခွင့်အား ကာကွယ်ရေးနှင့် နည်းပညာများ လွှဲပြောင်းပေးရန် ဖိအားပေးခံရသည့်ကိစ္စများကဲ့သို့ အကြောင်းအရာများကို ဒုတိယအဆင့်မတိုင်မီအထိ ဆွေးနွေးမည်မဟုတ်ကြောင်း သိရသည်။ REF: AFP

အီရတ်သမ္မတက ရွေးကောက်ပွဲ စောချိန်ကျင်းပမည်

ဆန္ဒပြမှုများအား တုံ့ပြန်မှုအဖြစ် အီရတ်သမ္မတ ဘာဟမ်ဆာလက်က ရွေးကောက်ပွဲအား စောချိန် ကျင်းပမည်ဟုကတိပြုခဲ့သော်လည်း ဆန္ဒပြသူများက ထိုကတိပြုမှုသည် နိုင်ငံရေးဆိုင်ရာ အလုံးစုံပြုပြင်ပြောင်းလဲရန် အတွက် ၎င်းတို့၏တောင်းဆိုချက်များကို ပြည့်မီခြင်း မရှိဟုပြောကြားခဲ့ကြသည်။ ဝန်ကြီးချုပ်က ရာထူးမှ နုတ်ထွက်ရန်ဆန္ဒရှိနေပြီး လက်သင့်ခံနိုင်သောအပြောင်းအလဲတစ်ခုအတွက် သဘောတူညီချက်တစ်ခု ရရှိနိုင်ရေးလုပ်ဆောင်ကြရန် နိုင်ငံရေးပါတီများအား တိုက်တွန်းခဲ့ကြောင်း ဆာလက်ကပြောကြားခဲ့သည်။ မဲပေးမှုဥပဒေသစ်နှင့် ရွေးကောက်ပွဲကော်မရှင်တို့အတွက် သဘောတူညီချက်ရရှိသည်နှင့်တစ်ပြိုင်နက် ရွေးကောက်ပွဲများအား စောချိန်ကျင်းပသွားမည်ဖြစ်ကြောင်း ဆာလက်ကကတိပြုခဲ့သော်လည်း ၎င်း၏မိန့်ခွန်းသည် ဆန္ဒပြသူများကျေနပ်စေရန် စွမ်းဆောင်နိုင်ခဲ့ပုံမရပေ။ ဝန်ကြီးချုပ်နုတ်ထွက်မှုသည် ဖြေရှင်းမှုတစ်ခုမဟုတ်ဘဲ ဖြေရှင်းမှု၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း၊ ပြဿနာသည် အဓွဒယ်မာဒီ၏ပြဿနာမဟုတ်ဘဲ အာဏာရပါတီများ၏ ပြဿနာဖြစ်ကြောင်း အသက် ၄၉ နှစ်ရှိ ဟေဒါကာဇင်းက ပြောကြားခဲ့သည်။

အလုပ်လက်မဲ့ဖြစ်မှုနှင့် အကျင့်ပျက်ခြစားမှုတို့အား မကျေနပ်မှုများမှတစ်ဆင့် အောက်တိုဘာ ၁ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး အစိုးရအဖွဲ့ပြုတ်ကျရေးအတွက်ပါတောင်းဆိုမှုအထိ ကျယ်ပြန့်ခဲ့သော ဧရာမဆန္ဒပြမှုများအားတုံ့ပြန်ရန် အီရတ်ခေါင်းဆောင်များက အပူတပြင်းကြိုးပမ်းခဲ့ကြသည်။

အစိုးရအဖွဲ့တွင် အလုပ်တစ်ခုရရှိရန် အမြဲလိုလို အဆက်အသွယ်ရှိမှု သို့မဟုတ် လာဘ်ထိုးမှုများမှသာ အောင်မြင်လေ့ရှိသည်။ အီရတ်ငါးဦးလျှင် တစ်ဦးသည် ဆင်းရဲမွဲတေမှု သတ်မှတ်မျဉ်းအောက်နေထိုင်နေရပြီး လူငယ်အလုပ်လက်မဲ့နှုန်းက ၂၅ ရာခိုင်နှုန်းရှိနေသည်။ REF: AFP



ဒေါ်လာ ၂၅ သန်း ဆုကြေးရရှိဖွယ်ရှိနေသည့် IS ခေါင်းဆောင်ကို သုတ်သင်နိုင်ရန် သတင်းပေးခဲ့သူ



အမေရိကန် ကွန်မန်ဒိုများ၏ စီးနင်းတိုက်ခိုက်မှုတစ်ရပ်အတွင်း သေဆုံးခဲ့သည့် IS ခေါင်းဆောင် အဘူဘာကာအယ်ဘဂ္ဂဒက်ဒီ၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ အရေးကြီးသော အသေးစိတ်အချက်အလက်များကို ပေးခဲ့သည့် သတင်းပေးတစ်ဦးသည် ဆုငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းအနက် တချို့တစ်ဝက် သို့မဟုတ်အားလုံးကို ရရှိဖွယ်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြသည်။ အဆိုပါသတင်းပေးသည် IS အဖွဲ့အတွင်း စစ်ဆင်ရေး၌ အကျအနစိမ့်ဝင်ကာ နေရာယူထားနိုင်သူဖြစ်ပြီး ဆီးရီးယားတစ်ဝိုက် ဘဂ္ဂဒက်ဒီ၏ လှုပ်ရှားမှုများအား ကူညီပေးနေသူဖြစ်သောကြောင့် ဆီးရီးယားနှင့် ဘဂ္ဂဒက်ဒီပုန်းခိုနိုင်သည့်နေရာများကို တည်ဆောက်မှုအားလမ်းညွှန်ရန် အထောက်အကူဖြစ်စေခဲ့သည်ဟု ဝါရှင်တန်ပို့စ်ကဖော်ပြသည်။

အမေရိကန် အထူးစစ်ဆင်ရေးကွန်မန်ဒိုများသည် ရဟတ်ယာဉ်များပေါ်မှဆင်းသက်ကာ ၎င်းပုန်းခိုနေသည့်နေရာသို့ ညလုံးပေါက်ထိုးဖောက်ဝင်ရောက်ပြီး လိုဏ်ခေါင်းတစ်ခုအတွင်း ဝင်ရောက်သွားသည့် IS အဖွဲ့ထူထောင်သူနောက်သို့လိုက်ခဲ့ရာ ယင်းတွင် ဘဂ္ဂဒက်ဒီသည် အသေခံဗုံးခွဲသည့်ဝတ်စုံကို ဖောက်ခွဲလျက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခြင်းဖြစ်သည်ဟု အမေရိကန်၏ စစ်ဆင်ရေးဖော်ပြချက်အရသိရသည်။

သတင်းပေးသည် ဘဂ္ဂဒက်ဒီ၏ လှုပ်ရှားမှုများကို သိရှိရုံမျှမက ဆီးရီးယားရှိဘဂ္ဂဒက်ဒီ၏ နောက်ဆုံးပုန်းခိုရာနေရာတွင် အခန်းတစ်ခန်းချင်း၏ အနေအထားကိုပါ သိထားသည်ဟု ဝါရှင်တန်ပို့စ်က ဖော်ပြသည်။

ပင်တဂွန်စစ်ဌာနချုပ်သည် IS ခေါင်းဆောင် အဘူဘာကာအယ်ဘဂ္ဂဒက်ဒီကို သေဆုံးစေခဲ့သည့် အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုနှင့် ပတ်သက်သော ဓာတ်ပုံနှင့် ဗီဒီယိုများကို အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် ယင်းပုံများထဲတွင် ဘဂ္ဂဒက်ဒီပုန်းခိုနေသော ဆီးရီးယားအနောက်မြောက်ပိုင်းရှိ နံရံမြင့်မြင့်ကာထားသည့် ဝင်းတစ်ခုအတွင်း ခြေလျင်ချဉ်းကပ်လာနေသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အဖြူအမည်း ဝါးတားတားပုံကိုမြင်ရသော ဗီဒီယိုဖိုင်လည်းပါဝင်သည်။

REF: AFP